မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၃၀)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ စနေနေ့။

စုပေါင်းလုပ်မှ အကျိုးရှိနိုင်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့တခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။ (၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံရေးသဘောတူညီချက်များ ခိုင်ခိုင်မာမာရရှိမှသာ ပြည်ထောင်စုငြိမ်းချမ်းရေးကို အာမခံနိုင်မည်

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က (၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။

ယနေ့ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံ၏သမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်လျှင် တိုင်းရင်းသားပြည်သူ ညီအစ်ကို မောင်နှမများအားလုံးသည် ကာလကြာရှည်စွာ အေးအတူပူအမျှ အခြေချနေထိုင်လာခဲ့ကြပြီး ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ ရပ်တည်ခဲ့ပါသည်။ သို့ရာတွင် မြေပေါ်မြေအောက်သယံဇာတများ ကြွယ်ဝပြီး ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် စာပေမှအစ ဂုဏ်ယူဖွယ်ရာ ထွန်းကားစည်ပင်တိုးတက်သည့် မိမိတို့နိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးကာ သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။ ထိုသို့ ကျရောက်ခဲ့ပြီးနောက် နိုင်ငံတော်၏ မြေပေါ်မြေအောက် သယံဇာတများ ဆုံးရှုံးခြင်း၊ ယဉ်ကျေးမှု၊ စာပေနှင့် ဘာသာစကားများ တိမ်ကောပပျောက်အောင် ကန့်သတ်ခံရခြင်း၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင် သွေးခွဲအုပ်ချုပ်ခြင်းတို့ကို ခံခဲ့ကြရပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် ဗြိတိသျှကိုလိုနီအစိုးရနှင့် ဆွေးနွေးနေစဉ် ရှမ်းပြည်လူထု ခေါင်းဆောင်များက ဦးဆောင်ပြီး တောင်တန်းနှင့်ပြည်မ အတူတကွ လွတ်လပ်ရေးရရှိလိုကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းဒေသများနှင့်ပြည်မ အတူတကွ လွတ်လပ်ရေးရယူကြရန် ရှမ်းပြည်နယ် ပင်လုံမြို့၌ တောင်တန်းဒေသ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီး သဘောတူညီမှုရရှိအောင် ကြိုးပမ်းနိုင်ခဲ့ပါသည်။ ထို့နောက် "ပြည်မနှင့် အတူတကွ ပူးပေါင်းပြီး ကိုလိုနီနယ်ချဲ့ထံက လွတ်လပ်ရေးရယူမည်" ဟူသော ဆုံးဖြတ်ချက်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ချမှတ်နိုင်ခဲ့ပါသည်။

ယင်းသို့ ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် "ရှမ်းပြည်နယ်နေ့"အဖြစ် သတ်မှတ်ခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားကို

၃ ကော်လံ ၁ *

နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအကြား ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၆

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ရီကီလ်ဆွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဦးသန့်ကျော်၊ ဒေါက်တာစန်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❖

ခရီးသွားဧည့်သည်များအတွက် ဘားအံမြို့မှ ကန်သာယာရေကန်

သတင်း
ဝေယံဦး

ဘားအံ ဖေဖော်ဝါရီ ၆

ကရင်ပြည်နယ် ဘားအံမြို့တွင် ကန်သာယာရေကန်က လူသိများသည်။ ကြည် လင်သန့်ရှင်းနေသောရေနှင့် ကန်ရေပြင်တွင်အပျော်စီးလှေငယ်များစီးရင်း ပတ်ဝန်းကျင်အလှကို ခံစားကြည့်ရှုကာ အပန်းဖြေနိုင်ကြရာ ပြည်တွင်းပြည်ပခရီးသွားများလာရောက်ကြလျက်ရှိသည်။

"ခရီးသည်တွေကတော့ ပြည်တွင်းကပိုလာပြီး လှေအပျော်စီးကြတာပေါ့။ နိုင်ငံခြားသားခရီးသည်တွေလည်း အပန်းဖြေလှေလာစီးကြတာ ရှိပါတယ်။ နေ့တိုင်းပိတ်ရက်မရှိဖွင့်ထားတာမို့ ခရီးသွားဧည့်သည်တွေ အခက်အခဲမရှိအောင် စီစဉ်ထားပါတယ်"ဟု ကန်သာယာအပျော်စီး လှေဌားရမ်းစခန်းမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

ကန်သာယာရေကန်တွင် ရေပြင်ကိုဖြတ်သန်းကာ တံတားတည်ဆောက်ပေးထားသဖြင့် ခရီးသွားဧည့်သည်များလမ်းလျှောက်ဖြတ်သန်းကာ အပန်းဖြေကြည့်ရှုနိုင်သည်။ ကမ်သာယာရေကန်ကို ဖြတ်သန်းတည်ဆောက်ထားသည့် တံတားအလယ်တွင် နားနေဆောင်တစ်ဆောင်ကိုပါထည့်သွင်းတည်ဆောက်ပေးထားသဖြင့် ကန်ရေပြင်ကိုဖြတ်သန်းတိုက်ခတ်လာသောလေကို ရှူရှိုက်ရင်း အနားယူနိုင်သည်။

ကန်သာယာရေကန်ကို ဖြတ်သန်းတည်ဆောက်ထားသောတံတားပေါ်မှနေ၍ ဇွဲကပင်တောင်အလှကိုလည်း

စာမျက်နှာ ၉ ကော်လံ ၅ *

ဂျော်ဒန်က အိုင်အက်စ်တို့အား လေကြောင်းမှ စတင်တိုက်ခိုက်

စာမျက်နှာ ❖ ၄

ဗိုလ်ချုပ်အောင်ဆန်းစိတ်ဓာတ် အမွန့်ရှည်တည်တံ့ပါစေသော်

စာမျက်နှာ ❖ ၆

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အလားအလာကောင်းသောနေရာများ မွန်ပြည်နယ်အတွင်း၌ ဖော်ထုတ်မည်

စာမျက်နှာ ❖ ၁၅

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လူတိုင်းပါဝင်

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အစဉ်အလေးထားဆောင်ရွက်လျက်ရှိသည့် နိုင်ငံဖြစ်ပါသည်။ မူးယစ်ဆေးဝါးသည် လူသားတစ်ရပ်လုံးအတွက်လူညွန့်တုံးစေသည့်အလျောက် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ အထိ မူးယစ်ဆေးဝါးပပျောက်ရေးစတုတ္ထငါးနှစ်စီမံကိန်းချမှတ်ကာ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့်အခြားအဖွဲ့အစည်းများပူးပေါင်းပါဝင်ရေးနှင့် နိုင်ငံတကာပူးပေါင်းပါဝင် ဆောင်ရွက်ရေးစသည့် လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ အသေးစိတ်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ဤနေရာတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းသည် လူတိုင်းပါဝင်နိုင်သည့်အနေအထားဖြစ်ပါသည်။ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပြည်သူတစ်ဦးချင်း၊ တစ်ယောက်ချင်းအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေ ၂၀ အရ "မည်သူမဆို အများပြည်သူတို့ ဝင်ထွက်သွားလာနိုင်သည့်နေရာတွင် မိမိ၏ရှေ့မှောက်၌ ပြစ်မှုကျူးလွန်နေသည်ကို တွေ့ရှိသည့်အခါ ရာဇဝတ်အမိန့်မပါဘဲ ထိုပြစ်မှုကျူးလွန်သူအား ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်းပြုလုပ်နိုင်သည်။ ဖမ်းဆီးထားမှုအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ စနစ်တကျ လွှဲပြောင်းရမည်ဖြစ်ပါသည်။ ရဲတပ်ဖွဲ့ဝင်မရှိလျှင် ထိုသူအားသက်သေခံပစ္စည်းများနှင့်တကွ အနီးဆုံးရဲတပ်ဖွဲ့စခန်းသို့ စနစ်တကျ ချက်ချင်းလွှဲအပ်ရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

ဤဥပဒေအရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် လူတိုင်းပါဝင်ဆောင်ရွက်နိုင်ကြောင်း တွေ့ရပေသည်။ မူးယစ်ဆေးဝါးသုံးစွဲနေသူအား တားဆီးခြင်း၊ ဖမ်းဆီးခြင်းများ ပြုလုပ်နိုင်သည့်အနေအထားဖြစ်ပါသည်။ တစ်နည်းအားဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် လူတိုင်းပါဝင်နိုင်ပါသည်။

ယခုအခါ လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှု ပိုမိုများပြားလာကြောင်း ကြားသိနေရသည်။ မိမိတို့နှင့်သိကျွမ်းသည်ဖြစ်စေ၊ မသိကျွမ်းသည်ဖြစ်စေ မူးယစ်ဆေးဝါးအန္တရာယ်မှ တားဆီးပေးရန် လူတိုင်းတွင်တာဝန်ရှိပါသည်။ ဤသို့တားဆီးပေးခြင်းကပင် ထိုလူငယ်အား မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် လူညွန့်တုံး သေဆုံးရမည့်အန္တရာယ်မှ ကယ်တင်ပေးလိုက်ခြင်းဖြစ်ပါသည်။ မူးယစ်ဆေးဝါးကြောင့် ကျခံရမည့်ပြစ်ဒဏ်တစ်စုံတစ်ရာထက် အသက်ဆုံးရှုံးမည့်အန္တရာယ်က ပို၍ကြီးမားပါသည်။ သို့ပါ၍ မိမိ၏အသိမိတ်ဆွေ၊ သူငယ်ချင်း မူးယစ်ဆေးဝါးသုံးစွဲနေခြင်းများရှိပါက လျစ်လျူရှုမထားသင့်ဘဲ အမြန်ဆုံးကယ်တင်ပေးပါ။ ထို့ကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် လူတိုင်းပါဝင်သင့်ပါကြောင်း။

ပြည်တွင်းသတင်း

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေး ဦးတည်ချက်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
၂။ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံး ပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။
၃။ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင်တည်ဆောက်ရေး။
၄။ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်အတူတကွပူးပေါင်းနေထိုင်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

ပြည်ချစ်ပန်း

♦ ဗိုလ်ချုပ် ဗိုလ်ချုပ် တို့ဗိုလ်ချုပ်
ဗိုလ်ချုပ်အောင်ဆန်း ပြည်ချစ်ပန်း
မမေ့နိုင်ဘူးလွမ်း။

♦ ပြည်ချစ်ပန်း ဗိုလ်ချုပ်ကို
လေးစားချစ်ကြည်ညို
ဗိုလ်ချုပ်လို သတ္တိမွေး
ကိုယ်ကျိုးစွန့်ပါလေး။

♦ လွတ်လပ်ရေးကြီးရခဲ့တာ
ဗိုလ်ချုပ်ကျေးဇူးပါ
နယ်ချဲ့မိစ္ဆာ တိုက်ထုတ်မောင်း
ဗိုလ်ချုပ်သူရဲကောင်း။

♦ သူရဲကောင်းကြီး ဗိုလ်ချုပ်နှယ်
ဖြစ်အောင် ကြိုးစားကွယ်။
နိုင်ငံ့ရန်စွယ် ကာကွယ်ရေး
ဗိုလ်ချုပ်စိတ်ဓာတ်မွေး။ ။

(ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ်(၁၀၀)ပြည့်ကို ဂုဏ်ပြုလျက်)

ရေနံ့သာမောင်ကျော်ညွန့်

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ကျင်းပ

ညောင်တုန်း ဖေဖော်ဝါရီ ၆

မြန်မာ့အာဇာနည်သူရဲကောင်း၊ လွတ်လပ်ရေးဗိသုကာ၊ တပ်မတော်၏ဖခင်၊အမျိုးသားခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်ပွဲများကို ညောင်တုန်းမြို့နယ်တွင် ဇန်နဝါရီလကုန်ပိုင်းမှ စတင်၍ ကျင်းပလျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ညောင်တုန်းမြို့(၂၁)လမ်း ရင်ပြင်မဏ္ဍပ်တွင် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကျောင်းသား ကျောင်းသူများ၏ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် ဖျော်ဖြေရေးအဖွဲ့များက ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်အဖြစ် ညောင်တုန်းမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ဖြစ်မြောက်ရေးကိုပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်တုန်း)

ရေမြောင်းများပိတ်ဆို့၍ လမ်းမပေါ် ရေစီးဝင်

ထင်သာမြင်သာပြုပြင်စရာ

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ပန်းတိမ်ရပ်ကွက် ရန်အောင်မြင်ဘုရားလမ်းပေါ်ရှိ ရေနုတ်မြောင်းသည်ပိတ်ဆို့၍ ရေစီးရေလာကောင်းမွန်မှုမရှိသဖြင့် လမ်းပေါ်သို့ ရေကျော်ကာလမ်းများ ပျက်စီးခြင်း အနံ့အသက်မကောင်းသော ရေဆိုးများ လမ်းပေါ်သို့ရောက်ရှိနေသည့်အပြင် လမ်းမပေါ်၌ပင် ကားရေဆေးသူများလည်း ရှိနေပါသည်။

ထို့အတူ ရှမ်းဝိုင်းရပ်ကွက် မြကျွန်းသာလမ်းအရှေ့ထိပ်တွင် ဘော်ဒါဆောင်မှ သုံးစွဲစွန့်ပစ်နေသော ရေဆိုးများသည် လမ်းမပေါ်၌ ဗွက်အိုင်ဖြစ်ကာ ပတ်ဝန်းကျင်နေပြည်သူများအတွက် အနှောင့်အယှက်ဖြစ်ရပါသည်။ အဆိုပါလမ်းများသည် ရန်အောင်မြင်ဘုရား၊ မြို့မဈေး၊ ကျောင်းအစရှိသည့် အချက်အချာကျသောနေရာများသို့ နေ့စဉ်နှင့်အမျှ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား ကျောင်းသူများ သွားလာနေသော လမ်းဖြစ်ခြင်းကြောင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် သက်ဆိုင်ရာမှ ပြုပြင်နိုင်ပါရန် ထင်သာမြင်သာမှ တင်ပြလိုက်ပါသည်။ **သီလဝသား**

နိုင်ငံသား စိစစ်ရေးကတ်ပြားများပေးအပ်

ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၆

မိုးပွင့်အထူးစီမံချက်အရ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း မြို့နယ်အတွင်းရှိ ရခိုင်မျိုးနွယ်စု မရမာကြီးတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်လဝက ဦးစီးမှူးက ရခိုင်မျိုးနွယ်စု မရမာကြီးတိုင်းရင်းသား ၁၆၁ ဦး၏ နိုင်ငံသား စိစစ်ရေးကတ်ပြား ၁၆၁ ကတ်ကို ပေးအပ်ခဲ့သည်။ မရမာကြီးလူမျိုးတို့သည် မြန်မာနိုင်ငံ တိုင်းရင်းသားမျိုးနွယ်စုဝင် ၁၃၅ မျိုးတွင် ရခိုင်မျိုးနွယ်စုဝင် တိုင်းရင်းသား လူမျိုးများဖြစ်သည်။ အိန္ဒိယနိုင်ငံ (ဟိမဝန္တာတောင်ခြေဝန်းကျင် မဇ္ဈိမဒေသဂင်္ဂါမြစ်ဝှမ်းမြောက်ပိုင်း ဂင်္ဂါမြစ်ဝှမ်းအရှေ့ပိုင်းဒေသ ကောလိယ၊ ကပ္ပိလဝတ်၊ ဒေဝဒဟ စသည်ဖြင့် မဂဓဒေသဖွားသက္က-သာကီယနွယ်ဝင်-ခတ္တိယလူမျိုးနှင့် ယှက်နွယ်ဆင်းသက်ပေါက်ဖွားလာသော (KSTRIYAS RAJBANSI) ခတ္တိယရာဇာဘောင်ရှိမရမာကြီး ဗုဒ္ဓဘာသာဝင်လူမျိုးဖြစ်ပြီး ရတနာသုံးပါးကို သက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်လာသော ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဖြစ်ကြောင်း လေ့လာသိရှိရသည်။

ညသူ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၅၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၄၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၅၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၆၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၆၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၈၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၇၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၂၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၄၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၅၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၆-၁၀၃၀
ဥရောပ	တစ်ယူရို	၁၁၈၀-၁၁၉၆
စင်ကာပူ	တစ်ဒေါ်လာ	၇၆၅-၇၈၀
ထိုင်း	တစ်ဘတ်	၂၉.၆-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၅-၃၃၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၅၀၀-၁၈၀၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၆၀၀၀-၁၆၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၈၅၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၄၃
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၆၀-၃၂၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၆၀၀-၂၆၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၅၄၀-၁၅၅၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၈၀-၆၃၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၅၀၀-၂၇၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၂၀၀-၅၃၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

✻ *ရှေ့ဖုံးမှ*

နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၆၈)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိရာ ခေတ်အဆက်ဆက် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်ကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင်တစ်ခုတည်းသောနည်းလမ်းသည် နိုင်ငံရေးဆွေးနွေးပွဲသာဖြစ်သည်ဟု မိမိတို့အလေးအနက်ယုံကြည်ပါသည်။ ယင်းဆွေးနွေးမှုများမှ နိုင်ငံရေးသဘောတူညီချက်များ ခိုင်ခိုင်မာမာရရှိမှသာ ရေရှည်တည်တံ့ခိုင်မြဲသည့် ပြည်ထောင်စုငြိမ်းချမ်းရေးကို အာမခံနိုင်မည်ဖြစ်ပါသည်။ နိုင်ငံရေးဆွေးနွေးပွဲများ အမြန်ဆုံး စတင်နိုင်ရန်အတွက် နှစ်ပေါင်းခြောက်ဆယ်ကျော် ပစ်ခတ်တိုက်ခိုက်မှုများကို ဦးစွာပထမ ရပ်စဲနိုင်ရန်လိုအပ်ပါသည်။ ထိုသို့ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲသွားစေရေးအတွက် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။ မည်သည့်အစိုးရ တာဝန်ယူသည်ဖြစ်စေ မိမိတို့အစပျိုးခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ခိုင်မာသည့် အုတ်မြစ်များ ချမှတ်ပေးရန်တာဝန်ရှိသည်ဟုလည်း ခံယူထားပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ဆက်နွှယ်နေသည့်အလျောက် ငြိမ်းချမ်းရေး တည်ဆောက်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သွေးစည်းညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်

ပြည်သူတို့၏ တူညီသောဆန္ဒနှစ်ခုဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သွေးစည်းညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ ထို့အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင် ရှမ်းပြည်နယ်အတွင်း ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနှင့်အတူ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ပြန်လည်ကျင်းပရေးအကြိုညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၆

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ပြန်လည်ကျင်းပရေး အကြိုညှိနှိုင်းခြင်းကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် နိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက် (National Network for Education Reform- (NNER)မှ ဒေါက်တာသိန်းလွင်တို့သည် ဖေဖော်ဝါရီ ၁၂ ရက်နောက်ပိုင်းတွင် ဆွေးနွေးပွဲ အမြန်ဆုံးကျင်းပနိုင်ရေးတို့အတွက် တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ NNER နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ ကျောင်းသား ကျောင်းသူများတို့မှ အဖွဲ့ဝင်ကိုယ်စားလှယ်များ ဆွေးနွေးကြရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာတွေ့ဆုံဆွေးနွေးကြပြီး လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို ဆောလျင်စွာ ပြန်လည်ကျင်းပနိုင်ရေး၊ အစည်းအဝေးကျင်းပမည့်နေရာနှင့် အစည်းအဝေးအစီအစဉ်များ အသေးစိတ် ထပ်မံဆွေးနွေးနိုင်ရေးအတွက် ဖေဖော်ဝါရီ၉ ရက် မွန်းလွဲ ၂ နာရီတွင် ထပ်မံတွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

ယနေ့တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မင်း၊ NNER မှ ဒေါက်တာသိန်းလွင်နှင့် ဒေါ်သူသူမာတို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

❐ *ကျောဖုံးမှ*

တစ်ဝိုက်ရှိ မြန်မာ့သမိုင်းနှင့် ဗုဒ္ဓဘာသာသမိုင်းတို့တွင် အထင်ကရရှိခဲ့သော ရွှေတိဂုံဘုရားလမ်း ပတ်ဝန်းကျင်နေရာများ၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် Shwe Taung Hyday Development ကုမ္ပဏီ၊ Thu Kha Yadanar ကုမ္ပဏီ၊ Megra Landmark Development ကုမ္ပဏီ၊ Shwe Taung Development ကုမ္ပဏီနှင့် Adventure Myanmar Tour and Incentives ကုမ္ပဏီတို့မှ စုစုပေါင်း မြေဧက ၄၉ ဒသမ ၆၅၈၄ ဧကတို့တွင် တည်ဆောက်မည့် စီမံကိန်းများနှင့် ကမ္ဘာအေးဘုရားလမ်း အမှတ် ၆၁-၆၃တို့၌ တည်ဆောက်မည့် အဆင့်မြင့် အဆောက်အအုံ စီမံကိန်းများကို ခေတ္တဆိုင်းငံ့ကာ ကွင်းဆင်းစစ်ဆေးရေးများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"တည်ဆောက်ရေး လုပ်ငန်းတွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အားကောင်းလာတာကို ကြိုဆိုပါတယ်။ ဒါမှလည်း ကျွန်တော်တို့အတွက် နေထိုင်မှုအဆင့်အတန်း မြင့်မားလာပြီး လုပ်သားတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါ်များလာမှာပါ။ မြန်မာလူငယ် အင်ဂျင်နီယာတွေ အတွက်လည်း အတွေ့အကြုံတွေ အများကြီးရကြမှာပါ။ ဒါပေမယ့် စနစ်ကျပြီး ပွင့်လင်းမြင်သာတဲ့ တည်ဆောက်မှုတော့ ဖြစ်ရမှာပါ။ လုပ်ငန်းရပ်ဆိုင်းတယ်ဆိုတာက လုပ်ကိုင်ခွင့်တွေ ဆုံးရှုံးအောင် ပိတ်တာမျိုးမဟုတ်ပါဘူး။ ပတ်ဝန်းကျင်ထိခိုက်မှု ရှိ မရှိဆိုတာ စစ်ဆေးဖို့အတွက် ဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ ချိတ်ဆက်နေတဲ့ လုပ်ငန်းကြီးတွေ ဖြစ်တာကြောင့် စစ်ဆေးခံနိုင်မှာပါ။ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ အပါအဝင် စိစစ်ရေးပညာရှင်တွေက ကွင်းဆင်းစစ်ဆေးပြီးသွားရင် လုပ်ကိုင်ခွင့်ပြန်လည်ခွင့်ပြုပေးမှာဖြစ်ပြီး လိုအပ်တဲ့ အကြံဉာဏ်တွေကိုလည်း လုပ်ငန်းတွေထံ ပေးအပ်သွားမယ်" ဟု အဆိုပါကွင်းဆင်းအဖွဲ့တွင် ပါဝင်ဆောင်ရွက်မည့် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမျိုးသားစာပေဆုရှင်၊ အင်ဂျင်နီယာ ပညာရှင်တစ်ဦးဖြစ်သော ဒေါက်တာကျော်လတ် အပါအဝင် ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းလုပ်ကိုင်သူများက ရွှေတိဂုံဘုရားပတ်ဝန်းကျင် ယခင် ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့် ပတ်ဝန်းကျင်နေရာများ၌ တည်ဆောက်ရေးလုပ်ကိုင်ခြင်းသည် ရန်ကုန်မြို့လယ်ရှိ စိမ်းလန်းစိုပြည်သော ဂေဟအခြေအနေတစ်ခုကို ထိခိုက်ရာရောက်ကြောင်း ထောက်ပြခဲ့သည့်နောက်ပိုင်း ယခုကဲ့သို့ ကွင်းဆင်းစစ်ဆေးခြင်းများ ပြန်လည်ဆောင်ရွက်ရန် ညွှန်ကြားမှုများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

"တစ်ဖက်မှာလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အားကောင်းဖို့အတွက်ကြိုးပမ်းနေကြရသလို အခြားတစ်ဖက်မှာလည်း ပွင့်လင်းမြင်သာမှုရှိစွာနဲ့ ခွင့်ပြုတည်ဆောက်ကြမယ်ဆိုရင် အကောင်းဆုံးဖြစ်မှာပါ။ ပြန်လည်ကွင်းဆင်းစစ်ဆေးမှာကို ကြိုဆိုပါတယ်။ နိုင်ငံတကာအဆင့်မီ တည်ဆောက်ရေးလုပ်ငန်းကြီးတွေဖြစ်တာကြောင့် အကောင်းဆုံး ညှိနှိုင်းအဖြေရှာကြမယ်ဆိုတာ သေချာပါတယ်။ တိုးတက်ပြီး စိမ်းလန်းတဲ့မြို့တော်ကြီး ဖြစ်လာဖို့အတွက် အားလုံးအဖြေရှာ ညှိနှိုင်းကြဖို့လိုအပ်ပါတယ်" ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဒေါက်တာမြတ်သူရက ပြောကြားသည်။

(မြန်မာ့အလင်း)

✻ *ကျောဖုံးမှ*

ပြိုင်ပွဲကိုသာ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ ရတနာပုံအသင်းသည် အုပ်စု (G)တွင် တောင်တရုတ်(ဟောင်ကောင်)၊ ပါဟန်း(မလေးရှား)၊ ဂလိုဘယ်(ဖိလစ်ပိုင်)တို့နှင့်အတူ ကျရောက်နေပြီး အဖွင့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် မလေးရှားကလပ် ပါဟန်းအသင်းနှင့် အိမ်ကွင်း၌ ကစားရမည်ဖြစ်သည်။

ရတနာပုံအသင်းသည် အိမ်ကွင်းပွဲစဉ်များကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဧရာဝတီအသင်းသည် အိမ်ကွင်းပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ လက်ခံကစားမည်ဖြစ်ပြီး အုပ်စု (H)၌ ပါဆီဘန်ဒေါင်း(သို့) အရီမာ(အင်ဒိုနီးရှား)၊ လာအိုတိုယိုတာ (လာအို)၊ နယူးရေးဒီးယန့် (မော်လ်ဒိုက်)တို့နှင့်အတူ ပါဝင်နေသည်။ ဧရာဝတီအသင်းသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် လာအိုတိုယိုတာအသင်းနှင့် အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

တစ်ချက်တည်းကျင်းဝင်

ရွှေမန်းတောင်ဂေါက်ကွင်း၌ လက်ရွေးစင်ဘောလုံးသမားဟောင်း ဦးရဲလင်း(စိန်မြင့်မိုရ်ကဖေး)သည် ဖေဖော်ဝါရီလ ၂ ရက်က ဒုတိယရဲမှူးကြီး ရှိန်ဝင်း(ငြိမ်း)၊ ဦးဝင်းဆွေ၊ ဦးဇော်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ၁၄၄ ကိုက်ကွာဝေးသော ကျင်းအမှတ် (၆)၌ Titleist No(1) ဂေါက်သီးအား SRIXON Iron No 8 ဂေါက်တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားသဖြင့် ဦးရဲလင်းအား Shining Star Gems & Jewellery မှ ဆုငွေကျပ် တစ်သိန်း၊ United KMK Co.,ltd. မှ ဆုငွေကျပ်တစ်သိန်း၊ Triple Circle Wire & Cable မှ ဆုငွေကျပ်တစ်သိန်း ချီးမြှင့်ခဲ့ပါသည်။

နိုင်ငံတကာသတင်း

တရုတ်စစ်ခွေးများအား အကြမ်းဖက်ဆန့်ကျင်ရေးတွင်သုံးမည်

ပေကျင်း ဖေဖော်ဝါရီ ၆

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) သည် ၎င်းတို့၏ ပုံမှန်စစ်ရေးလေ့ကျင့်နေမှုများအပြင် အကြမ်းဖက်ဆန့်ကျင်တိုက်ခိုက်ရေး လုပ်ငန်းများတွင် ပံ့ပိုးရန် စစ်ခွေးများကို လေ့ကျင့်ပေးသွားမည်ဟု (PLA) နေ့စဉ်သတင်းစာ၌ သောကြာနေ့က ဖော်ပြသည်။

စည်းမျဉ်းအသစ်များအရ စစ်ခွေးများသည် တိုက်ခိုက်ရေးတွင် မရှိမဖြစ် လိုအပ်သည့်အထူးတိုက်ပွဲဝင်များဖြစ်ပြီး အစားမထိုးနိုင်သော စစ်ရေးအရင်းအမြစ်များဖြစ်ကြောင်း PLA စစ်ဦးစီးဌာနမှ အချက်အလက်များကို ကိုးကား၍ သတင်းစာမှ ဖော်ပြထားသည်။ စစ်ခွေးများအား ကျွမ်းကျင်မှုရှိအောင် သားဖောက်ခြင်း၊ အစာကျွေးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်မည့်နည်းလမ်းများကို စည်းမျဉ်းသတ်မှတ်၍ ရှင်းလင်းစွာပြဋ္ဌာန်းထားသည်။ ခွေးများအား ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားပေးမှုနှင့် လက်တွေ့အသုံးချမှုကိုလည်း ဖွင့်ဆိုထားသည်။

စစ်ရေးသုံးခွေးများနှင့်လေ့ကျင့်ပေးသူများအား စစ်ရေးစွမ်းဆောင်ရည်ဆုများ ချီးမြှင့်ပေးမည်ဖြစ်သလို ပေးအပ်သော တာဝန်မအောင်မြင်ပါက ပြစ်ဒဏ်ပေးခြင်းများရှိမည်ဟု သိရသည်။ တရုတ်စစ်ခွေးများအားစစ်ရေးမှ အနားပေးပြီးလျှင် ရုပ်ရှင်ရိုက်ကူးမှုများတွင်လည်း အသုံးပြုသွားမည်ဖြစ်သည်ဟု ဂလိုဘယ်တိုင်းမ်် သတင်းစာတွင် ဖော်ပြသည်။ လေ့ကျင့်ရေးစခန်းများ၊ လေဆိပ်များ၊ ဆိပ်ခံတံတားများ၊ ဒုံးပျံစခန်းများ၊ ကုန်လှောင်ရုံများနှင့် ကမ်းရိုးတန်းကာကွယ်ရေးတို့တွင် စစ်ခွေးများကို လက်တွေ့အသုံးချသွားမည်ဟု သိရသည်။ **(ဆင်ဟွာ)**

ဂျပန်က အိုင်အက်စ်တို့အား လေကြောင်းမှ စတင်တိုက်ခိုက်

အမ္မန် ဖေဖော်ဝါရီ ၆

ဂျော်ဒန်နိုင်ငံအနေဖြင့် အိုင်အက်စ်စစ်သွေးကြွများအား ပစ်မှတ်ထားလျက် စတင်တိုက်ခိုက်ခြင်းသည် ဂျော်ဒန်စစ်ဘက် လေယာဉ်မှူး ဖမ်းဆီးခံရပြီး သတ်ဖြတ်ခံရမှုနှင့် စပ်လျဉ်း၍ လက်တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး နက်ဆာဂျူးဒက်က ပြောကြားလိုက်သည်။

ဂျော်ဒန်တို့အနေဖြင့် မိမိလက်ဝယ်ရှိသမျှ စွမ်းအားကိုအသုံးပြု၍ အိုင်အက်စ်တို့ကို တိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်ကြောင်း စီအင်န်အင်န်သို့ ပြောကြားသည်။

ဂျော်ဒန်နိုင်ငံသည် ယခင်က ဆီးရီးယားနိုင်ငံအတွင်း စစ်သွေးကြွများ၏ အခြေစိုက်စခန်းများကို ဗုံးကြဲမှုသာ ပြုလုပ်ခဲ့ကြောင်း၊ သို့သော်လည်း အဆိုပါတိုက်ခိုက်မှုသည် ယခုအခါ အီရတ်နိုင်ငံဘက်သို့ ချဲ့ထွင်တိုက်ခိုက်နေပြီ ဖြစ်ကြောင်း မစ္စတာဂျူးဒက်က ပြောသည်။

ယင်းတိုက်ခိုက်မှုသည် ဂျော်ဒန် လေယာဉ်မှူး မိုယာ့ဇ်အယ်လ်-ကာဆက်ဘက်အား သံလှောင်ချိုင့်တစ်ခုအတွင်း မီးရှို့သတ်ဖြတ်ခဲ့သည့် ဗီဒီယိုထွက်ပေါ်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ကြာသပတေးနေ့ တိုက်ခိုက်မှုအပြီး ဂျော်ဒန်လေယာဉ်များသည် ကာဆက်ဘက်၏ ဇာတိကျေးရွာပေါ်သို့ဖြတ်၍ ပျံသန်းမှုပြုခဲ့ကြသည်။ ယင်းပျံသန်းမှုသည် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ ၂ က ၎င်းလေယာဉ်မှူး၏ မိသားစုများအား တွေ့ဆုံနှစ်သိမ့်အားပေးစကားပြောဆိုရန် သွားရောက်နေစဉ် ပျံသန်းခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

အိုင်အက်စ်အဖွဲ့၏ ခြိမ်းခြောက်မှုကို လစ်ဗျားအရာရှိ သတိပေး

ထရီပိုလီ ဖေဖော်ဝါရီ ၆

အိုင်အက်စ်အိုင်အယ်လ် အကြမ်းဖက်အုပ်စုသည် လစ်ဗျားရှိ နယ်မြေများကို တိုက်ခိုက်နေကြောင်းနှင့် တက်ဖရီအကြမ်းဖက်သမားများကို တိုက်ခိုက်ရာတွင် နိုင်ငံတကာမှ ကိုင်တွယ်ဖြေရှင်းနည်းအသစ်များကို အသုံးပြုရန် လစ်ဗျားထိပ်တန်းအရာရှိတစ်ဦးက သတိပေးပြောကြားခဲ့သည်။

အဆိုပါအိုင်အက်စ် အကြမ်းဖက်အုပ်စုမှာ လစ်ဗျားတွင် ကြီးထွားနေကြောင်းနှင့် ၎င်းအဖွဲ့သည် နေ့စဉ်ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို ကျူးလွန်လျက်ရှိကြောင်း လစ်ဗျားသံအမတ် Aref Ali Nayed က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ယခုသီတင်းပတ်အတွင်း ဝါရှင်တန်နှင့် နယူးယောက်သို့ ရောက်ရှိနေသော လစ်ဗျားထိပ်တန်း သံတမန်တစ်ဦးသည် လစ်ဗျားနိုင်ငံ၏ လုံခြုံရေးနှင့်ပတ်သက်သည့် စိန်ခေါ်မှုအသစ်များကို ဆွေးနွေးမည်ဖြစ်သည်။ လစ်ဗျားနိုင်ငံ၏ ရင်ဆိုင်တိုက်ခိုက်မှုမပါဝင်ဘဲ အီရတ်နှင့် ဆီးရီးယားရှိ အိုင်အက်စ်အဖွဲ့ကို တိုက်ထုတ်ရန်မှာမဖြစ်နိုင်ကြောင်း ၎င်းက သတိပေးခဲ့သည်။

၎င်းအဖွဲ့၏ တိုက်ခိုက်မှုများသည် လစ်ဗျားတွင်သာမက ဥရောပနိုင်ငံများအထိ ပျံ့နှံ့နိုင်ကြောင်းလည်း ၎င်းကသတိပေးခဲ့သည်။ တစ်ကမ္ဘာလုံးရှိ တက်ဖရီအကြမ်းဖက်သမားများကို ချက်ချင်းရင်ဆိုင်တိုက်ခိုက်ရေး နည်းဗျူဟာဖြင့် တိုက်ခိုက်သွားရန် တောင်းဆိုခဲ့သည်။ ၎င်းအဖွဲ့သည် လစ်ဗျားနိုင်ငံ၏ ဒေသအများအပြားတွင် ပြင်းထန်သော တိုက်ခိုက်မှုများပြုလုပ်လျက်ရှိကြောင်း Nayed က ပြောခဲ့သည်။

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီရှိ Corinthia ဟော်တယ်၌ ဇန်နဝါရီ ၂၇ ရက်တွင်ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် လူ ၉ဦးသေဆုံးခဲ့ပြီး ယင်းတိုက်ခိုက်မှုမှာ တက်ဖရီအုပ်စု၏ လက်ချက်ဖြစ်ကြောင်း သိရသည်။ **(ပရက်စ်တီဗွီ)**

ဘိုကိုဟာရမ် တိုက်ခိုက်ရေးတပ်ဖွဲ့ ထူထောင်ရန် တိုက်တွန်း

ဂျီနီဗာ ဖေဖော်ဝါရီ ၆

နိုင်ဂျီးရီးယားနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် ဘိုကိုဟာရမ်တက်ဖရီ စစ်သွေးကြွအုပ်စုကို တိုက်ခိုက်ချေမှုန်းရန် ဒေသဆိုင်ရာ စစ်ဆင်ရေးတစ်ရပ် ထူထောင်သွားရမည်ဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက တိုက်တွန်းလိုက်သည်။

အနောက်နိုင်ငံများနှင့် ဗဟိုအာဖရိကနိုင်ငံများသည် အဆိုပါစစ်သွေးကြွအုပ်စုကို တိုက်ခိုက်ချေမှုန်းရန်အတွက် နိုင်ဂျီးရီးယားကို ကူညီထောက်ပံ့ပေးရန် လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံက တိုက်တွန်းလိုက်ကြောင်း ကြာသပတေးနေ့တွင် ကြေညာချက်ထုတ်ပြန်ထားသည်။ ချဒ်၊ နိုင်ဂျီးရီးယား၊ ကင်မရွန်း၊ နိုင်ဂျာနှင့် ဘီနင်နိုင်ငံတို့မှ တပ်ဖွဲ့ဝင် ၇၅၀၀ ပါဝင်သောတပ်ဖွဲ့ ထူထောင်ရန်အတွက် ကင်မရွန်းမြို့တော်ယောင်ဒီ၌ ကျင်းပသော သုံးရက်ကြာအစည်းအဝေးကို လုံခြုံရေးကောင်စီက ကြိုဆိုထောက်ခံလိုက်သည်။

ပြီးခဲ့သည့်လကုန်ပိုင်းက အာဖရိကသမဂ္ဂ (အေယူ)က လက်မှတ်ရေးထိုးခဲ့သော ယင်းအစီအစဉ်ကို လုံခြုံရေးကောင်စီသို့ ဆက်လက်တင်ပြသွားဖွယ်ရှိသည်။

ဖြန့်ကြက်ထားသော ချဒ်တပ်မတော် တပ်ဖွဲ့ဝင် ၂၅၀၀ ကို ဒေသဆိုင်ရာ တပ်ဖွဲ့သို့ပူးပေါင်းရန် ဆောင်ရွက်မှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချီးကျူးလိုက်သည်။ **(ပရက်စ်တီဗွီ)**

တိုင်ပေတွင်လေယာဉ်ပျက်ကျမှု သေဆုံးသူ ၃၅ ဦးထိ မြင့်တက်ခဲ့

တိုင်ပေ ဖေဖော်ဝါရီ ၆

သောကြာနေ့ နံနက်ပိုင်းက ကီလန်မြစ်အတွင်းမှ အလောင်းလေးလောင်းကို ထပ်မံဆယ်ယူရရှိခဲ့ပြီးနောက် ထရန်စ်အေးရှားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးမှုနှုန်းသည် ၃၅ ဦးထိမြင့်တက်ခဲ့သည်။



ATR72-600 လေယာဉ်သည် ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီ ၅၂ မိနစ်တွင် ဆောင်ရှန်လေဆိပ်မှ ပျံသန်းထွက်ခွာလာပြီး မကြာမီ တိုင်ပေရှိ ကီလန်မြစ်အတွင်းသို့ ပျက်ကျခဲ့သည်။ လေယာဉ်ပျက်ကျပြီး ၄၈ နာရီခန့် အကြာတွင် အလောင်းများကို ကယ်ဆယ်ရေးအဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြသည်။

လေယာဉ်ပေါ်လိုက်ပါလာသူ ရှစ်ဦးမှာ မတော်တဆမှုဖြစ်ပွားပြီး ၂ ရက်ကြာသည့်တိုင်အောင် ပျောက်ဆုံးနေဆဲဖြစ်သည်။ ၁၅ ဦးမှာ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

ထိုင်ဝမ်သို့ အလည်အပတ်ခရီးသွားရောက်ရာမှ ပြန်လာကြသော တရုတ်နိုင်ငံသား ၃၁ ဦးတို့ လေယာဉ်ပေါ်လိုက်ပါလာခဲ့ပြီး ဝမ်းနည်းဖွယ်ဖြစ်ရပ်နှင့် တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။ လေယာဉ်သည် စက်ချွတ်ယွင်းမှုကြောင့် ရုတ်တရက်ပျက်ကျခဲ့ရာ ဝန်ထမ်း ငါးဦးအနက် သုံးဦး သေဆုံးခဲ့သည်ဟု သိရသည်။

(ဘီဘီစီ၊ ပရက်စ်တီဗွီ)

ဘင်္ဂလားဒေ့ရှ် ဆန္ဒပြမှု လေးဦးသေဆုံး

ဒါကာ ဖေဖော်ဝါရီ ၆

ဝန်ကြီးချုပ် ရှိတ်ဟာစီနာကို ဖြုတ်ချရန် အစိုးရဆန့်ကျင်ဆန္ဒပြမှုများ ဘင်္ဂလားဒေ့ရှ်၌ ဖြစ်ပွားလျက်ရှိရာ အကြမ်းဖက်မှုများအတွင်း အရာရှိတစ်ဦးအပါအဝင် လေးဦး သေဆုံးခဲ့သည်။

ဘိုဂရာမြို့မြောက်ပိုင်း ကြာသပတေးနေ့ အစောပိုင်းက ထရပ်ကားတစ်စီးအား ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ယာဉ်မောင်းနှင့် ခရီးသည် သေဆုံးခဲ့ကြောင်း သတင်းရပ်ကွက်များက ဆိုသည်။

ထိုအတောအတွင်း ဆန္ဒပြသူတစ်ဦးသည် ကင်းလှည့်ရဲသားကို ခါတ်ဆီဗုံးဖြင့် ပစ်ပေါက်ခဲ့သည့်အတွက် ရဲတပ်ဖွဲ့က ပစ်ခတ်မှုပြုလုပ်စဉ် သေဆုံးခဲ့ကြောင်း ရဲအရာရှိများက ပြောကြားသည်။

အခြားဖြစ်စဉ်တစ်ရပ်မှာ ပြီးခဲ့သည့်လက ဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာဦးဆောင်သော ဘင်္ဂလားဒေ့ရှ် အမျိုးသားပါတီ(ဘီအင်န်ပီ)ကို ဆန့်ကျင်သော ဆန္ဒပြမှုအတွင်း ရဲအရာရှိတစ်ဦး ဒဏ်ရာရခဲ့ပြီး သေဆုံးသွားခဲ့သည်။ "သူဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၇ ရက်က ရဲကားကို ခါတ်ဆီဗုံးနဲ့တိုက်ခိုက်စဉ် ဒဏ်ရာရရှိတဲ့ ရဲအရာရှိများအနက် တစ်ဦးအပါအဝင်ဖြစ်ပါတယ်"ဟု ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ မာဆူဒါရာမန်က အတည်ပြုပြောကြားသည်။

(ပရက်စ်တီဗွီ)

ပြည်တွင်းသတင်း

မြိတ်မြို့ အောင်မင်္ဂလာဈေးအတွင်းရှိ ရွှေဆိုင်တွင် လုယက်မှုဖြစ်ပွား

မြိတ် ဖေဖော်ဝါရီ ၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု အောင်မင်္ဂလာရပ်ကွက် အောင်မင်္ဂလာဈေး အပြင်ဘက်တန်းရှိ ရွှေဆိုင်တွင် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် လုယက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီခန့်တွင် တော်ဝင်သူ ရွှေဆိုင်တွင် မသင်းသင်းစိုးတို့ ညီအစ်မနှစ်ဦး အတူရှိနေစဉ် ဆိုင်ကယ်တစ်စီးဖြင့် အမျိုးသမီးတစ်ဦးရောက်ရှိလာပြီး ရွှေဝယ်မည်ဟု ပြောဆိုကာ ဆိုင်အတွင်းရှိ ရွှေများအားကြည့်ရှုခဲ့ကြောင်း၊ ထို့နောက် ရွှေထည်ပစ္စည်းတို့ကို ဝယ်ယူမည်ဟု ပြောဆို၍ ကျသင့်ငွေ ရေးမှတ်ခိုင်းခဲ့ရာ အစ်မဖြစ်သူ မသင်းသင်းစိုးက ဘောက်ချာရေးမှတ်ပြီး ကျသင့်ငွေကျပ် ၁၄၄၀၀၀၀ ရှိကြောင်း ဘောက်ချာနှင့်အတူပြပေးစဉ် အဆိုပါ အမျိုးသမီးသည် ဝယ်ယူမည့် ရွှေများအား ရွှေဘူးကြုပ်အတွင်း ထည့်ခိုင်းပြီး ရွှေကြုပ်အားဂင်း၏ ဘေးလွယ်အိတ်အတွင်းသို့ ထည့်ခဲ့ကြောင်း၊ ယင်းနောက် ကျသင့်ငွေရှင်းပေးရန် ပုံစံဖြင့် ဂင်းလွယ်အိတ်အတွင်းမှ အသင့်ယူဆောင်လာသော ဇရုတ်ရည်များဖြင့် မသင်းသင်းစိုးတို့ ညီအစ်မနှစ်ဦး၏ မျက်နှာကိုပက်ခဲ့သောကြောင့် မသင်းသင်းစိုးတို့ ညီအစ်မနှစ်ဦးမှာ မျက်စိ၊ မျက်နှာများ ပူလောင်နေခိုက် အဆိုပါ အမျိုးသမီး ထွက်ပြေးသွားသဖြင့် အနီးပတ်ဝန်းကျင်လူများမှ ဝိုင်းဝန်းဖမ်းဆီးခဲ့ပြီး လုယက်ခဲ့သော ရွှေထည်ပစ္စည်းများ ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လုယက်သူ၏ လက်အတွင်းမှ အလေးချိန် ၅ မူးသားခန့်ရှိ ငါးရိုးပုံ ၉၆၅ ရှမ်းရွှေကြိုးနှစ်ကုံး (တန်ဖိုးငွေကျပ် ၆၃၀၀၀၀)၊ အလေးချိန်တစ်ကျပ်သားရှိ ငါးရိုးကြိုး ၉၆၅ ရှမ်းရွှေဆွဲကြိုးတစ်ကုံး (တန်ဖိုးငွေကျပ် ၆၃၀၀၀၀)၊ အလေးချိန် တစ်မူးသားခန့်ရှိ ၉၆၅ ရှမ်းရွှေ ကာလာလက်စွပ်တစ်ကွင်း(တန်ဖိုးငွေကျပ် ၉၀၀၀၀)၊ အလေးချိန် တစ်မူးသားခန့်ရှိ ၉၆၅ ရှမ်းရွှေ နားဆွဲကြိုးပုံတစ်ရန် (တန်ဖိုးငွေကျပ် ၉၀၀၀၀)တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရွှေထည်များလုယူခဲ့သော လဲ့လဲ့မော်(၄၅ နှစ်) စန္ဒဝတ်ကျေးရွာ (အရှေ့ပိုင်း) စန္ဒဝတ်ကျေးရွာအုပ်စု မြိတ်မြို့နေသူအား ဦးနိုင်လင်း (တော်ဝင်သူရွှေဆိုင်)က မြိတ်မြို့မ ရဲစခန်းသို့ တိုင်ကြားသဖြင့် မြိတ်မြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက် ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများ လုံခြုံစိတ်ချစေရေးအတွက် မြို့တော်ဗန်ကောက်ရှိ မြန်မာသံရုံးက အထူးသတိပေးနှိုးဆော်

ဗန်ကောက် ဖေဖော်ဝါရီ ၆

ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ လုံခြုံစိတ်ချစေရေးအတွက် ဗန်ကောက်ရှိ မြန်မာသံရုံးက ဖေဖော်ဝါရီ ၆ ရက်ပါရက်စွဲဖြင့် အထူးသတိပေးနှိုးဆော်လိုက်ကြောင်း မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင်ဖြစ်သည့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့(Myanmar Association in Thailand)မှ ပြန်ကြားရေးတာဝန်ခံ ကိုစောမောင်၏ ဆက်သွယ်ပြောပြချက်အရသိရသည်။

အဆိုပါ သတိပေးနှိုးဆော်ချက်များအရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့လယ်ရှိ Siam Paragon ကုန်တိုက်အနီး၌ ဖေဖော်ဝါရီ ၂ ရက် ညပိုင်းက ပုံးနှစ်လုံးပေါက်ကွဲခဲ့မှုကြောင့် လူနှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် သက်ဆိုင်ရာ အာဏာပိုင်များက ကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေးစုံစမ်းလျက်ရှိကြောင်း၊ ထို့ကြောင့် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသော မြန်မာနိုင်ငံသားအလုပ်သမားများအနေဖြင့် လူစည်ကားရာကုန်တိုက်များ၊ ဈေးဝယ်စင်တာများ၊ ဘတ်စ်ကားဂိတ်နှင့် ဘူတာရုံများ၌ အချိန်ကြာမြင့်စွာ စုဝေးသွားလာနေထိုင်ခြင်းမပြုကြရန်၊ သတိပြုနေထိုင်ကြရန် ဗန်ကောက်ရှိ မြန်မာသံရုံးက ဖေဖော်ဝါရီ ၆ ရက်က သတိပေးနှိုးဆော်ထုတ်ပြန်ထားကြောင်း သိရသည်။

စိုးဝင်း(SP)

မြောက်ဥက္ကလာပမြို့နယ် နွယ်သာကီ(၃)လမ်း၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၆

မြောက်ဥက္ကလာပမြို့နယ်(က)ရပ်ကွက် နွယ်သာကီ(၃)လမ်း၌ ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းကမီးလောင်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ မြောက်ဥက္ကလာပမြို့နယ်(က)ရပ်ကွက် နွယ်သာကီ(၃)လမ်း၌ ဖေဖော်ဝါရီ ၅ ရက်ညနေ ၅ နာရီ ၁၅မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်သုံးလုံးသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်းနှင့်ပတ်ဝန်းကျင်ရှိ ပြည်သူများ၊ မီးသတ်ယာဉ်များနှင့် တာဝန်ရှိသူများရောက်ရှိငြိမ်းသတ်ခဲ့သဖြင့် ၁၂ မိနစ်အကြာတွင် မီးညွန့်ကျိုးခဲ့ကြောင်း သိရသည်။

တင်လှမောင်

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်

နေပြည်တော် ဖေဖော်ဝါရီ ၆

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပါမောက္ခချုပ်ဖလား အမျိုးသား ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၅ ရက်ထိ ယင်းတက္ကသိုလ် ဘောလုံးကွင်း၌ ကျင်းပခဲ့ရာ ယမန်နေ့က ဗိုလ်လုပွဲ ယှဉ်ပြိုင်ရာတွင် နောက်ဆုံးနှစ်အသင်းက တတိယနှစ်အသင်းကို အနိုင်ရရှိခဲ့သဖြင့် ဆုရအသင်းများနှင့် အကောင်းဆုံး ကစားသမားဆုများကို ပါမောက္ခချုပ်နှင့် အားကစား/ကာယ ပညာကော်မတီတို့မှ ဆရာ ဆရာမများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(မြန်မာ့အလင်း)

လက်လုပ်လေသေနတ်ကိုင်ဆောင်ပြီး မူးယစ်ရမ်းကားသူအား အရေးယူ

ချောင်းဆုံ ဖေဖော်ဝါရီ ၆

ချောင်းဆုံမြို့နယ် ကမနင်းကျေးရွာ ရှမ်းစုရပ်ကွက် အကွက်(၁၀)တွင်နေထိုင်သူ ကျော်စွာဝင်း(ခ)အဝင်း (၂၉ နှစ်)သည် ဖေဖော်ဝါရီ ၅ ရက် ည ၈ နာရီက အရက်သေစာသောက်စားပြီး လိုင်စင်မဲ့လေသေနတ် ကိုင်ဆောင်ကာ မူးယစ်ရမ်းကားနေသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးမင်းစိုးနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်ဖမ်းဆီးခဲ့ရာ လက်လုပ် လေသေနတ်တစ်လက်၊ သံဘောစေ့ငယ် ၂၆၄ လုံး၊ သံဘောစေ့ငယ်များထည့်ရာတွင် အသုံးပြုသည့် သံဘူးဝိုင်း သုံးဘူးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ လိုင်စင်မဲ့ လက်နက်ကိုင်ဆောင်မှုနှင့် ပတ်သက်၍ ကျော်စွာဝင်းအား မြို့နယ်ရဲစခန်းမှ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)



ခင်ဦးမြို့နယ်၌ အိမ်လေးလုံး မီးလောင်မှုဖြစ်ပွား

ခင်ဦး ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် တာတိုင်ကျေးရွာတွင် ဖေဖော်ဝါရီ ၆ ရက် နံနက် ၂ နာရီက လူနေအိမ်လေးလုံးမီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ခင်ဦးမြို့နယ် တာတိုင်ကျေးရွာ ဦးအုန်းတင့်နေအိမ် မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်ကို မီးလောင်ကျွမ်းပြီး အနီးရှိ ဦးချစ်ရင်၊ ဦးချစ်လှိုင်၊ ဒေါ်ဆိတ် နေအိမ်များပါမီးကူးစက်လောင်ကျွမ်းခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းနှင့်အဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများမှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၃ နာရီတွင် မီးငြိမ်းကြောင်း သိရသည်။

ခင်ဦးစိုးဝေ

မီးဘေးရှောင် မလောင်ခင်တား

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်ပဏာမ
အောင်လျှင်ဗိုလ်ရွေးဖြေနိုင်ရန်
အနီးကပ် (၅)/(၇)ရက် အပြတ်သင်တန်း ၃၂/ဉာဏသုခလမ်း၊
၂(က)စံပြ၊ မင်္ဂလာဒုံ၊ ဖုန်း-၀၉-၂၅၄၃၇၆၂၇၂၊ ၀၉-၇၃၀၆၁၈၅၀

သင်တန်းသားခေါ်ယူခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ Myanmar International Cooperation Agency (MICA)အစီအစဉ်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းဆီးလုပ်ငန်းဆောင်ရွက်လျက်ရှိသော ငါးဖမ်းရေယာဉ်များပေါ်တွင် လိုက်ပါတာဝန် ထမ်းဆောင်နိုင်ရေးအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများကို ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါအရည်အချင်း၊ အထောက်အထားများနှင့်အတူ လျှောက်ထားနိုင်ပါသည်-

(က) အမျိုးသားသင်တန်းသားဦးရေ ၂၀၀ဦး ခေါ်ယူပါမည်။
(ခ) အသက်(၁၈)နှစ်ပြည့်ပြီး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)တင်ပြရမည်။
(ဂ) ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ရေကူးတတ်ရမည်။
(င) လျှောက်ထားတင်ပြလာသောအိမ်ထောင်စုစာရင်းနှင့် ရပ်ကွက်အတွင်း နေထိုင်သူဖြစ်ကြောင်းရပ်ကွက်ထောက်ခံချက်ပါရှိရမည်။
(စ) ပြစ်မှုကင်းရှင်းကြောင်း မိမိနေထိုင်ရာနယ်မြေရဲစခန်းမှ ထောက်ခံချက်ပါရှိရမည်။
(ဆ) ကူးစက်ရောဂါကင်းရှင်းကြောင်း ကျန်းမာရေးဌာန၏ ထောက်ခံချက်ပါရှိရမည်။
(ဇ) နေ့/ည တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဈ) ၂×၁ လက်မအရွယ် ဓာတ်ပုံ၃ပုံ (ဓာတ်ပုံကျောဖက်တွင်အမည်ရေးထားရန်)

လျှောက်လွှာများကို ၂၈-၂-၂၀၁၅ ရက် နောက်ဆုံးထားပြီး ညွှန်ကြားရေးမှူး(စီမံ)၊ ငါးလုပ်ငန်းဦးစီးဌာနရုံးအမှတ် ၃၆၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ပေးပို့ရမည် ဖြစ်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀) ပြည့် မွေးနေ့ဂုဏ်ပြုဆောင်းပါး

ဗိုလ်ချုပ်အောင်ဆန်း စိတ်ဓာတ် အစွန့်ရှည်တည်တံ့ပါစေသော်

တက္ကသိုလ်မြတ်သူ

၁၈၂၄ခုနှစ်၊ ၁၈၅၂ ခုနှစ် နှင့် ၁၈၈၅ ခုနှစ်တို့တွင် နယ်ချဲ့အင်္ဂလိပ်တို့က သယံဇာတမျိုးစုံ၊ ပတ္တမြား ကျောက်သံ၊ စပါးကောက်နှံ အဆီအနှစ်ကြွယ်ဝသည့် မြန်မာနိုင်ငံကို သိမ်းပိုက်ရန် သုံးကြိမ်ကျူးကျော်တိုက်ခိုက်ခဲ့သည်။ မြန်မာတို့ကလည်း သူ့ကျွန်မခံ၊ တွန်းလှန်တိုက်ခိုက်ကာ သမိုင်းပြောင်ခဲ့ကြသည်။

တိုင်းရင်းသားဖြစ်သူတို့၏ မျိုးချစ်၊ ပြည်ချစ်စိတ်၊ ဇာတိသွေးဇာတိမာန်၊ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု၊ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုများဖြင့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့ကြသည်။

လွတ်လပ်ရေးကို လက်တွေ့ကာယကံမြောက် မရမနေကြိုးပမ်းကြသော ၂၀ ရာစု၏ ပထမတစ်ဝက် ကုန်လုအံ့အချိန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကို ရိုးသားဖြောင့်မတ်တည်ကြည်စွာ စွန့်လွှတ်စွန့်စား နှလုံးရည်၊ လက်ရုံးရည်ဖြင့် ထူးခြားထက်မြက်စွာ ဦးဆောင်ခဲ့သူမှာ သခင်အောင်ဆန်း၊ ဦးအောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်သည်။ မြန်မာနိုင်ငံကို လွတ်လပ်ရေးမလွဲမရှောင်သာ ပြန်ပေးရခါနီးအချိန်၊ နယ်ချဲ့သမားသည် ဧရာဝတီ မြစ်ဝှမ်း မြေပြင်လွင်ပြင်တစ်လျှောက် (ယနေ့ တိုင်းဒေသကြီး ခုနစ်ခု)ကိုသာကွက်ပြီး လွတ်လပ်ရေးပေးမည်၊ တိုင်းရင်းသားများ၏ တောင်တန်းဒေသများသည် ကိုယ့်ကိုယ်ကိုယ် မအုပ်ချုပ်တတ်သေးဟု တစ်ဖက်တွင် အကြောင်းပြု၊ အခြားတစ်ဖက်တွင် တိုင်းရင်းသားများအား ဗမာနှင့်အတူ လွတ်လပ်ရေးမယူဘဲ၊ ဗြိတိသျှတို့လက်အောက်မှာ ဆက်နေရန် မက်လုံးမျိုးစုံပေးပြီး သွေးထိုးသွေးခွဲနေခဲ့ပေသည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဗြိတိသျှလေဘာပါတီ အစိုးရဝန်ကြီးချုပ် (နန်းရင်းဝန်) အက်တလီ၏ ဖိတ်ကြားချက်အရ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်သို့သွားရောက်၍ မြန်မာ့လွတ်လပ်ရေးဆွေးနွေးကာ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုတော့မည့်အချိန်တွင် ဗြိတိသျှအရာရှိများ၏ သွေးခွဲ၊ သွေးထိုးမှုဖြင့် စော်ဘွားအချို့က ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းတောင်တန်းကို ကိုယ်စားမပြုဟု လန်ဒန်သို့ ကြေးနန်းရိုက်သည်။

ဗြိတိသျှတို့က ဗိုလ်ချုပ်ကို ဗမာမြေပြန့်လွတ်လပ်ရေးကိုသာယူရန် တောင်တန်းဒေသချန်ခဲ့ရန် စော်ဘွားတို့၏ ကြေးနန်းကိုပြကာ စေ့ဆက်သည်။ ဗိုလ်ချုပ်က နိုင်ငံတစ်ဝန်း (ဗြိတိသျှတို့ ၁၈၈၅ ခုနှစ်တွင် သိမ်းယူသွားသော နယ်နိမိတ် အားလုံး) လွတ်လပ်ရေးပေးရန် တောင်းဆိုသည်။ ရှမ်းတိုင်းရင်းသားမျိုးချစ်လူငယ်များက တောင်ကြီးမြို့တွင် လူအင်အားသိန်းနှင့်ချီ၍ တက်ရောက်သော လူထုအစည်းအဝေးပွဲကြီး ကျင်းပကာ ရှမ်းပြည်သူတစ်ရပ်လုံးသည် ဗမာနှင့်အတူ (အားလုံးနှင့်အတူ) လွတ်လပ်ရေးယူမည်၊ နယ်ချဲ့ ဗြိတိသျှအစိုးရအနေဖြင့် ယခုအချိန်ကစပြီး ရှမ်းပြည်နယ်က ထွက်သွားတော့ဟု ဆုံးဖြတ်ကြေညာကာ ဗိုလ်ချုပ်အောင်ဆန်းတို့ ကိုယ်စားလှယ်အဖွဲ့အား ရှမ်းလူထုက ထောက်ခံကြောင်း လန်ဒန်သို့ ကြေးနန်းရိုက်ပို့ခဲ့သည်။

သို့ဖြင့် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် အောင်ဆန်း အက်တလီစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဗိုလ်ချုပ်သည် ဘိလပ်မှအပြန် တောင်တန်းဒေသများသို့ ကိုယ်တိုင်သွားရောက်ကာ တိုင်းရင်းသားတို့၏ လွတ်လပ်ရေးဆန္ဒသဘောထားများ လေ့လာစူးစမ်းသည်။ စည်းရုံးသည်။ သုတေသီ စာရေးဆရာစံအောင် ရေးသားသည့် "ညီညွတ်ရေး အရေးတော်ပုံ" စာအုပ်၊ စာမျက်နှာ ၆၈ တွင် အောက်ပါအတိုင်းဖော်ပြထားသည်ကို ဖတ်ရှုကြပါဘိ -

"ထိုအခါ နန်းရင်းဝန်အက်တလီက (၎င်းတို့ကြို၍ မူလစီစဉ်ထားသော ပင်လုံညီလာခံအစည်းအဝေးမှာ ဗိုလ်ချုပ်အောင်ဆန်းအား ဖိတ်ကြားရန် အစီအစဉ် လုံးဝမပါရှိ မသက်ဆိုင်ဘဲ ဗြိတိသျှဘုရင်ခံတက်ရောက်ပြီး နယ်ခြားဒေသ ပြည်နယ်များသမဂ္ဂ အကောင်အထည်ဖော်ရေးအတွက် စီစဉ်ထားသော အစည်းအဝေးဖြစ်နေ၏) လာမည့် ဖေဖော်ဝါရီလထဲတွင် စော်ဘွားများ ပင်လုံမြို့တွင် ညီလာခံအစည်းအဝေးပြုလုပ်ရန် စီမံထားသည်ဟုသိရှိရကြောင်း၊ ဦးအောင်ဆန်းအနေဖြင့် ထိုအစည်းအဝေးတွင် မျက်နှာစုံညီတက်ရောက်ပြီး ဆုံးဖြတ်ကြပါရန် ပြောကြားရင်း ဗိုလ်ချုပ်အောင်ဆန်းအား နန်းရင်းဝန် အက်တလီက ဖိတ်ကြားလိုက်တော့၏။ အခြေအနေကား စက္ကန့်တိုင်း၊ မိနစ်တိုင်းတွင် မမျှော်လင့်ဘဲ ပြောင်းလဲလျက်ရှိ၏။ နယ်ချဲ့သမားတို့သည် ၎င်းတို့အတွက် ကြိုတ်၍စီစဉ်အကွက်ချထားသောပင်လုံအစည်းအဝေးသည် ဗိုလ်ချုပ်အောင်ဆန်းအတွက် ပင်လုံအစည်းအဝေးအဖြစ်သို့ ရုတ်ချည်းပြောင်းလဲသွားရလေတော့သည်။"

ဗြိတိသျှတို့သည့် မြန်မာနိုင်ငံကို ကျူးကျော်တိုက်ခိုက် နယ်ချဲ့သိမ်းပိုက်စဉ်က အလောင်းမင်းတရားကြီး စုစည်း

ခဲ့သော တတိယမြန်မာနိုင်ငံတော်နယ်နိမိတ် တစ်ခုလုံး သိမ်းယူပြီး လွတ်လပ်ရေးပေးရန် မြန်မာတစ်ပြည်လုံး အုံကြွ တောင်းဆို(ရာဇသံပေး)ခဲ့သဖြင့် ဆုံးဖြတ်ခဲ့ရသည့်တိုင် နိုင်ငံတော်ကို ပိုင်းစိတ်ခွဲခြမ်းပြီး မြေပြန့်ဗမာများကိုသာကွက်၍ လွတ်လပ်ရေးပေးရန်၊ တိုင်းရင်းသားဒေသများခြွင်းချန်ခဲ့ရန်အကွက်ချစီစဉ်ခဲ့သည်။ ရှမ်းစော်ဘွားအချို့ကို သိမ်းသွင်းကာ ဗမာနှင့်သွေးခွဲပေးခဲ့သည်။ တောင်ကြီးမြို့ ရှမ်းလူထုအစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်ကြောင့်သာ ၎င်းတို့ စီစဉ်ထားသော ပင်လုံစော်ဘွားညီလာခံသို့ ဗိုလ်ချုပ်အား ဖိတ်လိုက်ရခြင်းဖြစ်သည်။ ပင်လုံတွင်သွေးခွဲခံ စော်ဘွားများနှင့် ဗိုလ်ချုပ် ထိပ်တိုက်တွေ့စေချင်ပုံလည်းရသည်။ ထို့မျှမက တိုင်းရင်းသားတို့ဆန္ဒကိုမေးမြန်းစုံစမ်းရန် ရီးစ်ဝီလျံနှင့်အဖွဲ့ မြန်မာနိုင်ငံသို့စေလွှတ်ခဲ့သည်။ တိုင်းရင်းသားစုံဆန္ဒကို တွေ့ဆုံမေးမြန်းခဲ့သည်။ မေးမြန်းရာ၌ ဗြိတိသျှအလိုကျ "ဗမာနှင့်အတူ လွတ်လပ်ရေးမယူလိုပါ"ဟူသော အဖြေရရန် ရေလာမြောင်းပေး မေးခွန်းများပေးခဲ့သည်။ ရိုးသား၍ ကျွန်ဘဝအနိဋ္ဌာရုံကို လက်တွေ့ခံစားနေရသည့် တိုင်းရင်းသားတိုင်းက "ဗမာနှင့်အတူ လွတ်လပ်ရေးယူမည်" ဟု တူညီစွာဖြေကြားခဲ့ကြသည်။

လွတ်လပ်ရေးကြိုးပမ်းမှုတပ်ဦးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလ (ဖက်ဆစ် ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေး) အဖွဲ့ချုပ်ကလည်း တိုင်းရင်းသား ခေါင်းဆောင်စုံ၊ တောင်တန်းဒေသစုံ ကိုယ်စားပြုသော ပင်လုံညီလာခံဖြစ်အောင် မျိုးချစ် ရှမ်းလူငယ်များ၏ ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့၊ အမြော်အမြင်ကြီး၍ နယ်ချဲ့ သွေးခွဲ မခံသော စော်ဘွားကြီးများနှင့် ပူးပေါင်းကာ ပင်လုံညီလာခံကို ကျင်းပဦးဆောင်ခဲ့သည်။ ဗြိတိသျှအစိုးရ၏ တောင်တန်းဒေသဆိုင်ရာ မဟာမင်းကြီး စတီဗင်ဆင်သာမက၊ လန်ဒန်မှစေလွှတ်လိုက်သော ကိုလိုနီဆိုင်ရာအတွင်းဝန် ဘော့တွမ်မ်လေတို့ပါ ပင်လုံညီလာခံသို့လာရောက်၍ စော်ဘွားများကိုသွေးခွဲကြသည်။ ပင်လုံညီလာခံကို ဗိုလ်ချုပ်တို့ လိုလားသည့်အတိုင်းဖြစ်မလာစေရန် သွေးထိုးကြသည်။ ယင်းတို့၏ အောက်ဖော်ပြပါ ပြောကြားခဲ့သော စကားလုံးများကို ကြည့်ကြပါတော့၊ အများဆုံးပြောသူမှာ တောင်တန်းဒေသမင်းကြီး စတီဗင်ဆင် ဖြစ်သည်-

"အောင်ဆန်းဟာ ဗမာပြည်ကွန်မြူနစ်ပါတီကို ဦးဆောင်ဖွဲ့စည်းတဲ့ ကွန်မြူနစ်ဖြစ်တယ်။ ဗမာနဲ့ပေါင်းပြီး လွတ်လပ်ရေးယူရင် သူတို့အစိုးရဖြစ်အောင် ရှမ်းပြည်နဲ့ တောင်တန်းဒေသအားလုံးကို အုပ်ချုပ်မယ်၊ စော်ဘွားဒူဝါတွေကို ဖြုတ်ပစ်မယ်။ သီးခြားလွတ်လပ်ရေးယူပြီး

ဗိုလ်ချုပ်အောင်ဆန်းအား လွတ်လပ်ရေးဗိသုကာ၊ အမျိုးသား ခေါင်းဆောင်၊ သားကောင်းအာဇာနည် အဖြစ် မြန်မာတို့က အသိအမှတ်ပြုကြသည်။ နယ်ချဲ့သမားက နိုင်ငံကို ပိုင်းစိတ်ခွဲခြား ကန့်သတ်လိုသော မသမာလုပ်ရပ်ကို ပင်လုံညီလာခံ၊ ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓာတ်ဖြင့် လွတ်လပ်သောပြည်ထောင်စုကြီးကို တိုင်းရင်းသားစည်းလုံးမှုဖြင့် ဦးဆောင်တည်ဆောက်ခဲ့သည့် ပြည်ထောင်စု၏ ဖခင်ကြီးလည်းဖြစ်

ဗြိတိသျှ ဓနသဟာယအဖွဲ့ထဲမှာ (ခင်ဗျားတို့) နေရင် ဘေးကင်းတယ်။ လိုတဲ့အကူအညီ အားလုံးပေးမယ်။ အလိုရှိရင် ငွေသိန်းပေါင်းငါးဆယ်နဲ့ လက်နက်ငယ်တွေ ပေးထားမယ်။ ခင်ဗျားတို့ကို ရုတ်တရက်ဖြုတ်မချပေမယ့် ဗမာတွေရဲ့ အုပ်ချုပ်စိုးမိုးမှုအောက်မှာ ဆယ်အိမ်ခေါင်းသာသာအဆင့် ရောက်သွားမယ်။ စိတ်ကူး မလွဲနဲ့၊ ဗမာနဲ့ပူးပေါင်းပြီး လွတ်လပ်ရေးယူရင် မပြင်နိုင်တဲ့အမှားဖြစ်မှာပဲ"

"ဗမာတွေက ခင်ဗျားတို့ကိုလိုက်လျောလှချည်လား၊ ဒါလောက်လွယ်တာက အကြောင်းတစ်ခုတော့ရှိမယ်။ အရမ်းမလုပ်ဘဲ စဉ်းစဉ်းစားစားလုပ်ကြရင် ကောင်းမယ်။ ဗိုလ်ချုပ်ရုပ်ကို ကြည့်ပါလား၊ ဂျပန်စိတ်မပျောက်သေးဘူး၊ တော်တော်ကြာ ခင်ဗျားတို့ ဖက်ဆစ်လက်အောက်ရောက်သွားမှာပဲ"

လန်ဒန်မှလာသော ဘော့တွမ်မ်လေက "နိုင်ငံရေးကိစ္စနှင့်ပတ်သက်သော စာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် အစစအရာရာ ဆင်ခြင်တိုင်းထွာပါ။ နောင်ရေးအတွက် ရှည်ရှည်ဝေးဝေးစဉ်းစားပါ၊ စာတစ်ပိုဒ်၊ စကားတစ်လုံး လိုသွားပါက ချည်ပြီးတုပ်ပြီး ဖြစ်နေတတ်သည်။ မလှုပ်မရှားနိုင်ဖြစ်ပြီး နစ်နာတတ်သည်"ဟု သွေးထိုးပြန်၏။

ထိုအခါ ကချင်ကိုယ်စားလှယ် ဆမားဒူဝါဆင်ဝါးနောင်က "ငါတို့တိုင်းရင်းသားအချင်းချင်း အပေးအယူလုပ်ပြီးဆွေးနွေးရာမှာ ဘယ်ခွေးဝဲစားမှ နားထောင်နေစရာ မလိုဘူး"ဟု ဒေါသတကြီး ပြောပစ်လိုက်သည်။

၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့က ရှမ်းပြည်ရောက် ဗိုလ်ချုပ်အောင်ဆန်းသည် တောင်ကြီးမြို့ ဘောလုံးကွင်းအတွင်းကျင်းပသော မြို့လုံးကျွတ်လူထုအစည်းအဝေးတွင် ရှမ်းပြည်ဒေသ၏ သဘာဝအလှအပတို့ကိုခံစားရင်း ဤသို့မိန့်ကြားခဲ့ခြင်းဖြင့် တိုင်းရင်းသားများအပေါ်ထားရှိသော လွတ်လပ်ရေးစေတနာဆန္ဒကို ဖော်ပြခဲ့သည်-

"အဲ - အခုလို မိုးကောင်းကင်ပြာပြာနဲ့ တောင်တန်းပေါ်က ချယ်ရီပန်းတွေကလည်း ပွင့်ဆိုတော့ ခင်ဗျားတို့ ရှမ်းပြည်ကို ဂျပန်ကလည်းကြိုက်တာပဲ၊ အင်္ဂလိပ်-အမေရိကန်ကလည်း ကြိုက်မှာပဲ။ ဘယ်သူဘာပဲပြောပြော ကျုပ် တို့ကတော့ တစ်နှစ်အတွင်း လွတ်လပ်ရေးရအောင် ယူမယ်။ လွတ်လပ်ရေးပေးရင်ပေး၊ မပေးရင်ချမှာပဲ။ ခင်ဗျားတို့ကိုလည်း ကျုပ်တို့နဲ့အတူ လွတ်လပ်စေချင်တယ်"

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ ပင်လုံညီလာခံ ဆက်လက်ကျင်းပသည့်နေ့ ညပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကချင်၊ ချင်း၊ ရှမ်းခေါင်းဆောင်များနှင့် တွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံရာ၌ ဗိုလ်ချုပ်က ဤသို့မိန့်ကြားခဲ့သည်-

"ကျုပ်တို့နဲ့တကွ ဘိလပ်သွားကိုယ်စားလှယ်ကြီးများသည် ဘုရင်၏အမှုဆောင် ဝန်ကြီးများအဖြစ်ဖြင့် ဖိတ်ခေါ်ခြင်းခံရသည့်အလျောက် တောင်တန်းနယ်များကို မြန်မာနိုင်ငံ အုပ်ချုပ်ရေးနယ်နိမိတ်အတွင်း သွတ်သွင်း ထိုက်သည်ဟု ဘုရင်ခံ၏ အမှုဆောင်ဝန်ကြီးများအဖြစ် (မိမိတို့) တိုက်တွန်းပြောဆိုခဲ့သည်။ ယခုအချိန်တွင် တောင်တန်းနယ်များ၏ လွတ်လပ်ရေးသည် လွတ်လပ်ရေးကို လိုလားခဲ့သော် ရယူနိုင်သည့်အခြေသို့ဆိုက်ရောက်နေသဖြင့် လက်တွင်းသို့ ရောက်နေပြီဟုဆိုရမည် ဖြစ်သည်။ မလိုချင်ရင်လည်း မယူဘဲနေနိုင်ပါသည်။ ယခု (ဗြိတိသျှ)ပါလီမန်မှ စေလွှတ်လိုက်သော ကိုယ်စားလှယ် မစ္စတာဘော့တွမ်မ်လေသည် ထိုမေးခွန်းကို တောင်တန်း ဒေသခေါင်းဆောင်များအား မေးမြန်းရန် ရောက်လာပြီဖြစ်သည်။ တောင်တန်းဒေသပုဂ္ဂိုလ်များသည် အတိုင်ပင်ခံအဖွဲ့ဖြင့်အုပ်ချုပ်မှုကို လိုလားသလား၊ သို့မဟုတ် အခြားနည်းဖြင့် အုပ်ချုပ်လိုသလားဟူ၍ ဆုံးဖြတ် ကြရမည်ဖြစ်သည်။ အတိုင်ပင်ခံအဖွဲ့ဖြင့် အုပ်ချုပ်သောနည်းမှာ အသုံးမကျသော နည်းမျိုးသာ ဖြစ်သည်။ ဗမာ လူမျိုးများနှင့် တောင်တန်းဒေသနေ အမျိုးသားများမှာ ရင်းချာသော ညီအစ်ကိုမောင်နှမများဖြစ်သည့်အလျောက် ညီမျှသော အဆင့်အတန်း ရရှိစေမှုအတွက် စေတနာထားပါသည်။ မိမိတို့နှင့် တန်းတူဖြစ်သော အုပ်ချုပ်ရေးမျိုးရရှိစေမှုအတွက် ဖဆပလသည် မဲဆန္ဒရှင်များ၏ များရာ အင်အားစုကို ဧကန်ရမည်မှာ သေချာနေသည်။ ထိုအခါ ဖဆပလသည် တောင်တန်းဒေသနေ အမျိုးသား (တိုင်းရင်းသားများ)၏ အကျိုးစီးပွားကို ကာကွယ်ပေးမည့် အက်ဥပဒေရေးဆွဲမည်ဖြစ်ပါသည်။"

ပင်လုံညီလာခံကို ဦးစီးဦးကိုင်၊ သဘာပတိအဖြစ် စော်ဘွားအများစုက လေးစားကြရသော၊ ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်၊ ပလောင်တောင်ပိုင် စော်ဘွားကြီး စဝ်ခွန်ပန်းစိန်က ဗိုလ်ချုပ်မိန့်ခွန်းပြောကြားပြီး ဤကဲ့သို့ တောင်တန်းဒေသများကိုယ်စား မိန့်ကြားခဲ့လေသည်-

"ဗိုလ်ချုပ်က ရှင်းရှင်းနှင့်ဘွင်းဘွင်းကြီး ပြောဆိုသွားသဖြင့် ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။ နိုင်ငံတို့သည် လွတ်လပ်ရေးကို တမ်းတကြသည်မှာလည်း ထူးခြား ဆန်းပြားသော အလုပ်မျိုးမဟုတ်သည့်အလျောက် ဓမ္မတာအတိုင်း မိမိတို့လည်း လွတ်လပ်ရေးကို လိုလားပါသည်။ တောင်တန်းဒေသများက လွတ်လပ်ရေးကို လိုလား ခဲ့သည်မှာ အတော်ပင်ကြာခဲ့ပါပြီ။ အင်္ဂလိပ်များ လွှမ်းမိုး နေသည့်အတွက် ဘာကိုမှမလုပ် မကိုင်နိုင်ခဲ့ကြပါ။ အင်္ဂလိပ်များ ဖိနှိပ်နေသည့်အတွက် တိုးတက်မှုများကို မလုပ်နိုင်အောင် ရှိခဲ့ပါသည်။ ကျွန်ုပ်တို့ အတိုင်ပင်ခံ ကောင်စီကိုလက်ခံမည် မဟုတ်ပါခင်ဗျား"

တောင်ပိုင်းစော်ဘွားကြီး၏ တောင်တန်းဒေသအားလုံး လွတ်လပ်လိုသောဆန္ဒ တင်ပြချက်သည် ပင်လုံညီလာခံအောင်မြင်ရေး အခြေခံအကြောင်းတရားဖြစ်သည်။ နယ်ချဲ့တို့ သွေးထိုး၊ ကလန့်နေသည့်ကြားမှ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကြီးကို တိုင်းရင်းသား စုံခေါင်းဆောင်များ လက်မှတ်ရေးထိုးထုတ်ပြန်ကာ (၁)နယ်ချဲ့တို့အား တုန်လှုပ်သွားစေခဲ့သည်၊ (၂) တိုင်းရင်းသားစုံ သွေးစည်းညီညွတ်မှု မှတ်ကျောက်တင်ခဲ့သည်၊ (၃)လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော မြန်မာပြည်ထောင်စုကြီး ခမ်းနားထည်ဝါစွာ မားမားမတ်မတ် ပေါ်ထွန်းရပ်တည်လာခဲ့သည်၊ (၄) စစ်မှန်သော မျိုးချစ်စိတ်ဓာတ် (ဝါ) နိုင်ငံချစ်စိတ်ဓာတ် (ဝါ) ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် အားကောင်းလာစေခဲ့သည်။

၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့က ဖဆပလ အဖွဲ့ချုပ်ကြီး၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံ (ရွှေတိဂုံ အလယ်ပစ္စယာ) စတုတ္ထနေ့တွင် ဗိုလ်ချုပ်အောင်ဆန်း

စာမျက်နှာ ၈ ကော်လံ ၁ သို့

 လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ရီကီလ်ဆွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်နိုင်ငံခြားရေး ဒုတိယဝန်ကြီးနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Sok Chol လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဝန်ကြီးဌာနများ၏သတင်းထုတ်ပြန်ရေးလုပ်ငန်းစဉ် ထိရောက်စွာဆောင်ရွက်နိုင်ရေး စာနယ်ဇင်းကောင်စီနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏**"သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ဆည်(၆)ခုနှင့်ပတ်သက်၍ ဗျူဟာမြောက် EIA ကို လုပ်ဆောင်ရန်နှင့် ၎င်းဆည်များဆောက်လုပ်ရာတွင် IWRM ရေအရင်းအမြစ် ဘက်စုံစီမံကိန်း ခန့်ခွဲမှုနည်းစနစ်ကိုအသုံးပြုရန် အစီအစဉ် ရှိ /မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက ရေအားလျှပ်စစ်စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေအားအရင်းအမြစ်များသည် နည်းပညာအရသော်လည်းကောင်း၊ စီးပွားဖြစ်ထွန်းမှုအရသော်လည်းကောင်း ဖြစ်မြောက်နိုင်စွမ်းရှိကြောင်း သေချာမှုရှိရမည့်အပြင် စီမံကိန်းတည်ဆောက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝပတ်ဝန်းကျင် ထိခိုက်မှုများလည်း အနည်းဆုံးဖြစ်ရန် လိုအပ်ပါကြောင်း။

သံလွင်မြစ်ပေါ်တွင် စီမံကိန်းနေရာ(၅)ခု စူးစမ်းလေ့လာလျက်ရှိပါကြောင်း၊ အဆိုပါ စီမံကိန်း (၅)ခုအနက် အပေါ်ဘက်အကျဆုံး စီမံကိန်းတစ်ခုဖြစ်သည့် ကွမ်းလုံမြို့နယ်အတွင်းမှ ကွမ်းလုံရေအား လျှပ်စစ်စီမံကိန်းတစ်ခုကို အင်ဂျင်နီယာဆိုင်ရာ

ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြေကြားစဉ်။ (သတင်းစဉ်)

စူးစမ်းလေ့လာမှုများ၊ ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုများအပေါ် စစ်ဆေးလက်ခံပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် အစီရင်ခံစာပါ ဆက်လက်တင်သွင်းစေခဲ့ပါကြောင်း။

အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြနိုင်ခြင်းမရှိသော်လည်း ဆောင်ရွက်ပေးရမည့်ကိစ္စများ ဆောင်ရွက်ပေးရန် လက်ရှိအခြေအနေ၊ စီမံကိန်းကာလနှင့် နောက်ပိုင်းအခြေအနေများအတွက် EIA, SIA ကိစ္စများ အသေးစိတ် ကွင်းဆင်းစစ်ဆေးရန် ဝန်ကြီးဌာနအဆင့် ဗဟိုအဖွဲ့နှင့် ဒေသအဆင့် လုပ်ငန်းကော်မတီ အသီးသီးလည်း ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ အဆိုပါ အဖွဲ့များသည် ပွင့်လင်းရာသီမှစ၍ စီမံကိန်း မစမီ ဆောင်ရွက်ရန်ကိစ္စများ ပြည့်စုံစွာ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသခံများထံ ကွင်းဆင်း၍ စနစ်တကျရှင်းလင်းတင်ပြမှုများကို (၂)ကြိမ် ရှင်းလင်းတင်ပြပြီး စီမံကိန်း ချဉ်းကပ်လမ်းကြောင်း နစ်နာသူများပါ နစ်နာကြေးညှိနှိုင်းခြင်းနှင့် အချို့တစ်ဝက်ပေးချေခြင်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ကိစ္စများကြီးကြပ်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများပါဝင်သည့် ဗဟိုကော်မတီ တစ်ရပ်ကိုလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်၍ လည်းကောင်း၊ လုပ်ငန်းကော်မတီတစ်ရပ်ကို ရှမ်းပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီးဦးဆောင်၍လည်းကောင်း ဖွဲ့စည်းထားပြီး ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ပါကြောင်းနှင့် စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်သွားမည်ဖြစ်ပါကြောင်း။

ဆက်လက် ဆောင်ရွက်ရန် စူးစမ်းလေ့လာနေသည့် ကျန်စီမံကိန်း(၄)ခု ဆောင်ရွက်ပါကလည်း မဟာဗျူဟာမြောက်လေ့လာမှု ဘက်စုံထည့်သွင်း စဉ်းစားဆောင်ရွက်ရန်ကိစ္စအတွက် ကုမ္ပဏီများနှင့် မိမိတို့ဝန်ကြီးဌာနအပါအဝင် အခြားဝန်ကြီးဌာနများနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအားလုံးကို ချိတ်ဆက်စဉ်းစားနိုင်ရန် ဆွစ်ဇာလန်နိုင်ငံမှ အတိုင်ပင်ခံအဖွဲ့တစ်ဖွဲ့ဖြစ်သော STUCKY AS အတိုင်ပင်ခံကုမ္ပဏီက ဦးဆောင်ပြီး သက်ဆိုင်ရာ စီမံကိန်းအသီးသီးမှ

လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့်တကွ လေ့လာဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်းက**"သတင်းမီဒီယာများ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နိုင်ရန်နှင့် သတင်းမီဒီယာအနေဖြင့်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရက ဥပဒေနှင့်အညီဆောင်ရွက်မှုများ အလျင်အမြန်ပြုလုပ်ပေးပါရန် တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက အစိုးရသစ်တာဝန်ယူပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းမီဒီယာလွတ်လပ်ခွင့်ကို အဆင့်ဆင့်ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကြိုတင်စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့သည့်အတွက် ထုတ်ဝေစာအားလုံး လွတ်လပ်စွာထုတ်ဝေနိုင်ကြပြီဖြစ်ပါကြောင်း၊ ယခင်ဆယ်စုနှစ်များစွာက ခွင့်မပြုခဲ့သည့် ပုဂ္ဂလိကသတင်းစာထုတ်ဝေခွင့်ကိုလည်း ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် အခြားထုတ်ဝေခွင့်များကိုလည်း အလွယ်တကူရရှိအောင် စီမံခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအထိ ဂျာနယ်(၃၉၆)စောင်၊ မဂ္ဂဇင်း(၃၂၄)စောင်၊ အထွေထွေထုတ်ဝေခွင့်(၉၃၆) စောင်နှင့် ပုဂ္ဂလိကသတင်းစာ(၂၇)စောင်ကို ထုတ်ဝေခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းတို့အနက် ဂျာနယ်စောင်ရေ (၂၂၀)၊ မဂ္ဂဇင်း(၁၂၈)စောင်နှင့် ပုဂ္ဂလိကသတင်းစာ(၁၂)စောင် လက်ရှိထုတ်ဝေလျက်ရှိပါကြောင်း၊ တိုင်းရင်းသားဘာသာစကားများဖြစ်သည့် ရှမ်း၊ မွန်၊ ချင်း၊ ကချင်နှင့်ကရင်ဘာသာစကားတို့ဖြင့် ထုတ်ဝေလျက်ရှိပြီး ဂျပန်၊ အင်္ဂလိပ် စသည့် နိုင်ငံခြားဘာသာများဖြင့်လည်း ထုတ်ဝေလျက်ရှိပါကြောင်း။

သတင်းမီဒီယာ လွတ်လပ်ခွင့်ရလာသည်နှင့်အမျှ တစ်ဖက်တွင်လည်း တာဝန်သိမှု၊ တာဝန်ခံမှုများလည်း လိုက်ပါတိုးတက်လာရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၁၉)အရ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်တို့အတွက် ပို၍မြင့်မားသည့် စံနှုန်းများကို အလိုရှိနေကြသည်မှာ သဘာဝကျပါကြောင်း၊ သို့သော်လည်း လွတ်လပ်စွာ ထုတ်ဝေခွင့်ကို စည်းကမ်းမဲ့ မိမိလိုရာအသုံးပြုရန် မသင့်လျော်ပါကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၂၉)တွင် "မိမိ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ လေးစားရန်အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းပေးရန်အလို့ငှာ လည်းကောင်း၊ ဥပဒေအရသတ်မှတ်ထားသည့် ကန့်သတ်ချက်များ အတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်"ဟု ဖော်ပြထားသည့်အတွက် မိမိတို့လေးစားလိုက်နာရန် လိုအပ်ပါကြောင်း။

ဒီမိုကရေစီထူထောင်သည့်နေရာတွင် တန်းတူညီမျှမှုသည် အခြေခံလိုအပ်ချက်ဖြစ်သကဲ့သို့ သတင်း

စာမျက်နှာ ၉ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

ချင်းပြည်နယ်ဒေသခံပြည်သူများ၏ဆန္ဒနှင့်အညီ တစ်ရွာတစ်ဧကစိုက်ခင်းများတွင် ထင်းရှူးသစ်မျိုးများ ဦးစားပေးဖြန့်ဝေပေးမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစည်းအဝေးကို ယနေ့နံနက် (၁၀) နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစီရင်ခံစာတစ်ခုဖတ်ကြားတင်သွင်းခြင်း၊ အဆိုနှစ်ခုတင်သွင်းခြင်းနှင့် မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ ဦးစတီဗင်သာဘိတ်၏ **ချင်းပြည်နယ်၏ သစ်တောပြုန်းတီးမှုကို ကာကွယ်သည့်အနေဖြင့် (UNDP) နှင့် ပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လိုအပ်သော မြို့နယ်/ကျေးရွာအလိုက် ထင်းရှူးပင်များ စိုက်ပျိုးရန်အတွက် စီမံကိန်း၊ စီမံချက်များရေးဆွဲပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ /မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ချင်းပြည်နယ်၏ သစ်တောဖုံးလွှမ်းမှုမှာ ပြည်နယ်ဧရိယာ၏ ၆၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါကြောင်း၊

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြေကြားစဉ်။ (သတင်းစဉ်)

မိမိတို့ဝန်ကြီးဌာနသည် ကျေးလက်နေဒေသခံပြည်သူများအတွက် ထင်းလောင်စာ အပါအဝင် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် လူနေမှုဘဝမြှင့်တင်ပေးရန်၊ လောင်စာလိုအပ်ချက်အတွက် သဘာဝတောများအပေါ် မှီခိုအားထားနေရခြင်းမှ လျှော့နည်းသက်သာစေရန် ရည်ရွယ်၍ ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ၂၀၀၈-၂၀၀၉ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

သစ်တောဦးစီးဌာနသည် ချင်းပြည်နယ်အတွင်း ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် စီးပွားရေးထင်းရှူး စိုက်ခင်း ဧက ၁၀၀၊ ထင်းရှူးကွက်လပ်ဖြည့်စိုက်ပျိုးခြင်းနှင့် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် မိုးရာသီလူထုဖြန့်ပျိုးပင် လျာထားမှုအနက် ထင်းရှူးပင် ထည့်သွင်းပျိုးထောင်ခြင်း၊ ကျေးလက်အိမ်ရာစီမံချက်အရ တစ်အိမ်ထောင် ကျွန်း သုံးပင်၊ သစ်မာပင်၂၀ နှုန်းဖြင့် တစ်ရွာတစ်ဧကစိုက်ခင်း ဧက ၁၀ တို့ကို တည်ထောင်စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်ရှိ ဒေသခံပြည်သူများ၏

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် မေးမြန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၈ ကော်လံ ၅ သို့

ပြည်တွင်းသတင်း

မြန်မာ-နယူးဇီလန် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၆

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်သံအမတ်ကြီး H.E.Mr. Bruce Shepherd အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမှတ်ကြီးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့လာရောက်တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

စားနပ်ရိက္ခာထောက်ပံ့ဖြန့်ဝေရေးကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းအား ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ ဌာနေညွှန်ကြားရေးမှူး Mr. Dom Scalpelli သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရုံးအမှတ်(၄၂)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စားနပ်ရိက္ခာ ထောက်ပံ့ဖြန့်ဝေရေးစီမံကိန်း၏ ဖြစ်ပေါ်တိုးတက်မှုများ၊ စီမံကိန်းဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင် စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု၊ ပညာရေးအတွက် စားနပ်ရိက္ခာ၊ လုပ်အားအတွက် စားနပ်ရိက္ခာအစီအစဉ် ဆောင်ရွက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ကူညီထောက်ပံ့ရန် လိုအပ်နေသူများအတွက် စားနပ်ရိက္ခာထောက်ပံ့ဖြန့်ဝေရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်မှ

ဆန္ဒများနှင့်အညီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စီမံချက်အရ စတင်စိုက်ပျိုးမည့် တစ်ရွာတစ်ဧက စိုက်ခင်းများတွင် ထင်းရှူးသစ်မျိုးများအား ဦးစားပေးပျိုးထောင်ဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၃ ခုနှစ် ဇူလိုင် ၈ ရက်တွင် ကျေးရွာထင်းစိုက်ခင်းဥပဒေ ပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် ပြည်နယ်အတွင်းရှိ သစ်တောနယ်မြေနှင့် အစိုးရမှ စီမံခန့်ခွဲခွင့်ရှိသည့်မြေများတွင် ထင်းရှူးသစ်မျိုးနှင့် ကျေးရွာထင်းစိုက်ခင်းများအား ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ခွင့်ပြုချက်ဖြင့် တည်ထောင်စိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း။

ကုလသမဂ္ဂ လက်အောက်ခံနိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချင်းပြည်နယ်အခြေစိုက် UNDP၊ NGOs၊ INGOs များမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာများတွင် ထင်းရှူးပင်စိုက်ပျိုးထိန်းသိမ်းရေး ကမ်းလှမ်းဆက်သွယ်လာပါက ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြား သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **ကြက်ခြေနီအသင်းများ ဖွဲ့စည်းပုံ ပီပြင်စွာ ဖြစ်ပေါ်ရေးအတွက် မည်ကဲ့သို့ ပြုပြင်ပြောင်းလဲသွားမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီများနှင့် မြို့နယ်ကြက်ခြေနီအသင်းများ ပိုမိုတွင်ကျယ်စွာဆောင်ရွက်နိုင်ရေးအတွက် ရပ်မိရပ်ဖနှစ်ဦးစီ တိုးချဲ့ပါဝင်ဖွဲ့စည်းရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီအားလုံးအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အပြီးဖွဲ့စည်းရန် အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ ရပ်မိရပ်ဖများထည့်သွင်းဖွဲ့စည်းရန်ကျန်ရှိနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အပြီးဖွဲ့စည်းရန်အကြောင်းကြားထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က **မြန်မာနိုင်ငံ၏ အနာဂတ် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သည့် စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

မိန့်ကြားခဲ့သော အောက်ပါဝံသာနုရက္ခိတတရားသည် ပင်လုံညီလာခံ၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် နောင်နှစ်စဉ်ကျင်းပသော ပြည်ထောင်စုနေ့များအတွက် လမ်းညွှန်ချက်တစ်ရပ်ဖြစ်ခဲ့ပေသည်-

“လူမျိုးဆိုသည်မှာ သုခ၊ ဒုက္ခ အတူခံစားကြ၍ နီးနီးကပ်ကပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် ဘာသာစကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူ ပူအမျှ ကောင်းတူ ဆိုးဖက်ပူးပေါင်းလျက် နေထိုင်လိုသော အစဉ်အလာ ဆန္ဒပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေသည်”

ဗိုလ်ချုပ်အောင်ဆန်းအား လွတ်လပ်ရေးဗိသုကာ၊ အမျိုးသားခေါင်းဆောင်၊ သားကောင်းအာဇာနည်အဖြစ် မြန်မာတို့က အသိအမှတ်ပြုကြသည်။ နယ်ချဲ့သမားက နိုင်ငံကို ပိုင်းစိတ်ခွဲခြားကန့်သတ်လိုသော မသမာလုပ်ရပ်ကို ပင်လုံညီလာခံ၊ ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓာတ်ဖြင့် လွတ်လပ်သော ပြည်ထောင်စုကြီးကို တိုင်းရင်းသားစည်းလုံးမှုဖြင့် ဦးဆောင်တည်ဆောက်ခဲ့သည့် ပြည်ထောင်စု၏ ဖခင်ကြီးလည်း ဖြစ်ပေသည်။ ယခုအခါ ဗိုလ်ချုပ်အကြောင်း စာအုပ်ရာပေါင်းများစွာ ထုတ်ဝေထားကြသဖြင့် ဗိုလ်ချုပ်၏ အတ္ထုပ္ပတ္တိကို အထူးမတင်ပြတော့ပါ။

- ဗိုလ်ချုပ်သည် ပကတိရိုးသားဖြူစင်ဖြောင့်မတ်သည်။
- ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို နှစ်နှစ်ကာကာချစ်၍ ပြည်ထောင်စုဝံသာနု ရက္ခိတတရား(ဝါ) တိုင်းရင်းသားစုံ မျိုးစောင့်တရားကို ရှင်သန်စေခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို (နယ်ချဲ့သွေးခွဲမှုကြားမှ) ရအောင် တည်ဆောက်ရယူခဲ့သည်။

မြန်မာနိုင်ငံကို ကျူးကျော် ကျွန်ပြု ဖိနှိပ်ချုပ်ချယ်၊ နိုင်ငံပိုင်မြန်မာတို့၏ ဓနဥစ္စာ သဘာဝသယံဇာတ၊ ထွက်ကုန်မှန်သမျှ သိမ်းကျုံးနှိုက်ယူ ကုပ်သွေးစုပ်သော နယ်ချဲ့ကို အလွန်မုန်းတီးစက်ဆုပ်သော နယ်ချဲ့ဆန့်ကျင်ရေးသမားဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးကို ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်း ကျွန်နံ့ဟောင်နေသော ဒိုမီနီယံမျိုးမဖြစ်စေရ၊ Vassal ခေါ် ကိုယ့်အစိုးရနှင့် ကိုယ်နေရသော်လည်း နိုင်ငံခြားတိုင်းပြည်တို့၏ သြဇာကို နာခံနေရသည့် ကျွန်တစ်ပိုင်းဟန်ပြလွတ်လပ်ရေးမျိုး မဖြစ်စေရ၊ ကိုယ့်ကြမ္မာ ကိုယ်လွတ်လပ်စွာ ဖန်တီးနိုင်သော၊ အမှီအခိုကင်းသော လုံးဝလွတ်လပ်ရေး Independence ကိုသာ မရမနေ အသက်စတေးပြီး ရအောင်ယူခဲ့သည်။ လွတ်လပ်လာမည့် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ ဥပဒေပြုရေး၊ စီးပွားရေးတို့တွင် နိုင်ငံခြားသားလွှမ်းမိုးခြင်း မရှိစေရ၊ ယုတ်စွအဆုံး နိုင်ငံခြားသား တစ်ဦးခံစားရရှိနေသော အကျိုးကျေးဇူးများကို တစ်ဆင့်ခံစားနေသူများပင် လွှတ်တော်အမတ်များ ဖြစ်မလာစေရဟူသော အမျိုးသားကာကွယ်ရေးမူကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၇၄ တွင် သူကိုယ်တိုင်ရေးသားထည့်သွင်းခဲ့သည်။

နိုင်ငံလူဦးရေ၏ လူများစုကြီးဖြစ်ပြီး ဆင်းရဲတွင်းနက်နေသော တောင်သူလယ်သမား၊ အလုပ်သမား၊ ဆင်းရဲသားပြည်သူတိုင်း အလုပ်လုပ်ခွင့်၊ မိမိတို့လုပ်ကိုင်သော ကာယ၊ ဉာဏ၊ ဝီရိယ၊ စွမ်းအားအတိုင်း ခေါင်းပုံဖြတ်ခြင်းမရှိစေဘဲ ဆင်းရဲတွင်းမှ လွတ်မြောက်စေမည့် ဆင်းရဲသားကောင်းစားရေးဝါဒ(ဗိုလ်ချုပ်မိန့်ခွန်းပါ အသုံးအနှုန်း)အရ ဆိုရှယ်လစ်ဇင် ခေါ် ဆိုရှယ်လစ်နိုင်ငံထူထောင်ရန် သန္နိဋ္ဌာန်ချခဲ့သူဖြစ်သည်။

ပြည်ပ သြဇာမခံ၊ ပြည်ပနယ်ချဲ့များကို ပြတ်သားစွာဆန့်ကျင်ပြီး မြန်မာ့လွတ်လပ်ရေးရယူပေးရင်း နယ်ချဲ့လက်ပါးစေ(ဂဠုန်ဦးစောနှင့်အဖွဲ့)၏ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ ဗိုလ်ချုပ်သည် ပြည်သူကို ယုံခဲ့သည်။ ထို့ကြောင့် ပြည်သူ့ရန်သူ နယ်ချဲ့လက်ပါးစေတို့၏ လုပ်ကြံသည်ကို ခံလိုက်ရသည်။

ခရစ်နှစ် ပြက္ခဒိန်၏ ပထမလ ဇန်နဝါရီ ၄ ရက်နေ့သည် မြန်မာတို့၏ အထွတ်အမြတ် လွတ်လပ်ရေးနေ့၊ ဒုတိယလ ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မြန်မာတိုင်းရင်းသားအားလုံး အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့ စုစည်းခဲ့သော မြန်မာ(ပြည်ထောင်စု)ကြီးတစ်ခုလုံး လွတ်လပ်ရေးကို ရယူရန် တိုင်းရင်းသားစုံသွေးစည်းသောနေ့၊ ပြည်ထောင်စုနေ့ထူးနေ့မြတ်ဖြစ်သည်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့သည်ကား လွတ်လပ်ရေးဗိသုကာ၊ ပြည်ထောင်စု ဗိသုကာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကြိုးပမ်းတည်ဆောက်သူ အမျိုးသားခေါင်းဆောင်ကြီး အာဇာနည် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့မင်္ဂလာရက်မြတ် ဖြစ်သည်။ ယခု ၂၀၁၅ ခုနှစ်သည်ကား ၆၇ နှစ်မြောက် လွတ်လပ်ရေးနေ့၊ ၆၈ နှစ်မြောက် ပြည်ထောင်စုနေ့နှင့် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဦးအောင်ဆန်း၊ သခင်အောင်ဆန်း(ခေါ်)မောင်ထိန်လင်း၏ နှစ်(၁၀၀)ပြည့် မွေးနေ့ဖြစ်ပေသည်။ ဗိုလ်ချုပ်ကို မွေးဖွားပေးခဲ့သော နတ်မောက်မှ ရွှေနေ ဦးဖာ၊ ဒေါ်စုတို့ မိဘနှစ်ပါး၊ နယ်ချဲ့အင်္ဂလိပ်က ရာထူးပေးသည်ကို လက်မခံဘဲ သူ့ကျွန်မခံ တွန်းလှန်တိုက်ခိုက်သဖြင့် အင်္ဂလိပ်တို့၏ ခေါင်းဖြတ်သတ်ခံခဲ့ရသည့် (ဗိုလ်ချုပ်အောင်ဆန်းကို နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားရေး ဇာတိမာန်၊ လွတ်လပ်ရေးစိတ်ဓာတ်၊ သူ့ကျွန်မခံစိတ်ဓာတ်နှင့် ရဲစွမ်းသတ္တိအမွေပေးခဲ့သော)မင်းကြီး ရွှေလရောင်ဘွဲ့ခံ ဗိုလ်မင်းရောင်တို့ကိုလည်း မြန်မာ့သမိုင်းမှ မှတ်တမ်းပြုကျေးဇူးတင်နေကြမည်ဖြစ်ပါသည်။

ဗိုလ်ချုပ်၏ တစ်သက်စွဲ လိုက်နာအပ်သော မိန့်ခွန်းကောက်နုတ်ချက်အချို့ တင်ပြရင်း ၆၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရင်း နှစ်(၁၀၀) ပြည့်မွေးနေ့ရှင် ဗိုလ်ချုပ်ကို ဂါရဝပြု ဦးခိုက်လိုက်ပါသည်-

“လွတ်လပ်ရေးဟာ ပေးလို့ရတဲ့ ကိစ္စမျိုးမဟုတ်၊ ယူတတ်မှ၊ ယူနိုင်တဲ့အင်အားရှိမှ တကယ်ရမှာပဲ။ ဒါကြောင့် အခုတော့ဖြင့် လက်ငင်းလိုချင်တာတွေ အခြေခံရပြီ။ ရှေ့ဆက်ပြီး လွတ်လပ်တဲ့နိုင်ငံထူထောင်ဖို့ဟာ ဗြိတိသျှအစိုးရရဲ့လက်ထဲမှာ မရှိဘဲနဲ့ ကျုပ်တို့တိုင်းသူပြည်သားတွေရဲ့ လက်ထဲမှာပဲရှိတယ်” (၄-၂-၄၇ ရက်နေ့ အသံလွှင့် မိန့်ခွန်း)

“ကျွန်တော်တို့ဟာ ဘယ်သူ့ကိုမှ နိုင်ငံရေးအတိုက်အခံသမားတွေကို နှိပ်စက်ညှဉ်းပန်းခြင်းမလုပ်ဘူး။ သို့သော်လည်း ဒီစည်းကမ်းချက်တွေက လွန်လာပြီးတော့ ကိုးရိုးကားရားတိုင်းပြည်အချိန်မဲ့အောင် လုပ်ရင် ဒါ့. . . ကျွန်တော်တို့ ကြည့်မနေနိုင်ဘူး။ ကျွန်တော်တို့အဖွဲ့က အတိုက်အခံသမားတွေကို တရားသဖြင့် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆူပူခွင့် အဲ့ဒီအခွင့်အရေးပေးတာကို အသာယူပြီး မတရားလုပ်ရင်တော့ ကျွန်တော်တို့ သေသေချာချာ ချရမှာပဲဆိုတာ ကျွန်တော်ပြောချင်တယ်”။

“ကျွန်တော်တို့ ဖဆပလအစိုးရကို အသရေဖျက်မှုဖြစ်စေတဲ့ စကားမျိုးကလွဲလို့ရှိရင် ဟုတ်တာ မဟုတ်တာ အပထားလို့ တရားဥပဒေအတွင်းမှာ ခင်ဗျားတို့က ကျွန်တော်တို့ကို ဆဲချင်သလို ဆဲနိုင်တယ်။ ဝေဖန်ချင်သလို ဝေဖန်နိုင်တယ်။ မှန်မှန် မမှန်မှန် သို့သော်လည်း တရားဥပဒေက လွန်မြောက်(ကျော်လွန်ဆန့်ကျင်)လာတဲ့ ကိစ္စမျိုးဆိုရင် သည်းခံပြီးမနေနိုင်ဘူး။ နောက်ပြီးတော့ကား ရထားတဲ့အာဏာကို ခင်ဗျားတို့လက်ထဲ ပြန်ရောက်အောင် ပရိယာယ်မျိုးတွေကို လုပ်ရင်တော့ချရဦးမှာပဲဆိုတာ ကျွန်တော်ပြောချင်တယ်။ အဲ့ဒီတော့ အတိုက်အခံသမားတွေကို ကျွန်တော် တိတိလင်းလင်း ပြောချင်တာက ညစ်ပတ်မယ်လို့တော့ မကြံကြပါနဲ့။ တရားသဖြင့် ကျွန်တော်တို့လက်က အာဏာကိုလုနိုင်တဲ့ နည်းလမ်းအမျိုးမျိုးကို တွေ့ပြီးတော့ လုနိုင်ရင်လု၊ ယူနိုင်ရင်ယူ ကျွန်တော်တို့ အခွင့်အရေးပေးမယ်။ သို့သော်လည်း ညစ်ပတ်တယ် ဆိုပြီးတော့ တိုင်းပြည်မှောက်မှားအောင် မတရားတာတွေကို လျှောက်ပြီး လုပ်နေမယ်၊ လူတွေကို အရမ်းမဲ့သားပုပ်လေလွင့် အကြည်ညိုပျက်အောင်၊ အသရေပျက်အောင်လုပ်မယ်ဆိုလို့ရှိရင်တော့ဖြင့် ကျွန်တော်တို့ သည်းခံပြီးမနေဘူးဆိုတာ တိတိလင်းလင်းပြောချင်တယ်”။

“နောက်ပြီးသတင်းစာတွေကို ကျွန်တော်ပြောချင်တယ်။ သတင်းစာတွေဟာ ဒီအစိုးရလက်ထက်နဲ့ အရင်တုန်းက တခြားအစိုးရလက်ထက်ကို သေသေ ချာချာ နှိုင်းယှဉ်ကြည့်စေချင်ပါတယ်။ ကျွန်တော်တို့ဟာ ဘယ်လိုအစိုးရဆိုတာလဲ အထူးပြောနေစရာမလိုပါဘူး။ အဲ့ဒီတော့ကာ ကျွန်တော်တို့ကို ထောက်ခံအားပေးချင်တဲ့ သတင်းစာတွေလည်း အားပေးချင်ရင် အားပေးကြ၊ ဒီလိုမဟုတ်လို့ ကျွန်တော်တို့ကိုဝေဖန်ပြီးတော့ အတိုက်အခံလုပ်ချင်ကြတဲ့ သတင်းစာတွေဆိုရင်လည်း သဘောအတိုင်းပဲ။ ဒီလိုမှ မဟုတ်လို့ ကျွန်တော်တစ်ခါတုန်းကပြောလို့ အင်မတန်ပဲ မကျေမနပ်ဖြစ်တာလိုပဲ၊ “ဆိတ်လစိ” လုပ်ချင်ကြတဲ့ သတင်းစာတွေလည်း လုပ်ချင်လုပ်ကြပါ။ သို့သော် တစ်ဦးနဲ့တစ်ဦး အကြည်ညိုပျက်စေတဲ့ စကားမျိုး၊ တိုင်းပြည်ဆူပူအောင် လှုပ်ရှားအောင် လှုံ့ဆော်တဲ့ စကားမျိုး၊ ဖက်ဆစ်အစီအမံလို လုံးဝ တစ်ခါတည်း လိမ်လည်လှည့်ဖြားရေးသားတဲ့ အရေးအသားမျိုးဆိုရင် ကျွန်တော်သည်းခံမှာ မဟုတ်ဘူးဆိုတာ တိတိလင်းလင်းပဲ သတိပေးပါရစေ။” (၁၇-၄-၄၇ နေ့ နှစ်သစ်ကူး မိန့်ခွန်းမှ)

ဗိုလ်ချုပ်ကို နိုင်ငံရေးအမြတ်ထုတ် အသုံးချရုံမချကြဘဲ၊ ဗိုလ်ချုပ်၏ စိတ်ဓာတ်၊ ဗိုလ်ချုပ်လမ်းစဉ်၊ ဗိုလ်ချုပ်ရိုးသားမှုမျိုးကို ထက်ကြပ်မကွာခြေရာနင်း အမွေခံထိုက်ကြစေကုန်သော်။

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်မှ

မီဒီယာများအနေဖြင့်လည်း လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုတို့ကို သတိနှင့် ယှဉ်ပြီး ကျင့်သုံးသည့် ဂုဏ်သိက္ခာရှိသော မီဒီယာများအဖြစ် ရပ်တည်ရန် လိုအပ်သည့်အပြင် ဥပဒေကို လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ သတင်းလွတ်လပ်ခွင့်နှင့် စာနယ်ဇင်းအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ၏ ကျင့်ဝတ်ဆိုင်ရာ ဖြေရှင်းရေးလုပ်ငန်းစဉ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ အစိုးရဝန်ကြီးဌာနများ၏ သတင်းထုတ်ပြန်ရေးလုပ်ငန်းစဉ် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် စာနယ်ဇင်းကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျင့်ဝတ်ဆိုင်ရာ ပြဿနာများဖြစ်ပေါ်လာပါက မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)နှင့် ပထမဦးစွာ ညှိနှိုင်းဆောင်ရွက်ပါကြောင်း၊ ညှိနှိုင်း၍မရမှသာ တရားရုံးတွင် ဖြေရှင်းဆောင်ရွက်ပါကြောင်း။

မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် အမေရိကန်၊ ဂျာမနီ၊ စင်ကာပူ၊ ယူနက်စကိုတို့နှင့်ပူးပေါင်းပြီး မီဒီယာသင်တန်း(၂၄)ကြိမ် ပို့ချပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် ၂၀၁၂ ခုနှစ်မှစ၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပညာရှင်များပူးပေါင်းပြီး Media Development Conference ကို နှစ်စဉ်ကျင်းပခဲ့ပါကြောင်း၊ "ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာသင်တန်း"ကို International Media Support(IMS) က ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း အကြိမ် (၂၀)ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မဏ္ဍိုင်ကြီး (၃)ရပ်နှင့် မီဒီယာတို့အကြား ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပပေးခဲ့ပြီးဖြစ်ပါကြောင်း။

သတင်းမီဒီယာသမားများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ဥပဒေနှင့်အညီ ကျင့်ဝတ်လိုက်နာဆောင်ရွက်နိုင်ရန် သတင်းမီဒီယာဥပဒေကို(၁၄-၃-၂၀၁၄)ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၂)ဖြင့် ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် ပတ်သက်၍လည်း သတင်းမီဒီယာဥပဒေအခန်း(၃)တွင် ဖော်ပြပြဋ္ဌာန်းထားပြီး၊ ပြဋ္ဌာန်းချက်များနှင့်အညီ သတင်းရယူခွင့်ပြုထားပြီး ဖြစ်ပါကြောင်း၊ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) တို့ပူးပေါင်း၍ သတင်းမီဒီယာနည်းဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

မီဒီယာသမားများဘက်ကလည်း မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)က ထုတ်ပြန်ထားပြီးဖြစ်သော သတင်းမီဒီယာကျင့်ဝတ်များနှင့် တည်ဆဲဥပဒေများကိုသာ လေးစားလိုက်နာသွားကြမည်ဆိုပါက တရားစွဲခံရခြင်းများမရှိနိုင်ပါကြောင်း၊ သတင်းမီဒီယာများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပြည်ထောင်စုအစိုးရဘက်ကလည်း စာနယ်ဇင်းဥပဒေများနှင့် အညီ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)နှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ အဆိုအတည်မဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

❖ ***ရှေ့ဖုံးမှ***

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအကြား ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ရခိုင်ကမ်းလွန်ရေနက်ပိုင်းရေနံနှင့်ဓာတ်ငွေ့လုပ်ကွက်များ ဆက်လက်လုပ်ကိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စင်ကာပူနိုင်ငံ၌ မှတ်ပုံတင်ထားသည့် Shell Myanmar Energy Pte., Ltd. နှင့် Mitsui Oil Exploration Co.,Ltd Group တို့သည် ရခိုင်ကမ်းလွန် ရေနက်ပိုင်းလုပ်ကွက် AD-9၊ AD-11နှင့် တနင်္သာရီကမ်းလွန် ရေနက်ပိုင်းလုပ်ကွက် MD-5 တို့အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ (Production Sharing Contracts) ကို ဖေဖော်ဝါရီ ၅ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဒေါက်တာမြင့်အောင်၊ ဦးမောင်မြင့်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ Shell Myanmar Energy Pte. Ltd.မှVice-President Exploration Asia/ Australia ဖြစ်သူ Mr. Graeme Smith နှင့် Mitsui Oil Exploration Co.,Ltd မှ President & CEO ဖြစ်သူ Mr. Mitsuo Hidaka နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Shell Myanmar Energy Pte.Ltd. မှ Vice-President Exploration Asia/ Australia ဖြစ်သူ Mr. Graeme Smith နှင့် Mitsui Oil Exploration Co.,Ltd မှ President & CEO ဖြစ်သူ Mr.Mitsuo Hidaka တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူစာချုပ်များကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ Shell Myanmar Energy Pte.Ltd. မှ Vice- President Exploration Asia/ Australia ဖြစ်သူ Mr. Graeme Smith နှင့် Mitsui Oil Explor- ation Co.,Ltd မှ Director ဖြစ်သူ Mr. Kosuke Onishi တို့က လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ရခိုင်ကမ်းလွန် ရေနက်ပိုင်း လုပ်ကွက် AD-9၊ AD-11 နှင့် တနင်္သာရီကမ်းလွန် ရေနက်ပိုင်း လုပ်ကွက် MD-5 တို့ လက်မှတ်ရေးထိုးခြင်းသည် ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်ယူခဲ့ခြင်းအတွက် စတုတ္ထအကြိမ် လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

အဆိုပါစာချုပ်များ လက်မှတ်ရေးထိုးခြင်းမှ Signature Bonus အမေရိကန်ဒေါ်လာ ၆၁ သန်းနှင့် Data Fee အမေရိကန်ဒေါ်လာ ၃ သိန်းရရှိမည်ဖြစ်သည်။ ဖော်ပြပါ လုပ်ကွက် သုံးကွက်အတွက် လေ့လာရေးကာလ နှစ်နှစ်နှင့် ရှာဖွေရေးကာလ ခြောက်နှစ်အတွင်း အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၂၁၅ သန်း သုံးစွဲမည်ဖြစ်သည်။

စာချုပ်များလက်မှတ်ရေးထိုးပြီးပါက နိုင်ငံခြားရေနံကုမ္ပဏီများ အနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုရေး ထိခိုက်မှု ဆန်းစစ်လေ့လာခြင်းလုပ်ငန်းများ (EIA/ SIA) ကို သက်ဆိုင်ရာ လုပ်ကွက်ဒေသများ၌ စတင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခု လက်မှတ်ရေးထိုးသည့် Shell Myanmar Energy Pte. Ltd. သည် အင်္ဂလန်နိုင်ငံနှင့် ဝေလနိုင်ငံများ၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းထားသည့် Royal Dutch Shell Plc. ကုမ္ပဏီများအုပ်စုမှ ဖြစ်သည်။ Shell Group ကုမ္ပဏီများသည် ကမ္ဘာတစ်ဝန်းနိုင်ငံများနှင့် နယ်မြေဒေသ ၇၀ ကျော်၌ လုပ်ကိုင်လျက်ရှိပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်း၊ သဘာဝဓာတ်ငွေ့ရည်များကို ထုတ်လုပ်ရောင်းချခြင်း၊ ဟိုက်ဒရိုကာဗွန်မှ ဓာတ်ဆီနှင့် ဒီဇယ်ဆီစသည့် လောင်စာများကို သန့်စင်ထုတ်လုပ်ခြင်း၊ ရေနံထွက်ပစ္စည်းများ၊ ဓာတုပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စီမံကိန်းများ အပါအဝင် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

အေးချမ်းစွာပညာသင်ကြားရေး ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများတွေ့ဆုံ

သတင်းနှင့်ဓာတ်ပုံ- ခင်ချိုဝင်း

ရန်ကုန် ဖေဖော်ဝါရီ ၆

အေးချမ်းစွာ ပညာသင်ကြားရေးအတွက် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများတွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ဗိုလ်တထောင်မြို့နယ် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ကြီး ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်တင်တင်ထွေးက ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားရေးအတွက် ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲဖြစ်ကြောင်း၊ မိမိတို့ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဖေဖော်ဝါရီ(၁၂)ရက်တွင် ကျရောက်မည့် (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဈေးရောင်းပွဲတော်အတွက် ပေးအပ်လိုက်သည့် တာဝန်များကိုလည်း တွန့်ဆုတ်မှုမရှိဘဲ ကျေပွန်စွာဆောင်ရွက်ခဲ့သည့်အတွက် အားရကျေနပ်မိကြောင်း၊ အပြန်အလှန်ယုံကြည်မှုကြောင့် လုပ်ဆောင်ချက်များ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားရေးနှင့် ကျောင်းသားကျောင်းသူများ၏ အရည်အသွေးကို အထောက်အကူပြုမည့်ကိစ္စရပ်များကိုလည်း စီမံဆောင်ရွက်ထားပါကြောင်း၊ ပညာသင်ချိန်တွင် ပညာသင်ကြားရေးကိုသာ ဇောက်ချပြီး အေးချမ်းစွာ ပညာကိုသင်ယူကြစေလိုကြောင်း၊ အခက်အခဲများရှိလျှင် မိမိနှင့် ဆရာဆရာမများကို ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးနိုင်ကြောင်း၊ မိမိတို့၏ပညာရေးရည်မှန်းချက်ကို မပျောက်အောင် ကြိုးစားကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ ရည်မှန်းချက်အတွက် အပြည့်အဝ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် မွေးနေ့စာပေဟောပြောပွဲကျင်းပမည်

နတ်မောက် ဖေဖော်ဝါရီ ၆

နတ်မောက်မြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့်မွေးနေ့ စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၉ ရက်ညတွင် ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့်မွေးနေ့စာပေဟောပြောပွဲကို နတ်မောက်မြို့ စာပေဟောပြောပွဲတွင် ဦးဘုန်း (ဓာတု)၊ ဗေလုဝ၊ ကိုလေး(အင်းဝဂုဏ်ရည်)၊ ရေနံ့သာဝင်းမောင်နှင့် ဖေဖော်ဝါရီ ၁၀ ရက်နေ့ညတွင်လည်း ညွှန့်ဟံ(ကျူတော)၊ဒေါ်ကြွယ်ကြွယ်၊ တက္ကသိုလ် ကြူကြူသင်းတို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ **လှဝင်း**

တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ နေပြည်တော်၌လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်၌ ရောက်ရှိနေသော တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက် ၇ နာရီတွင် အမှတ်(၇) တည်းခိုရေးစခန်းရှာတော်မှ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်း၊ သတ္တသတ္တာဟစေတီတော်နှင့် ဥပ္ပါတသန္တိစေတီတော်တို့အား လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင် ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်း ပြည်နယ် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊ လွှတ်တော်အဆောက်အအုံ၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၁)နှင့် မြို့မဈေးတို့ကိုလည်းကောင်း ညပိုင်းအထိ အဖွဲ့နှစ်ဖွဲ့ခွဲ၍ တာဝန်ရှိသူများနှင့်အတူ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

တင်ထွန်းအောင်

(၆၈)နှစ်မြောက်ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ဂုဏ်ပြုကြိုဆို

ကသာ ဖေဖော်ဝါရီ ၆

ကသာခရိုင် ကသာမြို့အမှတ်(၅)ရပ်ကွက် မြရွှေညွှန့်မိုးကုတ်ရိပ်သာ၌ ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလယ်တန်း၊ အထက်တန်းဆင့်ကျောင်းသား ကျောင်းသူများအား စာစီစာကုံးပြိုင်ပွဲနှင့် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ ရက်နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဆက်လက်၍ ဖေဖော်ဝါရီ ၁၃ ရက်နံနက် ၈ နာရီတွင် ကြိုက်ခန်းမ၌ စာစီစာကုံးပြိုင်ပွဲနှင့် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်သွားမည်ဖြစ်ပြီး ဆုပေါင်း ၂၄ ဆု ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **ကိုရဲ**

❊ ***ရှေ့ဖုံးမှ***

တိုက်ရိုက်မြင်တွေ့ခံစားနိုင်မည်ဖြစ်သည်။ ကန်သာယာရေကန်၌ အပျော်စီးလှေစုစုပေါင်း ၁၄ စီးခန့်ရှိရာ လှေတစ်စင်းကို တစ်နာရီငွေကျပ် တစ်ထောင်နှုန်းဖြင့် အပျော်စီးနိုင်ကြရာ ဘားအံမြို့သို့လာရောက်သူ ခရီးသွားများ အပျော်စီးလှေများစီးပြီး အပန်းဖြေလျက်ရှိသည်ကို တွေ့ရသည်။

ကန်သာယာရေပြင်ကို သန့်ရှင်းနေစေရန်နှင့် ကန်သာယာတံတားရေရှည်တည်တံ့ခိုင်မြဲစေရန် တံတားပေါ်၌ စက်ဘီးနှင့်ဆိုင်ကယ်များဖြတ်သန်းစီးနင်း မောင်းနှင်ခွင့်မပြုဘဲ လမ်းလျှောက်ဖြတ်သန်းခြင်းသီးသန့်သာခွင့်ပြုပေးထားသဖြင့်ကန်သာယာတံတားသည်လည်း ခိုင်ခံ့လျက်ရှိသည်။

ကန်သာယာရေကန်မှ ဇွဲကပင်တောင်နှင့်ရှုခင်းအလှ၊ ကန်သာယာတံတားနှင့် ဇွဲကပင်ခန်းမတို့ကား ပန်းရလျက်ရှိပြီး ခရီးသွားဧည့်သည်များအတွက် ဆွဲဆောင်မှုရှိသည့် အပန်းဖြေနေရာ တစ်နေရာပင်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

မြန်မာနိုင်ငံနှင့် ဖင်လန်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေး ပိုမိုပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၆

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဖင်လန်နိုင်ငံ စီးပွားရေးဝန်ကြီး H.E. Mr. Jan Vapaavuori ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလ ဆောင်ရွက်ချက်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်(၄)ရပ်၊ အမျိုးသားစီမံကိန်းကို ဗဟိုစီမံကိန်းချစနစ်မှ အောက်ခြေမှ ရေးဆွဲတင်ပြသည့်စနစ်သို့ ပြောင်းလဲဆောင်ရွက်မှုများ၊ အသွင်ကူးပြောင်းရေးကာလတွင် တွေ့ကြုံရသည့် ဘဏ္ဍာရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုခဲ့သည့်အခြေအနေများ၊ နှစ် (၂၀) အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (NCDP)ရေးဆွဲမှုအခြေအနေ၊ ပထမငါးနှစ်စီမံကိန်းတွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်(၇)ရပ်၊ တတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပမည့်ကိစ္စနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် ဖင်လန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် ဖိတ်ခေါ်ကြောင်း ဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် ငွေကြေးဘဏ္ဍာ ပြုပြင်ပြောင်းလဲဆောင်ရွက်မှု အခြေအနေများ၊ အာမခံစနစ်၊ ဘဏ်လုပ်ငန်းနှင့် အသေးစား ငွေချေးလုပ်ငန်းများ ဆောင်ရွက်မှုများ၊ အဓိကကျသည့် ပြုပြင်ပြောင်းလဲမှုများ ဖြစ်သည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို သီးခြားလွတ်လပ်သည့်အဖွဲ့အစည်း အဖြစ်ပြောင်းလဲမှု၊ ငွေလဲလှယ်မှုနှုန်းထားများကို တစ်ပြေးညီဖြစ်အောင် ဆောင်ရွက်မှု၊ အာမခံလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍကို ပါဝင်ဆောင်ရွက်ခွင့်ပြုမှုနှင့် ငွေတိုက်ဦးစီးဌာန အသစ်ဖွင့်လှစ်မှု အခြေအနေများကို ဆွေးနွေးသည်။

ထို့နောက် ဖင်လန်နိုင်ငံ စီးပွားရေးဝန်ကြီး H.E. Mr. Jan Vapaavuori နှင့် စီးပွားရေး ကိုယ်စားလှယ်များက သိရှိလိုသည့် ကိစ္စများကို အပြန်အလှန်ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် ဟောပြောပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရွှေပြည်သာမြို့နယ်(ည/၁၁)ရပ်ကွက် ဇေယျဝတီ ပန်းခြံတွင် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်ဟောပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီမှစ၍ ကျင်းပမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ အကြောင်းအရာများကို အချိန် ၁၀ မိနစ်ကန့်သတ်၍ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ဟောပြောပြိုင်ပွဲတွင်ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အသက် ၁၄ နှစ်မှ ၂၅ နှစ်အတွင်း ရှိရမည်ဖြစ်ပြီး အမည်၊ အသက်၊ မှတ်ပုံတင်အမှတ် နေရပ်လိပ်စာအပြည့်အစုံဖော်ပြ၍ စိတ္တသုခစာသင်တိုက် ရဲရန်အောင်လမ်း (ည/၁၀)ရပ်ကွက် ရွှေပြည်သာမြို့နယ် မေတ္တာရေကြည် "အခမဲ့" ဆေးကုခန်း မြဝတ်ရည်လမ်း (၃၃/၁၀) ရပ်ကွက် ရွှေပြည်သာမြို့နယ် ဖုန်း-၀၉-၂၅၀၁၆၅၇၃၉၊ ၀၉-၇၉၉၇၆၃၂၂၇၊ ၀၉-၄၃၀၇၀၇၉၄၊ ၀၉-၇၃၁၉၂၈၆၉၊ ၀၉-၄၂၀၃၄၁၂၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(မြန်မာ့အလင်း)

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်(C)ဆောင် ဒုတိယအထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းက အဖွင့်အမှာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လိုအပ်ချက်များကို သုံးသပ်ရှင်းလင်း ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် သက်ဆိုင်ရာ ကော်မတီအတွင်းရေးမှူးများ၊ အခွန်အကောက်ခံမှု ဘုတ်အဖွဲ့ဥက္ကဋ္ဌ သူရဦးသောင်းလွင်နှင့် ဝန်ကြီးဌာနများက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် အထွေထွေ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အဆိုပါ အခွန်အကောက် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး လွှတ်တော်က ပိုမိုကောင်းမွန်စေသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန်အတွက် လွန်စွာအရေးကြီးပါကြောင်း၊ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ လွှတ်တော်ကော်မတီများနှင့် ဝန်ကြီးဌာနများအနေဖြင့် ယခုလို လာရောက် ရှင်းလင်းဆွေးနွေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၆

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဦးလှမင်း ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၁၉၈ ဦး၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးချစ်သိန်းခေါင်းဆောင်သည့် မြို့နယ်ပါတီစည်းရုံးရေးမှူးများနှင့် အမှုဆောင်အဖွဲ့ ၁၀၈ ဦး၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဦးကျော်စွာမင်း ခေါင်းဆောင်သည့် မြို့ နယ်ပါတီကော်မတီဝင်များ၊ ရပ်/ကျေးစည်းရုံးရေးမှူးများနှင့် ပါတီဝင် ၂၁၃ ဦး၊ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခ ဒေါ်နီနီအောင် ခေါင်းဆောင်သည့် MPA First Year (15th Batch)နှင့် Dip.DS (9th Batch)တို့က ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၆၄ ဦးနှင့် International School of Myanmar (ISM)မှ ဒေါ်ယုယုဝင်းစံ ခေါင်းဆောင်သည့် ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၀၁ ဦး စုစုပေါင်း ၆၈၄ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။ **(သတင်းစဉ်)**

ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု ပညာရပ်အသင်း (Myanmar Society for Human Resource Management)က ကြီးမှူး၍ ဖေဖော်ဝါရီ ၈ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က War of Talent ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

အောင်သူရ

အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ ဖိလစ်ပိုင်နိုင်ငံမှ ယဉ်ကျေးမှုဆိုင်ရာ စာပေပစ္စည်းများလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၆

ဖိလစ်ပိုင်နိုင်ငံမှ အမျိုးသားစာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး Mr.Alex G.Chun၊ ဇနီး Mrs. Marie Marla Chun တို့က ဖိလစ်ပိုင်နိုင်ငံ ယဉ်ကျေးမှုနှင့် အနုပညာ အမျိုးသားကော်မရှင်မှ ဖိလစ်ပိုင်နိုင်ငံ ယဉ်ကျေးမှုဆိုင်ရာ စာပေပစ္စည်း ၃၁ မျိုးကို လှူဒါန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက လက်ခံရယူခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အတွင်းရှိ စာဖတ်ခန်းများ၊ အထူးစာဖတ်ခန်းများ၊ စာအုပ်စင်ခန်းများ၊ အွန်လိုင်းမှ တစ်ဆင့် ဝန်ဆောင်မှုပေးနေသည့် အီလက်ထရွန်နစ် စာကြည့်တိုက်၊ ရှေးဟောင်း စာပေပစ္စည်းများနှင့် ဘွဲ့လွန်စာကြည့်တိုက်နှင့် သုတစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းခန်းမတို့ကို လှည့်လည်ကြည့်ရှုခဲ့ပြီး အနာဂတ်ကာလတွင် ဖိလစ်ပိုင်နိုင်ငံအမျိုးသားစာကြည့်တိုက်နှင့် မြန်မာနိုင်ငံ အမျိုးသားစာကြည့်တိုက်များအတွင်း စာကြည့်တိုက်ဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းကို အဆင့်မြှင့်တင်လိုပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

စာကြည့်တိုက်ဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

ဘီးလင်း ဖေဖော်ဝါရီ ၆

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းစီဖြင့် သထုံခရိုင် ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာနှင့် ဖွဲ့ကလာကျေးရွာတို့၌ စာကြည့်တိုက် ဆောက်လုပ်နေမှုကို ဘီးလင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင် ဖေဖော်ဝါရီ ၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး စာကြည့်တိုက် သတ်မှတ်ကာလအတွင်းပြီးစီးရေး သက်ဆိုင်ရာကော်မတီများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဆော့ကစားနေသော ကလေးငယ်တစ်ဦး ရေတွင်းထဲကျကာ သေဆုံးလျက်တွေ့ရှိ

လှည်းကူး ဖေဖော်ဝါရီ ၆

လှည်းကူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လှည်းကူးဆေးရုံတွင် ရေနစ်သေဆုံးသူ ကလေးငယ်တစ်ဦး ရောက်ရှိနေကြောင်းသတင်းအရ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီက သွားရောက်စစ်ဆေးရာ လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာနေ အသက် (သုံးနှစ်)အရွယ် ယောကျာ်းလေး ကလေးငယ်တစ်ဦးဖြစ်ပြီး ပြင်ပဒဏ်ရာမရှိဘဲ ရေနစ်သည့်လက္ခဏာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်ကိုစုံစမ်းရာ သေဆုံးကလေးငယ်သည် နေအိမ်ခြံဝင်းအတွင်း၌ ဆော့ကစားနေရာမှ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မတွေ့ရှိတော့သဖြင့် မိသားစုမှလိုက်လံရှာဖွေရာ ခြံဝင်းအတွင်းရှိ အနက် ရှစ်ပေ၊ အကျယ် ငါးပေ၊ ရေအနက်သုံးပေခန့်ရှိသော ရေတွင်းထဲသို့ကျကာ သေဆုံးနေသည်ကို တွေ့ရှိခြင်းဖြစ်ကြောင်း သိရသောကြောင့် ကလေးငယ်သေဆုံးမှုနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်လှမောင်

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

ခရီးစဉ်ဒေသများအလိုက် နိုင်ငံခြားသားခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် မြန်မာနိုင်ငံသည် နိုင်ငံတော်အစိုးရသစ်လက်ထက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ အထူးအာရုံစိုက်ခံရမှုကို ရရှိလာခဲ့ပြီး စီးပွားရေးအရ ရင်းနှီးမြှုပ်နှံလိုသူများ၊ စိတ်ပါဝင်စား၍ အလည်အပတ်လာရောက်လိုသူများဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ နှစ်စဉ်တိုးတက်လာလျက်ရှိရာ ခရီးသွားလုပ်ငန်းကဏ္ဍမှာလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

မကြာသေးမီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)နှင့် (၂)တို့၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ "အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅" နှင့်ဆက်စပ်အစည်းအဝေးများ၊ ခရီးသွားပြပွဲများကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ပြီး ဒေသတွင်းသာမက နိုင်ငံတကာ ခရီးသွားလုပ်ငန်းရှင်များကပင် ချီးမွမ်းခဲ့ကြသော ခရီးသွားပြပွဲကြီးတစ်ခုအဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် အဆိုပါ "အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅" ဖွင့်ပွဲတွင် မြန်မာနိုင်ငံအား Lonely Planet Magazine က ရွေးချယ်ချီးမြှင့် ပေးအပ်ခဲ့သည့် ၂၀၁၄ ခုနှစ်အတွက် Best in Travel-AEC Country ဆု ကိုပါ တစ်ပါတည်းလက်ခံရယူနိုင်ခဲ့သည်။

နိုင်ငံတော်က ဦးစားပေးလုပ်ငန်းကဏ္ဍတစ်ခုအဖြစ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လမ်းညွှန်ချက်နှင့်အညီ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း၊ မဟာဗျူဟာစီမံကိန်းများနှင့် စီမံကိန်းပါရေတို၊ ရေရှည်လုပ်ငန်းစဉ်များရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိသည့်အပြင် နှစ်စဉ် နိုင်ငံခြားသား ခရီးသွားဧည့်သည် တိုးတက်ဝင်ရောက်လာသည်နှင့်အမျှ လိုအပ်ချက်များဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီး၌ ဟိုတယ်များအရေအတွက်တိုးပွားရေး၊ တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဆိုင်ရာ ဝန်ဆောင်မှုအရည်အသွေးများကောင်းမွန်ရေး၊ လက်ရှိခရီးစဉ်ဒေသများကို အဆင့်မြှင့်တင်နိုင်ရေးနှင့် ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံမှုရှိစေရေး၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုပိုမိုဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြှင့်တင်ကြော်ငြာရေးစသည်ဖြင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် စဉ်ဆက်မပြတ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ဆောင်ရွက်မှုများ၏ရလဒ်အဖြစ် ထင်ရှားသောခရီးစဉ်ဒေသများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ ပုဂံနှင့် တောင်ကြီး (အင်းလေး)ဒေသများ၌ နိုင်ငံခြားသားခရီးသွားဧည့်သည်ဝင်ရောက်မှုသည် နေ့စဉ်တိုးတက်များပြားလာလျက်ရှိပြီး အခြားသောခရီးစဉ်ဒေသများ၌လည်း သဘာဝအရင်းအမြစ်များ၊ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ၊ တောတောင်ရှုခင်းအလှအပများ၊ လူမျိုးစုများ၏ရိုးရာဓလေ့ထုံးစံများကို မိမိကိုယ်တိုင်စိတ်ပါဝင်စားသည့်ကဏ္ဍအလိုက် လှည့်လည်သွားလာနေကြသည့် နိုင်ငံခြားသားများကိုပါ တွေ့မြင်နိုင်သည်။

ထို့အပြင် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများကလည်း ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးမှုနှင့်နိုင်ငံခြားသားခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်နေမှုအခြေအနေများကို သက်ဆိုင်ရာသတင်းဖော်ပြချက်ကဏ္ဍအသီးသီး တွင် မှတ်တမ်းဓာတ်ပုံများဖြင့် ရေးသားဖော်ပြလျက်ရှိသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းသည် ဒေသခံပြည်သူများအတွက် အကျိုးစီးပွားတိုးတက်မြင့်မားရေးကို များစွာအထောက်အကူပြုနိုင်သည်ဖြစ်ရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ကောင်းမွန်ပြည့်စုံသောမူဝါဒနှင့် စီမံခန့်ခွဲမှုများ၊ တိကျခိုင်မာသော ရည်မှန်းချက်များထားရှိပြီး ဒေသခံလူထုနှင့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိသော စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ခရီးသွားလုပ်ငန်းဖြစ်ထွန်းအောင်မြင်ရေးအတွက် မြန်မာ့ရေမြေ သဘာဝအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသားလူမျိုးများ၏ဓလေ့ထုံးစံ အစရှိသည့် အရင်းအမြစ်များကို အခြေပြုပြီး အကျိုးရှိစွာဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ရဲချုပ်တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကြိမ်(၂၀)မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က အမှတ်(၁၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ စက်ပစ်ကွင်း၌ ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၃၅ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်သူရဘိုနီက အဖွင့်မိန့်ခွန်းပြောကြားပြီး မိုးပျံပူဖောင်းကို သေနတ်ဖြင့်ပစ်၍ ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် ဘီအေ ၉၄ ပစ်ခတ်စဉ်အလိုက် တစ်ဦးချင်းဆုတွင် ပစ်ခတ်စဉ်(၁)၊ ပစ်ခတ်စဉ်(၂) နှင့် ပစ်ခတ်စဉ်(၃)တို့တွင် ပထမဆုရရှိသူများအားလည်းကောင်း၊ ဒသမ ၃၀၃ ရိုင်ဖယ်စိတ်ကြိုက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယနှင့် တတိယဆုရရှိသူများအားလည်းကောင်း၊ ဘီအေ ၉၄ ပြိုင်ပွဲတစ်ခုလုံးအတွက် အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအားလည်းကောင်း၊ ဒသမ ၃၀၃ ရိုင်ဖယ် စိတ်ကြိုက်ပြိုင်ပွဲအတွက် အသင်းလိုက်ပထမဆု မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ဒုတိယဆု ရထားရဲတပ်ဖွဲ့၊ တတိယဆု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့တို့က လည်းကောင်း၊ အကောင်းဆုံးသေနတ်သမားဆုကို မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲတပ်ကြပ် တေဇာအောင်ကလည်းကောင်း ရရှိပြီး ဆုရရှိသူများအား ရဲဦးစီးအရာရှိချုပ်၊ ရဲထောက်ချုပ်နှင့် တပ်ဖွဲ့မှူးများက ဆုများအသီးသီး ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ရဲချုပ်တံခွန်စိုက်ဒိုင်းဆုရ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦးက ဆုချီးမြှင့်ကြောင်း သိရသည်။

ဇော်မျိုးနိုင်

နယ်သာလန်မှ ရေထွက်ကုန်လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန်အဆိုပြု

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ၏ ရေထွက်ကုန်ကဏ္ဍ ပိုမိုတိုးတက်ရေးအတွက် အဆင့်မြှင့်တင်လျက်ရှိရာ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးတက်ဆောင်ရွက်ရန်အတွက် နယ်သာလန်နိုင်ငံနှင့် မကြာမီ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

နယ်သာလန်နိုင်ငံအတွင်းရှိ ရေထွက်ကုန်လုပ်ငန်းရှင်များစုပေါင်းဖွဲ့စည်းထားသောအဖွဲ့က မြန်မာနိုင်ငံသို့ ဇန်နဝါရီအတွင်း လာရောက်ခဲ့ပြီး ၎င်းတို့က ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသည့်အတွက် ဝန်ကြီးဌာနသို့ လုပ်ငန်းဆောင်ရွက်ခွင့်အဆိုပြုလွှာ တင်သွင်းမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရှိရသည်။

"နိုင်ငံရဲ့ ရေထွက်ကုန်တွေဟာ နိုင်ငံတကာနဲ့ နှိုင်းယှဉ်မယ်ဆိုရင် အလားအလာ အများကြီးရှိပါတယ်။ လုပ်ငန်းရှင်တွေ အတော်များများ မျက်စိကျစရာ အခွင့်အလမ်းဖြစ်နေတယ်။ ပြည်တွင်းလုပ်ငန်းရှင်အများစုရဲ့အားနည်းချက်က တင်ပို့မှုအခက်အခဲနဲ့ပြည်ပဈေးကွက်ရရှိမှု အားနည်းတာကြောင့် နိုင်ငံတကာက လုပ်ငန်းရှင်တွေအတွက် အခွင့်အလမ်းတွေဖြစ်နေရတာပါ။ နယ်သာလန်က လုပ်ငန်းရှင်တွေအနေနဲ့ ငါးဖမ်းလုပ်ငန်းကနေ အစပြုပြီး သူတို့က အေးခဲတဲ့အဆင့်အထိ တာဝန်ယူမယ်။ ပြီးရင် ပြည်ပတင်ပို့မယ်ဆိုပြီး အဆိုပြုထားပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူကပြောသည်။

ငါးလုပ်ငန်းလုပ်ကိုင်သူ ဦးတင်ရွှေက "နိုင်ငံတကာက လာရောက်လုပ်ကိုင်တာကို ကြိုဆိုပါတယ်။ ဒါပေမယ့် လုပ်ငန်းဝေစု အားနည်းမှာကို စိုးရိမ်ပါတယ်။ ဒီမှာက ကျွန်တော်တို့အနေနဲ့ လက်ခစားစနစ်နဲ့ အများဆုံး လုပ်ကိုင်နေကြရတာ။ ကိုယ်ပိုင်ဈေးကွက် ကွန်ရက်မရှိတာက အဓိကပြဿနာဖြစ်နေတယ်"ဟု ဆိုသည်။

ခင်ရတနာ

အမည်၊ ကုန်အမှတ်တံဆိပ် သတိပေးတားမြစ်ခြင်း

[illegible] UNIVERSE INDUSTRIAL GROUP CO.,LTD [illegible]

TOP ONE (တော့ပ်ဝမ်း)

[illegible] TOP ONE [illegible]

[illegible] UNIVERSE INDUSTRIAL GROUP CO.,LTD [illegible]

[illegible] UNIVERSE INDUSTRIAL GROUP CO.,LTD [illegible]

[illegible]

ပျောက်ဆုံးကြောင်း

ဦးရဲနိုင်ဦး ၁၄/ငရက(နိုင်)၀၀၀၈၃၈၏ သွင်းကုန်ပါမစ် (ISP IDV 8 14-15 57764 02/12/14), Import Declaration No.815272 နှင့် ကားဓာတ်ပုံများပါဝင်သော အမှုတွဲဖိုင်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဦးနေဝင်းနိုင်
ဖုန်း-၀၉-၄၂၀၀၉၅၇၃၃

တင်ဒါခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)တွင် ထိန်းသိမ်းထားသည့် သတင်းစာလုပ်ငန်း ဘေးထွက်သတင်းစာရိုက်ပျက် ပိဿာ (၁၁၀၀၀) ကျော်အား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများသည် ၉-၂-၂၀၁၅ရက် ညနေ ၃နာရီတွင် စပေါ်ငွေကျပ် ၃၀၀၀၀၀/- (ကျပ်သုံးသိန်းတိတိ)နှင့်အတူ မည်သူမဆို လာရောက်လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
၂၀×၂၁လမ်း၊ ၈၂×၈၃လမ်းကြား၊ မန္တလေးမြို့
ဖုန်း-၀၂-၇၃၂၁၉

ပြင်ဆင်ဖတ်ရှုပါရန်

၂-၂-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင်ဒဂုံမြို့သစ်(မြောက်ပိုင်း) အစား ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြေတိုင်းရပ်ကွက် ၁၃၇၊ မြေကွက်အမှတ် ၅၈၉ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖြည့်စွက်ဖတ်ရှုပါရန်

၆-၂-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၁၂၊ ကော်လံ ၁၊ ၂၊ ၃၊ ၄ ပါ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ကြော်ငြာစာအမှတ် ၁/၂၀၁၅ လျှောက်လွှာခေါ်ယူခြင်းတွင် အပိုဒ်(၂)(ဓ)ပါ အမှတ်စဉ်(ဃ)ရာထူးနေရာအတွက် လျှောက်ထားသူသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

အမည်ပြောင်း

ဦးခင်မောင်ငွေ၏ သားနှင့်သမီး အထက(စလင်း) အဌမတန်းမှ မငွေးသီရိအောင်နှင့် ပဉ္စမတန်းမှ မောင်ခန့်ဇော်ငွေးတို့အား မသဉ္ဇာဆုအောင်နှင့် မောင်လင်းခန့်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

မြေကွက်ရောင်းရန်ရှိသည်

လှိုင်တက္ကသိုလ်နယ်မြေ၊ MICT Park အနီး၊
အကျယ်(၈၀'×၈၀')၊ ဂရန်အမည်ပေါက်
မြေကွက်နှစ်ကွက်ရောင်းရန်ရှိသည်။ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (ပွဲစားမလို)
ဖုန်း-၀၉-၂၅၂၆၃၈၂၄၆

ဥတုရာသီ တောကိုမှီ

ပြည်တွင်းသတင်း

သရက်မြို့နယ် ရေနံလုပ်ကွက်တွင် ထိုင်းကုမ္ပဏီမှ ရေနံရှာဖွေရေးပြုလုပ်မည်

သရက် ဖေဖော်ဝါရီ ၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ MOGE လုပ်ကွက်ဧရိယာအတွင်းရှိ MTTEP SA (ထိုင်းကုမ္ပဏီ)မှ ရေနံရှာဖွေရေး (ဆိုက်စမစ်)လုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းစဉ်များအား ပြည်သူလူထုအတွင်း ရှင်းလင်းတင်ပြဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အမှာစကားပြောကြားပြီး MOGE မှ ဦးဝင်းမြင့်မောင်က ရေနံရှာဖွေတူးဖော်ခြင်းလုပ်ငန်းများကို ဗီဒီယိုပြသ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းစဉ်များကိုဆွေးနွေးခဲ့သည်။

စမ်းသပ်ကာလကို ၂၀၁၅ အောက်တိုဘာတွင် စတင်၍ဆောင်ရွက်မည်ဖြစ်ပြီး စမ်းသပ်ကာလအတွင်း စိုက်ခင်းများပျက်စီးဆုံးရှုံးမှုရှိပါက လက်ရှိဒေသပေါက်ဈေး၏ သုံးဆပေးလျော်မည် ဖြစ်ကြောင်း၊ ဆက်စပ်သည့် ယာယီဖြတ်သန်းသွားလာ သုံးစွဲခွင့်၊ ပျက်စီးဆုံးရှုံးမည့် သီးနှံများလျော်ကြေး၊ မလွှဲမရှောင် ပျက်စီးသွားမည့် ချောင်းမြောင်းများကို မူလအနေအထားအတိုင်း ပြန်လည်ပြုပြင်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ယခုလုပ်ကွက်သည် မြန်မာတစ်နိုင်ငံလုံးတွင် ဧရိယာအကြီးဆုံး ဖြစ်ကြောင်း၊ ကီလိုမီတာ ၁၂၀၇ ရှိပြီး ကီလိုမီတာ ၁၀၀၀ ကျော် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ပေါက်ကလေး(သရက်)

ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု နံရံကပ်စာစောင်ပြသ

သထုံ ဖေဖော်ဝါရီ ၆

သထုံမြို့ သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ရုံး၌ ဖေဖော်ဝါရီ ၆ရက် နံနက် ၉နာရီက ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်ပြပွဲ ကျင်းပခဲ့သည်။ ပြပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မှတ်တမ်းများ၊ အဆိုအမိန့်များ၊ ဓာတ်ပုံများ၊ စာအုပ်စာစောင်များ၊ ကာတွန်းပုံများကို ခင်းကျင်းပြသထားပြီး ပြည်သူများ၊ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုခဲ့ကြောင်း သိရသည်။

ခွန်(ဝင်းပ)

ဆိုင်ကယ်တိမ်းမှောက်ပြီး ဒဏ်ရာရသေဆုံး

ဝန်းသို ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့မရဲစခန်း၏ အရှေ့မြောက်ဘက် မိုင် ၅၀ ခန့်အကွာရှိ ဗန်းမောက်မြို့နယ် ပင့်စင်တဲကျေးရွာနှင့် ပိန္နဲပင်ရွာအကြား လမ်းမပေါ်တွင် ဖေဖော်ဝါရီ ၅ ရက် ည ၁၀ နာရီခွဲက ဗန်းမောက်မြို့နယ် မင်းကုန်းအုပ်စု ဆည်ကြီးကျေးရွာနေ ကျော်ထူး(၁၈ နှစ်)သည် ရင်ဇင်းအနက်ရောင် ဆိုင်ကယ်ဖြင့် အရှိန်ပြင်းစွာစီးနင်းမောင်းနှင်လာစဉ် ပင့်စင်တဲရွာနှင့် ပိန္နဲပင်ကျေးရွာအကြား လမ်းမပေါ်တွင် ဆိုင်ကယ်မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် ကျော်ထူးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် နမ်းခမ်းတိုက်နယ်ဆေးရုံမှတစ်ဆင့် ဝန်းသို ပြည်သူ့ဆေးရုံသို့ရောက်ရှိ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားကြောင်း သိရသဖြင့် ဝန်းသိုမြို့မရဲစခန်းက အရေးယူခဲ့ပြီး စခန်းမှူး ဒုရဲမှူး တင်မောင်ဝင်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ပထမအကြိမ် ပရိဘောဂ ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဝါးလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းကျင်းပမည့် ပထမအကြိမ် ပရိဘောဂဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းပေါ်ရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံမှ သစ်၊ ကြိမ်၊ ဝါးပရိဘောဂကုမ္ပဏီများသာမက ပြည်ပမှပရိဘောဂကုမ္ပဏီပါပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကြိမ်နှင့်ဝါး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်သူက ပြောကြားသည်။

မွန်းဦးနဒီ

မေတ္တာလှိုင်းယာဉ်ဘရိတ်ပေါက် လမ်းလယ်တုံးများဝင်တိုက် တစ်ဦးသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၆

ဖေဖော်ဝါရီ ၃ ရက် နံနက် ၇ နာရီခန့်တွင် လှိုင်သာယာဘက်ခြမ်းမှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော မေတ္တာလှိုင်း(၅)ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်တစ်စီး အောင်ဇေယျကြိုးတံတားအဆင်းအင်းစိန်ဘက်ခြမ်းတွင်ဘရိတ်ပေါက်ရာမှလမ်းလယ်ရှိ လမ်းတားတုံးများကို ဝင်တိုက်မိပြီး တစ်ဖက်ယာဉ်ကြောပေါ်သို့ရောက်ရှိသွားသည်။ လမ်းတားတုံးအချို့ ပျက်စီးသွားပြီး ယာဉ်ရှေ့ပိုင်းဘီးတစ်ဘီးကျွတ်ထွက်သွားကာ လမ်းဘေးရှိ စာသင်ကျောင်းအနီးရောက်ရှိသွားကြောင်း၊ လမ်းလယ်ရှိ လမ်းဖြတ်ကူးသူနှစ်ဦးကိုတိုက်မိရာအသက် ၃၀ ကျော် အမျိုးသမီးတစ်ဦး သေဆုံးသွားသည်ဟု ယင်းနေရာအနီးမျက်မြင်တွေ့ရှိသူများကဆိုသည်။

အဆိုပါ ယာဉ်တိုက်မှုကို အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်းသိရသည်။ အောင်ဇေယျကြိုးတံတားအဆင်း အင်းစိန်ဘက်ခြမ်းတွင် မကြာခဏယာဉ်တိုက်မှု ဖြစ်ပွားပြီး ထိခိုက်သေဆုံးမှုများရှိသည်။ အဆိုပါ နေရာအနီးတွင် စာသင်ကျောင်းလည်းရှိနေရာ လမ်းသွားလမ်းလာ အန္တရာယ်ကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးစေလိုသည်ဟု ၎င်းနေရာအနီးတွင်ဈေးဆိုင်ဖွင့် ရောင်းချနေသူတစ်ဦးကဆိုသည်။

ခင်ဆိုင်

ဥရောပပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၄) **ဖေဖော်ဝါရီ ၇**

စပါး	-	အာဆင်နယ်	ည ၇း၁၅
အက်စ်တွန်ဗီလာ	-	ချယ်လ်ဆီး	ည ၉း၃၀
လက်စတာ	-	ပဲလေ့စ်	ည ၉း၃၀
မန်စီးတီး	-	ဟားလ်စီးတီး	ည ၉း၃၀
ကျူပီအာ	-	ဆောက်သမ်တန်	ည ၉း၃၀
ဆွမ်ဆီး	-	ဆန်းဒါးလန်း	ည ၉း၃၀
အဲဗာတန်	-	လီဗာပူး	ည ၁၂း၀၀

အီတလီစီးရီးအေ ပွဲစဉ်(၂၂) **ဖေဖော်ဝါရီ ၇/၈**

ဗီရိုနာ	-	တိုရီနို	ည ၁၁း၃၀
ဂျူဗင်တပ်စ်	-	အေစီမီလန်	နံနက် ၂း၁၅

စပိန်လာလီဂါ ပွဲစဉ်(၂၂) **ဖေဖော်ဝါရီ ၇/၈**

အက်သလက်တီကို	-	ရီးရဲမက်ဒရစ်	ည ၉း၃၀
ဗီလာရီးရဲလ်	-	ဂရန်နာဒါ	ည ၁၁း၃၀
လီဗန်တေး	-	မာလာဂါ	နံနက် ၁း၃၀
ဆိုစီဒက်	-	ဆယ်လ်တာဗီဂို	နံနက် ၃း၃၀

ပြင်သစ်လီဂူး ပွဲစဉ်(၂၄) **ဖေဖော်ဝါရီ ၇/၈**

ရန်းနက်စ်	-	မာဆေး	ည ၉း၃၀
ဘတ်စ်တီယာ	-	မတ်ဇ်	နံနက် ၁း၃၀
ကိန်း	-	တူးလော့စ်	နံနက် ၁း၃၀
အီဗီယန်	-	ဘော်ဒိုး	နံနက် ၁း၃၀
မောင့်ပယ်လီယာ	-	လိုင်လီ	နံနက် ၁း၃၀
ရိမ်းစ်	-	လော်ရီယန့်	နံနက် ၁း၃၀

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၀) **ဖေဖော်ဝါရီ ၇**

ဝုဖ်ဘတ်	-	ဟော်ဖန်ဟိမ်း	ည ၉း၀၀
မိန့်ဇ်	-	ဟာသာဘာလင်	ည ၉း၀၀
ဖရိုင်းဘတ်	-	ဒေါ့မွန်	ည ၉း၀၀
စတုဂတ်	-	ဘိုင်ယန်မြူးနစ်	ည ၉း၀၀
ကိုလုံး	-	ပါဒါဘွန်း	ည ၉း၀၀
ဟမ်းဘတ်	-	ဟန်နိုဗာ	ည ၁၂း၀၀

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

အိမ်ဆောက်ရန်အချိန်မပေးနိုင်သူများ၊ အိမ်ဆောက်ရန်စိတ်ညစ်နေသူများအတွက် အဆင်သင့်နေထိုင်နိုင်သောတိုက်သစ်

၁။ ကိုယ့်ဝင်း၊ ကိုယ့်ခြံဖြင့်နေလိုသူများ၊ ဝန်ဆောင်မှုပေးစရာမလိုသောကိုယ်ပိုင်အိမ်ရာဝင်း၊ RC နှစ်ထပ်၊ မြေအကျယ် မျက်နှာဝ ပေ ၉၀၊ ရှေ့နောက် ပေ ၇၀၊ အိမ်အကျယ်အဝန်း 7000 Sqft ၊ Master Bedroom (၃)ခန်း၊ ရိုးရိုးအိပ်ခန်း (၂)ခန်း၊ အိမ်အနောက်တွင် အိမ်အကူမိသားစုနေနိုင်သော သီးသန့်ခန်း(၁)ခန်း ကြိုးဖုန်း၊ Aircon (၆)လုံး၊ ကားနှစ်စီးရပ်နားနိုင်သော ကားဂိုဒေါင်၊ (၂၀'× ၇၀') ကျယ်ဝန်းသောမြက်ခင်းပြင်၊ တစ်ခြံလုံးနီးပါးကြွေပြားခင်းပြီး၊ ရန်ကုန်မြို့ထဲမှ ၃၅မိနစ်ခန့်သွားလျှင် ရောက်နိုင်သောနေရာ၊ အဆင်သင့်တက်နေရန် ဆောက်ပြီးသောတိုက်သစ်၊ ထောင့်ခြံ ပတ်ဝန်းကျင်ကောင်း ဆိတ်ငြိမ်၊ လေကောင်းလေသန့်ရ၊ ကွန်ဒိုတိုက်ခန်းများ ကျပ်သိန်း (၇၀၀၀၊ ၈၀၀၀) ဖြစ်နေသောအချိန်တွင် ရောင်းဈေးကျပ်သိန်း (၄၅၀၀)ဖြင့် ရရှိနိုင်မည့်အခွင့်အရေး။ ကျပ်သိန်း (၄၅၀၀)

တန်ဖိုးနည်းနည်းနှင့် မြေကွက်ကျယ်ကျယ် အချက်အချာကျနေရာကောင်းလိုချင်သူများအတွက်

၂။ ငွေရှိပြီး ဘာလုပ်မှန်းမသိစဉ်းစားနေသူများ၊ တိုးပွားအောင်လုပ်ချင်သူများအတွက် သီလဝါသွားသော ရန်ကုန်-သန်လျင် အမှတ်(၂) ခြောက်လမ်းသွားလမ်းမကြီးဘေး၊ သီလဝါစက်မှုဇုန်သို့ (၅)မိနစ်ခန့်သွားရသော နေရာတွင်ရှိသော လယ်မြေ(၁၆)ဧက၊ (၁)ဧက=ကျပ်သိန်း(၄၀၀)၊ အရှုပ်အရှင်းကင်း၊ ပိုင်ရှင်တိုက်ရိုက်၊ ရန်ကုန်မြို့လယ် ဗန္ဓုလတံတားထိပ်သို့ မိနစ်(၃၀)အတွင်း ရောက်ရှိနိုင်သောနေရာ မြှုပ်နှံထားလျှင် တန်ဖိုးအလွန်တက်ရန်ရှိသောမြေနေရာ၊ သီလဝါမြေ (၁)ဧက ကျပ်သိန်း (၇၅၀၀)ရှိနေသောအချိန်တွင် (၁)ဧက ကျပ်သိန်း(၄၀၀)ဖြင့်ရရှိနိုင်သောအခွင့်အလမ်း၊ ဖုန်းလေးတစ်ချက်ဆက်ရုံဖြင့် အကျိုးရှိနိုင်မည့်အခွင့်အရေး။ (၁)ဧက=ကျပ်သိန်း(၄၀၀)

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၁-၅၆၂၄၃၈၊ ၀၁-၅၇၂၂၂၄

ပြည်တွင်းသတင်း

ကုမ္ပဏီဥပဒေနှင့် အများပြည်သူအစုရှယ်ယာများ ပါဝင်နိုင်ရေး ကနဦးကမ်းလှမ်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အင်္ဂလန်နိုင်ငံ၌ ရုံးချုပ်ရှိပြီး စင်ကာပူနိုင်ငံနှင့် ကမ္ဘာအရပ်ရပ်တွင် ရုံးခွဲရှိသော ဥပဒေအဖွဲ့အစည်းတစ်ခုဖြစ်သည့် Berwin Leighton Paisner (BLP) တို့ ပူးပေါင်းကျင်းပသည့် ကုမ္ပဏီဥပဒေနှင့် အများပြည်သူ အစုရှယ်ယာများပါဝင်နိုင်ရေး ကနဦး ကမ်းလှမ်းခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ဖေဖော်ဝါရီ ၅ ရက်က ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကို ၁၉၁၄ ခုနှစ်တွင် ပြဋ္ဌာန်းပြီးနောက် မိမိတို့နိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅ အရ စျေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်နေပြီး နိုင်ငံတော်သမ္မတကလည်း စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းအားပေးလျက်ရှိကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့် အလားတူသည့် အင်္ဂလန်နှင့် အိန္ဒိယဥပဒေများမှာ ခေတ်နှင့် လျော်ညီစွာ အဆင့်ဆင့်ပြင်ဆင် ပြဋ္ဌာန်းလာခဲ့သည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေမှာ အသုံးဝင်သော ဥပဒေဖြစ်ပြီး ပိုမိုကောင်းမွန်လာစေရန်၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ သက်ဆိုင်ရာ အစိုးရဌာနများအားလုံးက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မြန်မာနိုင်ငံ၏ စျေးကွက်စီးပွားရေးစနစ်နှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသည်နှင့်အမျှ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲ၌ မြန်မာနှင့် ဗြိတိန်နိုင်ငံတို့၏ ကုမ္ပဏီဥပဒေများအကြောင်း ဆွေးနွေးကြမည့်အပြင် စတော့စျေးကွက်အတွက် အရေးပါသည့် အကြောင်းအရာတစ်ခုဖြစ်သော Initial Public Offerings(IPOs)ကိုလည်း ဆွေးနွေးကြမည်ဖြစ်ရာ အနာဂတ်မြန်မာနိုင်ငံ၏ ပြည်တွင်း ပြည်ပ ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် များစွာအကျိုးဖြစ်ထွန်းမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ BLP မှ တာဝန်ရှိသူ Mr. Mark Chan က ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပူးပေါင်း၍ ယခုကဲ့သို့ Workshop တစ်ခုကို အောင်မြင်စွာ ကျင်းပနိုင်ခွင့်ရသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ ယခုဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံနှင့် UKနိုင်ငံတို့မှ ကုမ္ပဏီနှင့် ဥပဒေတို့ကိုလည်းကောင်း၊ စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်မည့် စတော့စျေးကွက်ဆိုင်ရာ IPOs များအကြောင်းကိုလည်းကောင်း ဆွေးနွေးသွားကြမည်ဖြစ်၍ ယခုအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု ရှေ့နေချုပ်နှင့်အတူ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းသား သင်တန်းသူ ဥပဒေအရာရှိများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ သက်ဆိုင်ရာ ဥပဒေပညာရှင်များ၊ BLP မှ ဥပဒေကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် မိုးပွင့်အထူးစီမံချက်အရ ကွင်းဆင်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၄ ရက်က ချိုင်ကျေးရွာအုပ်စု မဲဒီ(အရှေ့)ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီနှင့်အဖွဲ့၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုကော်မတီများ ပူးပေါင်း၍ အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးသူ ၁၃၈ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

မင်းမင်းလတ်(ရုပ်ဗေဒ)

ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကျောင်းအိုင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများကို ဒေါက်တာ ခင်မာချိုဖောင်ဒေးရှင်းကချီးမြှင့်သည့် ပညာသင်ဆုများ ပေးအပ်ပွဲနှင့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီစတုတ္ထပတ်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကောနဲလ်တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ ခင်မာချိုက သူငယ်တန်းမှ ဆဋ္ဌမတန်းထိ အတန်းလိုက် ပညာသင်ဆုရရှိသူ ခုနစ်ဦးအတွက် ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းဝတ်စုံ ၃၀၀ နှင့် ဗလာစာအုပ်၊ ခဲတံစသည့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ ကောနဲလ်တက္ကသိုလ်မှ ပါမောက္ခများ၊ Mekong Economics မှ ပညာရှင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဟသ်ာတခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

"အလှူရှင်အနေနဲ့ သူ့ဇာတိရပ်ရွာက ကျောင်းသားတွေအတွက် အခုလိုလှူဒါန်းပေးနေရုံမက ကျောင်းအဝင်လမ်းကို ကွန်ကရစ်လမ်းခင်းပေးခဲ့ပြီး ကျောင်းဝင်းကိုလည်း ခြံစည်းရိုး၊ သံတံခါးတွေ သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ရွာအဝင်လမ်းကိုလည်း အမာခံလမ်းအဖြစ် ဖောက်လုပ်နိုင်အောင် ငွေကြေးထည့်ဝင်လှူဒါန်းထားပါတယ်" ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးက ပြောကြားသည်။

အလှူရှင်ဒေါက်တာ ခင်မာချိုကလည်း " ကျွန်မတို့ရွာက ကလေးတွေကို နိုင်ငံတကာအဆင့်မှာ ပညာထူးချွန်တဲ့ စာကြိုးစားတဲ့ကလေးတွေဖြစ်စေချင်ပါတယ်။ ဒါကြောင့် ကျွန်မတတ်နိုင်တဲ့ဘက်ကနေ မြေတောင်မြှောက်ပေးတဲ့အနေနဲ့ ပံ့ပိုးလှူဒါန်းပေးနေတာပါ" ဟု ပြောကြားခဲ့သည်။

(မြန်မာ့အလင်း)

နည်းပညာတက္ကသိုလ်(သန်လျင်) စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၆

နည်းပညာတက္ကသိုလ် (သန်လျင်) စုပေါင်းသွေးလှူဒါန်းပွဲကို တက္ကသိုလ်ခန်းမဆောင်၌ ကျင်းပရာ နည်းပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာကေသီလွင်နှင့်ဆရာ ဆရာမများ တက်ရောက်အားပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးဌာနမှ ဒေါက်တာ ဇင်ဇင်ငြိမ်းနှင့် ဆရာဝန်များ သူနာပြုများက သွေးလှူဒါန်းသော ကျောင်းသား ကျောင်းသူ ၄၀၀ ၏သွေးများကို လှူဒါန်းမှုအဆင်ပြေရေးအတွက် ကူညီဆောင်ရွက်ပေးကြသည်။

နည်းပညာတက္ကသိုလ် (သန်လျင်)အနေဖြင့် ယနေ့လှူဒါန်းမှုမှာ (၈)ကြိမ်မြောက် လှူဒါန်းကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(ဂ)၊ မြေကွက်အမှတ် ၁၈၇/က၊ မြေကွက်တည်နေရာအမှတ် ၁၈၇/က၊ ပိတောက်မြိုင်လမ်း၊ မြို့သစ် (ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ် (ဦးမျိုးမော်) အမည်ပေါက် ပါမစ်မြေအား ဒေါ်စန္ဒာမြင့် ၁၂/မဘန(နိုင်)၀၇၀၅၃၅ က အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်အစပ်တင်ပြ၍ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံတစ်ပုံနှင့် ရွှေ့ပြောင်းသူများ၏ ရာဇဝင်အကျဉ်းချုပ်တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်နေ
ဦးအောင်ရွှေ-ဒေါ်ခင်အေးမူ တို့၏သားလတ်
မောင်မျိုးသန့်ဆွေ
နှင့်
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နေ
ဦးသာအေး(ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့)-ဒေါ်ဝေဝေခိုင်
တို့၏ သမီးငယ်
မမေခိုင်စိုး

တို့၏ ၁-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုံ၊ နိုင်ငံတော်ဒုတိယသမ္မတဦးဉာဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ ဘိသိတ်မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုး၊ မင်္ဂလာပန်းကြဲပေးပါသော မယမင်းတင်ယုနှင့် မဝင်းပြည့်ဖြိုး၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မသူသူသန့်၊ ရှေ့ထွက်သားနှင့်သမီးလေး မောင်အောင်ဘုန်းခန့်နှင့် မခင်လပြည့်သာတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မအင်ကြင်းစံ(သီဂီရွှေဝါ)၊ မင်္ဂလာသတို့သားအရံများဖြစ်သော ကိုကြည်ဇော်ဝင်းနှင့် ဒေါက်တာစန်းလင်းမောင်၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော မမေသင်းခိုင်နှင့်မအိအိသိမ့်အောင်တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော မဟေမာနေဝင်း၊ မင်္ဂလာတေးသီချင်းများဖြင့် ဖျော်ဖြေပေးပါသော ဒေါ်နှင်းရီရီသန့်နှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံအားမေတ္တာဖြင့် ဆင်မြန်းပေးပါသော သီဂီရွှေဝါပိုးထည်တိုက်မိသားစု၊ မင်္ဂလာဝတ်စုံဒီဇိုင်း ဖန်တီးပေးပါသော မအိကျော်ဇင်(ViVid Fashion)၊ မင်္ဂလာလက်ဝတ်ရတနာများအား မေတ္တာဖြင့်ဆင်မြန်းပေးပါသော Great Diamond မိသားစုအားလည်းကောင်း၊ အခမ်းအနားနှင့် ပန်းအလှဆင်မြန်းပေးပါသော မာမီကျော်(မလေးရှား)နှင့်အဖွဲ့၊ မန္တလေးဆင်ကိုးကောင် ဖိနပ်မိသားစု၊ မိတ်ကပ်လင်းလင်း (Artiste)နှင့်အဖွဲ့၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော Life Photography၊ Seven Picture အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်ဆွေများအားလုံးနှင့် အခြားကျေးဇူးတင်ထိုက်သူအားလုံးကို မင်္ဂလာဇနီးမောင်နှံနှင့် နှစ်ဖက်သောမိဘများက လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးသန့်ဆွေ-မမေခိုင်စိုး

မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ကျွန်တော် မောင်မျိုးသန့်ဆွေနှင့် ကျွန်မ မမေခိုင်စိုးတို့၏ ၁-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)ည ၇ နာရီတွင် Novotel Yangon Max Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ Novotel Yangon Max Hotel မှ ဦးဇော်ဇော်နှင့် ဇနီး မမခိုင်၊ တာဝန်ရှိမန်နေဂျာများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ကိုကျော်ထက်၊ မင်္ဂလာညစာစားပွဲဝတ်စုံဖန်တီးပေးပါသော ဒီဇိုင်နာ မအိကျော်ဇင်(ViVid Fashion)၊ မင်္ဂလာလက်ဝတ်ရတနာများအား မေတ္တာဖြင့်ဆင်မြန်းပေးပါသော Great Diamond မိသားစုအားလည်းကောင်း၊ အခမ်းအနားနှင့် ပန်းအလှအား မေတ္တာဖြင့်ဆင်မြန်းပေးပါသော မာမီကျော်(မလေးရှား)နှင့်အဖွဲ့၊ မိတ်ကပ်/ဆံပင်ဖန်တီးပေးပါသော Susan Tee(Singapore)၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော Life Photography နှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးတို့အား ကျွန်တော် ကျွန်မတို့ ဇနီးမောင်နှံနှင့် နှစ်ဖက်သောမိဘများက လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးသန့်ဆွေ-မမေခိုင်စိုး

ကြော်ငြာ

[illegible]

[illegible]

ဗုဒ္ဓဝံသရက္ခိတအသင်း

[illegible] အထူးတရားပွဲဖိတ်ကြားလွှာ

၁။ ၁၁-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)
၁၃၇၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၈) ရက်။

၂။ ၁၂-၂-၂၀၁၅ (ကြာသပတေးနေ့)
၁၃၇၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၉) ရက်။

၃။ ၁၃-၂-၂၀၁၅ (သောကြာနေ့)
၁၃၇၆-ခုနှစ်၊ (တပို့တွဲလပြည့်ကျော် (၁၀)ရက်။

၄။ ၁၄-၂-၂၀၁၅ (စနေနေ့)
၁၃၇၆-ခုနှစ်၊ (တပို့တွဲလပြည့်ကျော် (၁၁)ရက်။

၅။ ၁၅-၂-၂၀၁၅ (တနင်္ဂနွေနေ့)
၁၃၇၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၂)ရက်။

၆။ ၁၆-၂-၂၀၁၅ (တနင်္လာနေ့)
၁၃၇၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၃)ရက်။

၇။ ၁၇-၂-၂၀၁၅ (အင်္ဂါနေ့)
၁၃၇၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၄)ရက်။

၈။ ၁၈-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)
၁၃၇၆-ခုနှစ်၊ တပေါင်းလဆန်း (၁) ရက်။

၉။ ၁၉-၂-၂၀၁၅ (ကြာသပတေးနေ့)
၁၃၇၆-ခုနှစ်၊ တပေါင်းလဆန်း (၂) ရက်။

အရှင်နန္ဒိယ ([illegible])

အရှင်ဥတ္တမ ([illegible])

အရှင်ဝိစိတ္တ ([illegible])

[illegible] ([illegible])

အရှင်ကုသလဇောတိ ([illegible])

အရှင်ပညာဝရ ([illegible])

အရှင်ဥတ္တမ ([illegible])

အရှင်သုနန္ဒ ([illegible])

အရှင်နန္ဒမာလာဘိဝံသ ([illegible])

[illegible]

[illegible]

[illegible]

ဗုဒ္ဓဝံသရက္ခိတအသင်း။

---

7 Stars PGDMA (16)

[illegible]

09-49282366, 09-421052736, 09-799860155

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၂-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၁-၂-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ရေကြောင်းရဲတပ်ဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၂-၂၀၁၅ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၆-၂-၂၀၁၅ရက်

၄။ **ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန်နောက်ဆုံးရက်** - ၁၈-၂-၂၀၁၅ရက် ၊ ၁၆:၀၀ နာရီ

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၀-၂-၂၀၁၅ရက် ၊ ၁၀:၀၀ နာရီ

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီး ဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၊ ရုံးအမှတ် (၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၁၅၇၄၊ ၀၉-၅၁၂၂၁၉၃၊ ၀၉-၄၂၂၄၄၆၀၂၈ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ရေကြောင်းရဲတပ်ဖွဲ့

BEd ဘွဲ့ရ(ငြိမ်း)
ဆရာမတစ်ဦး အလိုရှိသည်။

ကျောင်းစာသင်ရန်အတွက် ဖြစ်ပါသည်။

ဆက်သွယ်ရန်ဖုန်း

09259286727

ပျောက်ဆုံးကြောင်း

SABAI THINN CO.,LTD. ၏ သွင်းကုန် လိုင်စင်အမှတ် MQIL 1 14-15(7031)(5-12-2014) သည် ပျောက်ဆုံးသွားပါကြောင်း။

ဖုန်း-၀၉-၄၀၃၇၅၁၂၅၇

ပတ်စ်ပို့ ပျောက်

ကျွန်မ မရေဝါသီ ၁/မကန(နိုင်)၁၂၀၈၇၂ နှင့်သမီး မရာနူး၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၇၄-၂၃၈၅၃

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား အမှတ်(၁၃)အကြီးစားစက်ရုံ(မကွေး)အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) SKD Parts for TA TA Truck (6×2) 4 Units

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

၃။ တင်ဒါများနောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၁၃-၂-၂၀၁၅ ရက်၊ ၁၂:၀၀နာရီ ဖြစ်ပါသည်။

ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၀၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၄၀၅၁၇၁

သင်တန်းသားများခေါ်ယူခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ Myanmar International Cooperation Agency(MICA) အစီအစဉ်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် Whole Sale Market များတွင် အရောင်းစာရေးဝန်ထမ်းများ၊ ပြုပြင်ထုပ်ပိုးမွမ်းမံခြင်းလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများကို ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ အရည်အချင်း၊ အထောက်အထားများနှင့်အတူ လျှောက်ထားနိုင်ပါသည်-

(က) သင်တန်းသားဦးရေ **ကျား (၂၀) ဦး၊ မ (၁၈၀) ဦး**

(ခ) အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ) တင်ပြရမည်။

(ဂ) အနည်းဆုံး ပညာအရည်အချင်း ၈တန်းအောင်မြင်သူဖြစ်ရမည်။

(ဃ) ပါတီနိုင်ငံရေး ကင်းရှင်းသူဖြစ်ရမည်။

(င) ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။

(စ) လျှောက်ထားတင်ပြလာသော အိမ်ထောင်စုစာရင်းနှင့် ရပ်ကွက်အတွင်း နေထိုင်သူဖြစ်ကြောင်း ရပ်ကွက်ထောက်ခံချက်ပါရှိရမည်။

(ဆ) ကူးစက်ရောဂါကင်းရှင်းကြောင်း ကျန်းမာရေးဌာန၏ ထောက်ခံချက် ပါရှိရမည်။

(ဇ) နေ့/ည တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ (နေ့ဆိုင်း/ညဆိုင်း)

(ဈ) ၂×၁လက်မအရွယ် ဓာတ်ပုံသုံးပုံ(ဓာတ်ပုံကျောဖက်တွင် အမည် ရေးထားရန်)

လျှောက်လွှာများကို ၂၈-၂-၂၀၁၅ ရက်နောက်ဆုံးထားပြီး ညွှန်ကြားရေးမှူး(စီမံ)၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

INVITATION FOR QUOTATION

Ministry of Livestock, Fisheries and Rural Development
Enhancing Rural Livelihoods and Incomes Project
(ERLIP)-JFPR 9174-MYA (ADB)

THE DEPARTMENT OF RURAL DEVELOPMENT has received the Grant from Japan Fund for Poverty Reduction (JFPR) and wishes to purchase for ERLIP Project the following Vehicles and Motorcycles by Shopping method as defined in the Asian Development Bank Procurement Guidelines:

Reference No.G.1.1:	Vehicle (SUV)	1 unit
G.1.1.1:	Vehicle (Double Cabs)	2 units
G.1.2:	Motorcycles	30 units

Sealed Quotations shall be submitted to U Khant Zaw, Deputy Chief Engineer, Department of Rural Development, Office No. (14), Nay Pyi Taw, not later than 24 February 2015 (16:30 hour), after which no request for quotation will be accepted. Additional information and specification for Vehicles and Motorcycles may be obtained from the DRD webpage:http://www.drdmyanmar.org.

Office phone : 067-409447, 09-402755888
Email:JFPR.ADB@gmail.com, minnzarni@gmail.com

NEW VISION
ကိုရီးယားဘာသာ သင်တန်း

ကိုရီးယားနိုင်ငံသို့ E.P.S စနစ်ဖြင့် အလုပ်သွားရောက်လုပ်ကိုင်လိုသူများအတွက် (E.P.S - Topik) စာမေးပွဲ ဖြေဆိုရန် မေးခွန်းများကို အခြေခံမှစ၍ [illegible] စနစ်တကျ သင်ကြားပေးနေပါသည်။

[illegible]

ရန်ကုန်မြို့၊ ဖုန်း - [illegible]

အလုပြင်ဆိုင်သုံး
လျှော်စင်နှင့် ပစ္စည်းစုံ
ရောင်းရန်ရှိသည်။

ဖုန်း-၀၉-၂၅၂၅၄၁၁၅၅

အမှားပြင်ဆင်ချက် ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၉-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်း သတင်းစာပါ စာမျက်နှာ (၁၃)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ ဆေးစက်ဟု ဖော်ပြခဲ့ခြင်းအစား မြေတိုင်းရပ်ကွက်(၁၃)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကုန်အမှတ်တံဆိပ်အတုအပသတိပေးကြေညာချက်

[illegible] Thai Area Manufacture Co., Ltd. [illegible] 20/17 Moo 3, [illegible] Sai 7 Road, Tambol [illegible], Amphur [illegible], Nakornpathom 73120 [illegible]

ฝักบัว

SHOWER SANDAL

(Reg. No. IV/1814/2005) (Reg. No. IV/4233/2013)

[illegible]

[illegible]

MYANMAR TRADEMARK AND PATENT LAW FIRM

[illegible]

[illegible] E.mail [illegible]

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အလားအလာကောင်းသောနေရာများ မွန်ပြည်နယ်အတွင်း၌ ဖော်ထုတ်မည်

သတင်းဆောင်းပါး-မြတ်မွန်ထွေး

ကမ္ဘာကျော် ကျိုက်ထီးရိုးစေတီအပါအဝင် လည်ပတ်ချင်စရာနေရာအများ အပြားရှိနေသည့် မွန်ပြည်နယ်သည် ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များကို လာရောက်လည်ပတ်စေရန် ဆွဲဆောင်နိုင်သော ပြည်နယ်တစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် မွန်ပြည်နယ်ဒေသတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးစေရေးတို့ကို ရည်ရွယ်ကာ မွန်ပြည်နယ်အတွင်းရှိ လူသိနည်းပြီး ဖွံ့ဖြိုးတိုးတက်ရန်အလားအလာကောင်းများရှိနေသော ဒေသငါးခုကိုဖော်ထုတ်ရန် သတ်မှတ်လျာထားကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနလက်အောက်ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး မော်လမြိုင်ရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟောက်ကျင်မုန်ထံမှ သိရသည်။

ပွင့်လင်းမြင်သာစွာပြောင်းလဲလာသော နိုင်ငံရေးအခင်းအကျင်းများနှင့်အတူ အဆင့်အတန်းမြင့်မားသောယဉ်ကျေးမှုနှင့် ပေါကြွယ်ဝသည့် သဘာဝအမွေအနှစ်များကြောင့်လည်းကောင်း၊ ရင်းနှီးဖော်ရွေတတ်သော မြန်မာတို့၏ ချစ်စရာဓလေ့စရိုက်တို့ကြောင့်လည်းကောင်း မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်များ လာရောက်ရန် စိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည့် နိုင်ငံဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍမှာ မျှော်မှန်းထားသည်ထက်ပင် အောင်မြင်မှုရရှိခဲ့သည်မှာ မျက်မြင်အနေအထားပင်ဖြစ်သည်။

"ခရီးသွားကဏ္ဍကတော့ တစ်နှစ်ပြီးတစ်နှစ် အောင်မြင်လာတယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်မှာတင် ၂၀၁၃ ခုနှစ်က ပြည်ပခရီးသည် ၁၁၅၀၆၀ ဦး၊ ပြည်တွင်းခရီးသည် ၆၅၇၄၆ ဦးနဲ့ ၂၀၁၄ ခုနှစ်မှာ ပြည်ပခရီးသည် ၁၇၂၃၄၄ ဦး၊ ပြည်တွင်းခရီးသည် ၉၂၉၄၁ ဦး လာရောက်ခဲ့ကြပါတယ်။ ပြောရမယ်ဆိုရင် အရင်နှစ်ကထက် နောက်နှစ်မှာ ခရီးသည်တစ်သိန်းနီးပါး တိုးလာတဲ့သဘောပါ" ဟု ဦးဟောက်ကျင်မုန်က မွန်ပြည်နယ်တွင်း ခရီးသည်ဝင်ရောက်မှုအခြေအနေကို ရှင်းပြသည်။

သာယာနေပျော်ဖွယ် ရာသီဥတုအခြေအနေ၊ သမိုင်းဝင်ဘုရားပုထိုးစေတီများ၊ စိမ်းလန်းစိုပြည်သော ရော်ဘာစိုက်ခင်းများ၊ ဥယျာဉ်ခြံများနှင့် သဘာဝတောတောင်အထပ်ထပ် ရှုခင်းအလှများ၊ နေခြည်တလျှပ်လျှပ်အောက်တွင် လှချင်တိုင်းလှနေတတ်သည့် ပင်လယ်ပြင်အလှတို့ ပေါင်းစပ်လိုက်သောအခါ မွန်ပြည်နယ်သည် သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သော ဒေသတစ်ခု ဖြစ်လာခဲ့သည်။ မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုးစေတီမှာ ကမ္ဘာ့အံ့ဖွယ်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ပြည်ပခရီးသည်များအား အထူးတလည်ဆွဲဆောင်ရာနေရာတစ်ခု ဖြစ်သည်။ ၎င်းအပြင် စက်စဲကမ်းခြေ၊ ကျိုက္ခမီရေလယ်ဘုရား၊ နွားလပို့တောင်စေတီတို့မှာလည်း မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍကို တစ်တပ်တစ်အားမြှင့်တင်ပေးရာဒေသများ ဖြစ်ကြသည်။

မွန်ပြည်နယ်၏ ခရီးသွားလုပ်ငန်းကဏ္ဍကို ထပ်မံမြှင့်တင်ရန်အတွက် လူသိနည်းသေးသော၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အလားအလာကောင်းသော နေရာငါးခုကို လျာထားထားခြင်းဖြစ်ကြောင်း သိရသည်။ ယင်းဒေသငါးခုမှာ ရေးမြို့နယ်ရှိ ပင်လယ်ကမ်းခြေဒေသ နှစ်ခု၊ ဘီးလင်းမြို့နယ်ရှိ ကေလာသတောင်နှင့် မဲလံတောင် စသည့် ဒေသနှစ်ခုနှင့် ပေါင်မြို့နယ် မုကျိုကျေးရွာဒေသတို့ဖြစ်ကြသည်။

မွန်ပြည်နယ်သည် နိုင်ငံတကာလေကြောင်းလိုင်းဝင်ထွက်ရာ မြို့တော်ရန်ကုန်နှင့် အလှမ်းမဝေးခြင်း၊ ပြည်နယ်တွင်းသို့ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းစသဖြင့် ကြိုက်နှစ်သက်ရာခရီးစဉ်ကို ရွေးချယ်ဝင်ရောက်နိုင်ခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ပြေပြစ်ချောမွေ့ရာဒေသလည်း ဖြစ်သည်။ "မွန်ပြည်နယ်မှာက လေ့လာလည်ပတ်စရာတွေ အလွန်ပေါတယ်။ ရာသီဥတုအနေအထားကလည်း အမြဲစိမ်းတောဒေသဆိုတော့ အမြဲတမ်းစိမ်းစိမ်းစိုစိုနဲ့ မြင်မြင်သမျှ စိတ်ကြည်နူးစရာ မြင်ကွင်းတွေပေါ့ဗျာ။ သွားလာရေးကလည်း မခဲယဉ်းဘူးဆိုတော့ ဖြစ်နိုင်ရင် မွန်ပြည်နယ်ကို လာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်" ဟု မွန်ပြည်နယ်ဒေသခံ မော်လမြိုင်မြို့နေသူတစ်ဦးက ပြောကြားသည်။

ထိုသို့ ခရီးသွားလုပ်ငန်းအတွက် စိတ်ဝင်စားဖွယ်နေရာဖြစ်သော မွန်ပြည်နယ်တွင် ပို၍စိတ်ဝင်စားဖွယ်ရာကောင်းသော လည်ပတ်စရာနေရာသစ်ငါးခုကို ဖော်ဆောင်ပေးခြင်းဖြင့် မွန်ပြည်နယ်၏ ခရီးသွားလုပ်ငန်းများ ပို၍ဖွံ့ဖြိုးတိုးတက်လာရုံသာမက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်ရေးကိုပါ အထောက်အကူပြုမည့်ဒေသများ ဖြစ်လာလိမ့်မည်ဖြစ်ပါသည်။

သတင်းတိုများ

ကျောက်ထုတွင် ဒေသဖွံ့ဖြိုးရေးဆွေးနွေး

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်အတွင်း၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျောက်ထုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်၊ ကျောက်ထုမြို့အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ကျပ် ၄၀၈ သိန်းဖြင့် ကျေးရွာ ၁၂ ရွာတွင် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရသည်။ **(၁၀၁)**

အရပ်ရပ်အခွင့်အရေးလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့်ရောင်းချ

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင် ၁၂ ခုကို ဇန်နဝါရီ ၂၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ဝင်ရောက်ယှဉ်ပြိုင်သူ ၂၇ ဦးရှိကြောင်း၊ အခွင့်အရေးလိုင်စင် ၁၂ ခုအတွက် ငွေကျပ်သိန်း ၄၂၀ ကျော်ရရှိပြီး ယခင်နှစ်ကထက် နှစ်ဆကျော်ရရှိကြောင်း၊ ဈေးပြိုင်ရောင်းချပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်တို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(၁၀၁)**

စာကြည့်တိုက်ပညာရပ်(ဆင့်ပွား)သင်တန်းဆင်းပွဲ ကျင်းပ

ပုလဲ ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်စာကြည့်တိုက်မှူးများ၏ စွမ်းဆောင်ရည် မြင့်မားစေရေးနှင့် စာငှားသူ/စာဖတ်သူများဖြင့် သက်ဝင်လှုပ်ရှားနေသော ကျေးလက်စာကြည့်တိုက်များဖြစ်ပေါ်ရေး ရည်ရွယ်ချက်များဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့သည့် စာကြည့်တိုက်ပညာရပ်(ဆင့်ပွား)သင်တန်းဆင်းပွဲ အမှတ်စဉ် (၁/၂၀၁၅) ကို ပုလဲမြို့ ပုလဲရတနာခန်းမ၌ ဖေဖော်ဝါရီ ၂ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေက ကျေးလက်နေပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာ မြင့်မားရေး၊ ဗဟုသုတတိုးပွားရေး၊ အတွေးအခေါ် အယူအဆ မှန်ကန်ရေး၊ ပညာရည်မြင့်မားထူးချွန်သည့် လူငယ်များပေါ်ထွန်းရေးစသည့် ဦးနှောက်ပိုင်းဆိုင်ရာ လူသားစွမ်းရည်မြင့်မားတိုးတက်ရေးအတွက် ယခုသင်တန်းမှ ရရှိသည့် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွေ့အကြုံများကို အသုံးချပြီး စာကြည့်တိုက်မှူးများက စာကြည့်တိုက်များအောင်မြင်ရေး ဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။ ထို့နောက် စာကြည့်တိုက်ပညာရပ် ဆန်းစစ်ချက်စာမေးပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်သည်။

ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်ပညာရပ်(ဆင့်ပွား)သင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြင့်သိန်းစိုး

၂၀၁၄ ခုနှစ်အတွင်း အောင်ပွဲရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးမှ အားကစားသမားများအား ဂုဏ်ပြု

မန္တလေး ဖေဖော်ဝါရီ ၆

၂၀၁၄ ခုနှစ်အတွင်း ကျင်းပခဲ့သော ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများ၌ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု၍ အောင်ပွဲများရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ဖေဖော်ဝါရီ ၄ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်က နိုင်ငံတော်၏ အားကစားအဆင့်အတန်းမြင့်မားရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း အားကစားကဏ္ဍကို အားပေးလျက်ရှိသဖြင့် ၂၀၁၄ ခုနှစ်အတွင်း ပြည်တွင်းပြည်ပအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရခဲ့သော မန္တလေးတိုင်းဒေသကြီးအတွင်းမှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ဆုများရရှိပြီး တိုင်းဒေသကြီး၏ဂုဏ်ကို ဆောင်နိုင်ခဲ့ကြသော အားကစားအသင်းများ၊ အားကစားသမားများအနေဖြင့်လည်း ရရှိထားသော အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းထားကြရန်နှင့် ယခုထက်ပိုမိုအောင်မြင်အောင် ကစားသမားများ၊ နည်းပြများကပါ ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အောင်ပွဲရ အားကစားအသင်းအုပ်ချုပ်သူများနှင့် နည်းပြများက တံခွန်စိုက်ဒိုင်းဆုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အပ်နှံပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၁၄ ခုနှစ်အတွင်း အားကစားပြိုင်ပွဲများတွင် စုစုပေါင်း ဆုတံဆိပ် ၁၉၂ ခုရရှိအောင် စွမ်းဆောင်ခဲ့သော အားကစားသမားများနှင့် အုပ်ချုပ်သူများ၊ နည်းပြများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။

တင်မောင်(မန်းကိုယ်ပွား)

သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အဆောက်အအုံသစ်များဆောက်လုပ်လျက်ရှိ

ကလေး ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အဆောက်အအုံများကို ပင်လုံရပ်ကွက် ပင်လုံလမ်းမတော်ဘေး၌ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ် ဆေးသိပ္ပံပညာဦးစီးဌာန၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၉၀၃ ဒသမ ၀၀ သန်းဖြင့် ကုမ္ပဏီ ရှစ်ခုက တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၏ ပင်မစာသင်ဆောင် အလျား ၂၅၈ ပေ၊ အနံ ၇၇ ပေ၊ အမြင့် ၃၆ ပေ ရှိ သုံးထပ်စာသင်ဆောင်ကြီးကို ခွင့်ပြုရန်ပုံငွေကျပ် ၆၉၅ ဒသမ ၀၀ သန်းဖြင့်လည်းကောင်း၊ အလျား ပေ ၂၀၀၊ အနံ ၅၀ ပေရှိ ထမင်းစားဆောင်နှင့် အလျား ပေ ၆၀၊ အနံ ပေ ၄၀ရှိ မီးဖိုဆောင်ကို ခွင့်ပြုရန်ပုံငွေကျပ် ၂၄၈ ဒသမ ၅၀ သန်းဖြင့်လည်းကောင်း၊ သင်တန်းသူများအတွက် အလျား ၁၅၄ ပေ၊ အနံ ၃၆ ပေ၊ အမြင့် ၃၆ ပေရှိ သုံးထပ်သင်တန်းသူအိပ်ဆောင် အဆောက်အအုံကို ခွင့်ပြုရန်ပုံငွေကျပ် ၃၆၆ ဒသမ ၀၀ သန်းဖြင့်လည်းကောင်း၊ အလျား ၉၂ ပေ၊ အနံ ပေ ၄၀၊ အမြင့် ၃၆ ပေရှိ သုံးထပ် ဆရာအိပ်ဆောင်နှစ်လုံး အဆောက်အအုံကို ခွင့်ပြုရန်ပုံငွေကျပ် ၅၀၈ ဒသမ ၀၀ သန်းဖြင့် လည်းကောင်း၊ သင်တန်းသူများအတွက် အလျား ၁၅၄ ပေ၊ အနံ ၃၆ ပေ၊ အမြင့် ၃၆ ပေရှိ သုံးထပ်သင်တန်းသူ အိပ်ဆောင်အဆောက်အအုံကို ခွင့်ပြုရန်ပုံငွေ ကျပ် ၃၆၉ ဒသမ ၁၀ သန်းဖြင့်လည်းကောင်း၊ အလျား ၁၀၂ ပေ၊ အနံ ၂၅ ပေရှိ လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ နှစ်လုံးကို ခွင့်ပြုရန်ပုံငွေကျပ် ၂၃၉ ဒသမ၂၀ သန်းစီဖြင့်လည်းကောင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် Transformer တပ်ဆင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေ ကျပ် ၁၀၁ ဒသမ ၂၀ သန်းဖြင့်လည်းကောင်း၊ ကွန်ကရစ်မုခ်ဦး တည်ဆောက်ခြင်းနှင့် အုတ်တံတိုင်းပြုလုပ်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၁၃၇ ဒသမ ၀၀ သန်းဖြင့်လည်းကောင်း ဆောက်လုပ်နေကြခြင်းဖြစ်သည်။

အဆိုပါ လုပ်ငန်းများအမြန်ဆုံးပြီးစီးရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးမြင့်ဝင်းတို့က ဖေဖော်ဝါရီ ၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဂျူနိုင်း

ပြည်တွင်းသတင်း

မိုးပွင့်စီမံချက် နေ့ချင်းပြီးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၆

ဖေဖော်ဝါရီ ၁ ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းမြောက် အရှေ့ရပ်ကွက် စလင်းကျောင်းတိုက် ဓမ္မာရုံတွင် မိုးပွင့်အထူးစီမံချက်အရ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ကျော်ဦးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူကတစ်ဆင့် ရပ်ကွက်ပြည်သူများသို့ နေ့ချင်းပြီးပေးအပ်ခဲ့သည်။

ကိုကြီးတင်

မြန်မာနိုင်ငံကလေးများနေ့ အကြိုပျော်ပွဲရွှင်ပွဲများကျင်းပ

မကွေး ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံကလေးများနေ့ကို ကြိုဆိုသောအားဖြင့် လူမှုဝန်ထမ်းဦးစီးဌာန မကွေးမြို့ မူလတန်းကြိုကျောင်းမှ ကလေးငယ်များအား ဖေဖော်ဝါရီ ၃ ရက်နံနက်က ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ပြီးနောက် ကလေးငယ်များအား လေ့လာရေးခရီးအဖြစ် သမိုင်းဝင်မြသလွန်စေတီသို့လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံနှင့် လွတ်လပ်ရေးကျောက်တိုင်များသို့ လည်းကောင်း ပို့ဆောင်ပေးခဲ့သည်။ ပျော်ပွဲ ရွှင်ပွဲများအဖြစ် အားကစားပြိုင်ပွဲများ၊ အကပြိုင်ပွဲများတွင် ဆုရရှိသူများကို မြန်မာနိုင်ငံကလေးများနေ့ကျရောက်သည့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်

တန့်ယန်း ဖေဖော်ဝါရီ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် အများပြည်သူများ မီးဘေးအန္တရာယ်ကို ကြိုတင်တားဆီးကာကွယ်နိုင်ရန် မြို့နယ်အရန် မီးသတ်တပ်ဖွဲ့မှ ဖေဖော်ဝါရီ ၂ ရက်က လိုက်လံအသိပေးနှိုးဆော်လျက်ရှိသည်။ ထိုသို့ လိုက်လံအသိပေးနှိုးဆော်ရာတွင် မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်နိုင်ရန် စည်းကမ်းချက်များ၊ ပြည်သူများသိရှိလိုက်နာ ဆောင်ရွက်ရန် စည်းကမ်းချက်များကို မြန်မာဘာသာ၊ ရှမ်းဘာသာ၊ တရုတ်ဘာသာတို့ဖြင့် လိုက်လံအသိပေးနှိုးဆော်လျက်ရှိပြီး အပတ်စဉ်နှင့် အခါအားလျော်စွာ နှိုးဆော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းလွင်ဦး

နိုင်ငံသားစိစစ်ရေးကတ်ကွင်းဆင်းဆောင်ရွက်ပေး

အမရပူရ ဖေဖော်ဝါရီ ၆

အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မိုးပွင့်(အထူး) စီမံချက် မိဘပြည်သူများထံ အသိပေးဟောပြောခြင်းလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က အမရပူရမြို့နယ် ဘနော‌ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးစန်းလွင်က ကျေးရွာပြည်သူများကို မိုးပွင့်(အထူး) စီမံချက်အကြောင်း အသိပညာပေးရှင်းလင်းပြောကြားပြီး အသက် ၁၀ နှစ် ပြည့်ရှစ်ဦးနှင့် အသက် ၁၈ နှစ်ပြည့် ၄၆ ဦး စုစုပေါင်း ၅၄ ဦးကို နိုင်ငံသားစိစစ်ရေးကတ် ပြားများပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

ကျေးရွာချင်းဆက် ကတ္တရာထပ်ပိုးလွှာများခင်းကျင်းပြီးစီး

ရမည်းသင်း ဖေဖော်ဝါရီ ၆

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ရပ်ကွက်၊ကျေးရွာအချို့တွင် ကျေးရွာချင်းဆက်လမ်းများနှင့် ကတ္တရာထပ်ပိုးလွှာများခင်းခြင်း၊ လမ်းသားတိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးလုနီးပါး ရှိနေပြီဖြစ်သည်။ မြို့တွင်းရှိ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် စည်ပင်သာယာလမ်း၊ အုန်းပင်ရပ်လမ်းနှင့် သုခမ္မလမ်းတို့ကို တစ်ဖက်တစ်ချက် သုံးပေစီချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများလည်း ပြီးစီးပြီဖြစ်သည်။

ထို့ပြင် ကျေးရွာချင်းဆက် မြေသားလမ်းခင်းခြင်းလုပ်ငန်း ဖြစ်သည့် လက်ပံကုန်းရွာနှင့် သာစည်ရွာလမ်း၊ အင်းတောလေးရွာနှင့် သစ္စေး-လက်ပံတောရွာလမ်း၊ တောင်ကန်ကြီးရွာနှင့် သပြေပင်ရွာသို့ဆက်သွယ်သည့် လမ်းများလည်း ဆောင်ရွက်ခဲ့ရာ ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ဝ၁၁

ဘုရင့်နောင်ခုံးကျော်တံတားအဆင်း ယာဉ်ကြောလမ်းလယ် အရံအတားများဖြတ်ကျော်မောင်းနှင်မှု အလွန်အန္တရာယ်များပြား

ရန်ကုန် ဖေဖော်ဝါရီ ၆

ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းမှ ည ၇ နာရီအထိ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ် ရပ်နားစခန်းအတွင်း ယာဉ်ကြောပိတ်ဆို့မှုကြောင့် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ပွဲရုံဝင်းအတွင်းဝင်ရောက်မည့် ကုန်တင်ယာဉ်မျိုးစုံ တန်းစီစောင့်ဆိုင်းနေမှုများရှိလာရာ မြို့ထဲမှလာသောယာဉ်ကြောပေါ်တွင် ဘုရင့်နောင်ခုံးကျော်တံတားအောက်လွှာ ခုံးတံတားထိပ်မှစ၍ ဘုရင့်နောင်လမ်းတစ်လျှောက် ယာဉ်ကြောပိတ်ဆို့မှု နာရီရှည်ကြုံတွေ့ခဲ့ရကြောင်း၊ လမ်းလယ်တွင် ချထားသော လမ်းတားတုံးများ နေရာရွှေ့ပြီး ယာဉ်ငယ်များ ဂငယ်ကွေ့ခြင်း၊ လမ်းတားတုံးများ တန်းစီချထားခြင်း အစပြုသည့်နေရာအနီးရှိ တံတား၏အလယ် အုတ်ခုံ အုတ်ရိုးတန်းအနိမ့်ပေါ် ခရီးသည်တင်ယာဉ်များဖြတ်ကျော်၍ ဂငယ်ကွေ့မောင်းနှင်ခြင်းများကို မြင်တွေ့ခဲ့ရကြောင်း၊ ယာဉ်အန္တရာယ်ဖြစ်ကြောင်း၊ အနီးဝန်းကျင်ရှိ ပြည်သူများက ဆိုသည်။

ရန်ကုန်မြို့တွင် ပူးပေါင်းတပ်ဖွဲ့အင်အားများဖြင့် ရွှေ့လျားစစ်ဆေးမှုဆောင်ရွက်နေချိန်တွင် ယင်းကဲ့သို့ စည်းကမ်းမဲ့ အရံအတားများ နေရာရွှေ့ခြင်း၊ အုတ်ရိုးတန်း အနိမ့်များပေါ် ဖြတ်ကျော်ခြင်းများကိုလည်း ယာဉ်ငယ်များအပြင် ခရီးသည်တင် ယာဉ်ကြီးပြုလုပ်နေခြင်းမှာ ခရီးသည်များအတွက် အထူးအန္တရာယ်ကြီးမားသဖြင့် ယာဉ်ကြောကျပ်ချိန်တွင် ဘုရင့်နောင်ခုံးတံတားအဆင်း စောင့်ကြည့်အရေးယူပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ခင်ဆိုင်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၇၆-ဘီ)၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄-စီ၊ မြေကွက်အမှတ် $\frac{၈F, ၈B,^{၂}}{၂}$ ၊ မြေအကျယ်အဝန်း ဝ.ဒသမ၂၁၃၈ဧက မြေပိုင်မြေအမျိုးအစားပေါ်တွင် ဆောက်လုပ်နေသော ခြောက်ခန်းတွဲ ရှစ်ထပ်ခွဲတိုက်များကိစ္စ တရားဥပဒေအရ မှတ်ပုံတင်ထားသော GREAT FATHERLAND CONSTRUCTION & DECORATION CO.,LTD မှ CHAIRMAN

ဦးကျော်မြင့်နှင့် အများသိစေရန် သတိပေးကြေညာချက်

၁။ ကျွန်ုပ်၏အမှုသည်များဖြစ်ကြကုန်သော ဒေါ်ခင်သီတာ ၁၂/ကတတ(နိုင်)ဝဝ၃၅၉၅၊ ဦးအောင်ကျော်စိုး ၁၂/ပဘတ(နိုင်)ဝဝ၁၂၇၈၊ ဒေါ်ရင်ရင် ၁၂/ကတတ(ဧည့်)ဝဝဝ၆၁၃၊ ဒေါ်သူဇာမေတင်လှိုင် ၁၂/မရက(နိုင်)ဝ၅၉၇၈၂၊ ဦးမင်းစည်သူ ၁၂/မရက(နိုင်)၁၁၄၅၉၄-ပါ(၂)၊ ဒေါ်ခင်ဆွေရီ ၁၄/ဝခမ(နိုင်)၁၃၈၁၂ဝ၊ ဦးမင်းသက်ဆန်း ၁၂/ပဇတ(နိုင်)ဝ၂၈၆၆၅၊ ဒေါ်နီလာဝင်း ၁၂/သဃက(နိုင်)၁၆၉၉၂၂-ပါ(၂)၊ ဒေါ်သီတာစိုး ၁၂/ဥကတ(နိုင်)၁၂၇၇၄၅၊ ဒေါ်ညီညီအောင် ၁၂/လမတ(နိုင်)ဝ၁၇၅၉၇၊ ဦးညီညီလေး ၁၂/လမတ(နိုင်)ဝ၂၅၅၁ဝ-ပါ(၂)၊ ဦးလှဝင်း ၁၂/ပဘတ(နိုင်)ဝ၂၃ဝ၈၆၊ ဒေါ်အေးအေးမော် ၁၂/လမန(နိုင်)၁၁၇၉၃၅၊ မင်းခန့်ထည် ၈/အလန(နိုင်)၁၃၂၉၂ဝ၊ ဦးသန်းလွင် ၉/မနတ(နိုင်)ဝဝ၇၄၆၇၊ ဦးသန်းဌေးလွင် ၈/ခမန(နိုင်)ဝဝ၈၂၈၂-ပါ(၂)၊ ဦးဝဏ္ဏသော် ၁၂/ရကန(နိုင်)ဝ၃၂၆၇၇-ပါ(၂)၊ ဒေါ်ညိုမာရန်အောင် ၁၂/တမန(နိုင်)ဝ၉၈၄၈၁၊ ဒေါ်ကေခိုင်ဝင်း ၁၂/မရက(နိုင်)၁၃၄၁၃၆၊ ဦးစိုးလှိုင် ၁၂/ကတတ(နိုင်)ဝဝ၁၅၂၇၊ ဒေါ်ရီရီ ၁၂/တမန(နိုင်)ဝ၈၆ဝ၉၉၊ ဦးကောင်းမြတ် ၁၂/ပဇတ(နိုင်)ဝဝဝ၂၆၆-ပါ(၂)၊ ဒေါ်ဥမ္မာခင် J/RGN-057610၊ ဒေါ်မြတ်ကျော်စိုး V/RGN-000863၊ ဦးကိုကိုမောင် ၁၂/ဥကမ(နိုင်)ဝ၅၂၂၈၁၊ ဦးစိုးလှိုင် ၁၂/ကတတ(နိုင်)ဝဝ၁၅၂၇၊ ဦးကျော်ကျော်နိုင် ၁၂/လသန(နိုင်)ဝ၁၃၂၂၁၊ ဦးခင်ကြိုင် ၁၄/ဒဒရ(နိုင်)ဝ၅၆၅၉၊ ဒေါ်ဝါဝါအောင် ၉/မရတ(နိုင်)ဝ၄၁၆၁ဝတို့၏မှန်ကန်သော လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာတောင်းဆိုအပ်ပါသည်။

၂။ အထက်ပါခေါင်းစဉ်ပါ မြေကွက်သည် မူလအမည်ပေါက် ဒေါ်တင့်ဝေ ၁ဝ/မလမ(နိုင်)ဝ၇ဝ၄၆ဝထံမှ တရားဥပဒေအရ မှတ်ပုံတင်ထားသော GREAT FATHERLAND CONSTRUCTION & DECORATION CO.,LTDမှ CHAIRMAN ဦးကျော်မြင့် ၁၂/မဂတ(နိုင်)ဝ၄၉၂၄၂မှ ၂၉-၄-၂ဝ၁၁ ရက်စွဲပါ "မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားချက်များ အပြီးအပိုင်အရောင်းအဝယ် နှစ်ဖက်သဘောတူ ကတိစာချုပ်"ဖြင့် ကာလတန်ဖိုးငွေကျပ်သိန်းပေါင်း ၆၃ဝဝတိတိဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ပြီးနောက် ၂၉-၃-၂ဝ၁၂ရက်တွင် ငွေအပြေအကျေ ပေးဆပ်ပြီးနောက် မြေကွက်အမည်ပေါက် ပိုင်ဆိုင်သည့် မှတ်ပုံတင်စာချုပ်အမှတ် ၄၁၁၂/၂ဝ၁ဝမူရင်းနှင့် အဆက်အစပ်စာချုပ်များကို CHAIRMAN ဦးကျော်မြင့်မှ လက်ဝယ်ရရှိကာ လွှတ်လပ်စွာစီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟုဆိုကာ အဆိုပါမြေကွက်ပေါ်တွင် ဦးကျော်မြင့်က ခြောက်ခန်းတွဲ ရှစ်ထပ်တိုက်တစ်လုံးကို ဆောက်လုပ်မည်ဖြစ်၍ ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းများကို အရစ်ကျပုံစံဖြင့် (၂)နှစ်အတွင်း အပြီးဆောက်လုပ်ပြီး တိုက်ခန်းလက်ရောက်ပေးအပ်ပါမည်ဆို၍ အများပြည်သူဖြစ်သော ကျွန်ုပ်တို့၏အမှုသည်များက ယုံကြည်စိတ်ချစွာဖြင့် မူလပထမ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ဝယ်ယူသူများအဖြစ် ငွေများကို အသီးသီးပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

၃။ ထိုသို့ နိုင်ငံတော်အစိုးရမှ အများပြည်သူ အသုံးပြုရန် ထုတ်ဝေထားသော စာချုပ်စာတမ်းဖြင့် တရားဥပဒေအရ မှတ်ပုံတင်ထားသော GREAT FATHERLAND CONSTRUCTION & DECORATION CO.,LTDမှ CHAIRMAN ဦးကျော်မြင့်အား အများပြည်သူဖြစ်သော ကျွန်ုပ်တို့၏အမှုသည်များက ငွေများကို ယုံကြည်စိတ်ချစွာဖြင့် ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း ဦးကျော်မြင့်သည် ယနေ့တိုင်အောင် ကျွန်ုပ်တို့၏အမှုသည်များမှ အဆောက်အအုံပြီးစီးအောင် ဆောက်လုပ်နိုင်ရေးအတွက် ယုံကြည်အပ်နှံထားသော ငွေများကိုရယူပြီး ပြီးစီးအောင်ဆောက်လုပ်မှုမပြုဘဲ ပျက်ကွက်နေရုံမျှမက တိမ်းရှောင်မှုကိုပါပြုလုပ်ခဲ့၍ ကျွန်ုပ်တို့၏အမှုသည်များမှာ လွန်စွာမှ နစ်နာဆုံးရှုံးရလျက်ရှိပါသည်။

၃။ ထိုကဲ့သို့ ကျွန်ုပ်တို့၏အမှုသည်များမှ အဆောက်အအုံပြီးစီးအောင် ဆောက်လုပ်နိုင်ရေးအတွက် ငွေများပေးထားပါလျက် ပြီးစီးအောင်ဆောင်ရွက်မှုမပြု၍ ယင်းကိစ္စကို ဦးကျော်မြင့်ဘက်မှ တရားဝင်အထောက်အထားစာရွက်စာတမ်းဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပြေလည်အောင်ဆောင်ရွက်ပေးပါရန်နှင့် အကယ်၍ ပျက်ကွက်ပါက ဦးကျော်မြင့်၏ကုမ္ပဏီသည် တရားဥပဒေနှင့်အညီ မှတ်ပုံတင်၍ တည်ထောင်ထားသော ကုမ္ပဏီဖြစ်သောကြောင့် အများပြည်သူဖြစ်သော ကျွန်ုပ်တို့၏အမှုသည်များမှ ယုံကြည်အပ်နှံထားသော ငွေများကို အလွဲသုံးစားပြုလုပ်ရာရောက်၍ တည်ဆဲဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် အမှုထပ်မပွားရလေအောင် ပြတ်သားစွာ သတိပေးကြေညာအပ်ပါသည်။

အထူးဖော်ပြချက်မှာ-

၄။ အထက်ခေါင်းစဉ်ပါ မြေကွက်ပေါ်ရှိ ဆောက်လုပ်ဆဲ တိုက်ခန်းများနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အမှုသည်များမှာ မူလပထမ ငွေပေးဝယ်ယူသူများဖြစ်၍ နစ်နာနေရသောကြောင့် မည်သူမျှ လက်ပြောင်းလက်လွှဲ နောက်ကြောင်းပြန် အတုအပစာချုပ်များဖြင့် အလွဲသုံးစားမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလျက် ကျွန်ုပ်တို့၏အမှုသည်များသည် အထက်ပါမြေကွက်ပေါ်ရှိ ဆောက်လက်စအဆောက်အအုံကိစ္စကို ဥပဒေနှင့်အညီ ဦးကျော်မြင့်မှ သတ်မှတ်သည့်ရက်အတွင်း ပြီးစီးအောင်ဆောက်လုပ်ရေးအတွက် ယုံကြည်လောက်သော အထောက်အထား၊ အာမခံချက်ရှိ စာရွက်စာတမ်း၊ လူ့ဂုဏ်တန်အာမခံသူတို့ဖြင့် ဆောင်ရွက်မပေးပါက အများပြည်သူဖြစ်သော ကျွန်ုပ်တို့၏အမှုသည်များသည် အဆောက်အအုံပြီးစီးအောင် တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဦးကျော်မြင့်အပါအဝင်သက် ဆိုင်သူတို့ကို တရားဥပဒေအရ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် အသိရှိစေရန် သတိပေးကြေညာအပ်ပါသည်။

မှတ်ချက်- အထက်ယခင် သတင်းစာများ၌ ထည့်သွင်းထားသော ကြေညာချက်များပါ အကြောင်းအချက်များသည် ဤကြေညာချက်နှင့် မဆန့်ကျင်သမျှ ရုပ်သိမ်းသည်ဟုမမှတ်ယူရ။

အထက်အပိုဒ်(၁)တွင် ဖော်ပြထားသော အမည်ပါ ဂုဏ်သရေရှိ လူကြီးလူကောင်းများ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရှေ့ဘတ်စန်းအောင်	**ဦးထွန်းအောင်**	**ဒေါ်အေးအေးသက်**	**ဒေါ်အေးအေးဝင်း**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
စဉ်-၂၄၆၉	**စဉ်-၃၂၃၈**	**စဉ်-၈၂၂ဝ**	**စဉ်-၈၈၃၄**
ဒေါ်သဇင်အေး	**ဦးကြည်သာဖုန်းမြင့်**	**ဦးကျော်လတ်စိုး**	
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**	
စဉ်-၃၆၄၄၁	**စဉ်-၄၃၄၃၄**	**စဉ်-၄ဝ၅ဝ၈**	

(HYGIENIC LEGAL CLINIC)

ပြည်တွင်းသတင်း

ဓာတ်ပုံ-မင်းမင်းလတ်

ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီခွဲက ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဒက္ခိဏသီရိမြို့နယ်လုံးကျွတ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးသို့ တက်ရောက်၍ ကျေးရွာသစ်စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဒေသခံများနှင့် တာဝန်ရှိသူများက ပါဝင်ဆွေးနွေးတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ဂုဏ်သိက္ခာကို ကမ္ဘာ့အလယ်တွင် ဂုဏ်ရှိန်မြင့်မားစွာဖြင့် ခံ့ညားတင့်တယ်စေရေးအတွက် ပြည်ထောင်စုအစိုးရအပိုင်း၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအပိုင်း၊ နိုင်ငံ့ဝန်ထမ်းများအပိုင်းနှင့် ပြည်သူများ၏အင်အားကို ရယူ၍ ရည်မှန်းချက်တူ၊ ဆန္ဒတူဖြင့် နိုင်ငံ၏ အမျိုးသားရေးအကျိုးစီးပွား၊ ပြည်သူများ၏ အမျိုးသားရေးအကျိုးစီးပွားကို ကြိုးပမ်းဖော်ဆောင်ရန် လိုအပ်ချက်များကို အသေးစိတ်တိုက်တွန်းဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် နေပြည်တော် ကောင်စီနယ်မြေ ဆည်မြောင်းဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က အင်းနီကန်ဆည်ရေသောက်စနစ်အတွက် ရေပေးမြောင်းများ တူးဖော်ဖောက်လုပ်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆည်ရေသောက်လယ်မြေများကို စက်မှုလယ်ယာစနစ်ကူးပြောင်းရေးအတွက် ယခုပွင့်လင်းရာသီကာလတွင် အချိန်မီ မြေယာပြုပြင်ဖော်ထုတ် အကောင်အထည်ဖော်ရန် လိုအပ်ချက်များနှင့် ကျေးရွာသူ ကျေးရွာသားများက တောင်းဆိုဆန္ဒပြုထားသည့် ကုန်ထုတ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရေးကို ကူညီဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားကာ တမံတည်ဆောက်ပြီးစီးမှု၊ ဆည်ရေသောက်မြောင်းများ ဖောက်လုပ်ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မန္တလေးတွင် လေထုအရည်အသွေးတိုင်းစက် တပ်ဆင်မည်

မန္တလေး ဖေဖော်ဝါရီ ၆

မန္တလေးမြို့တွင် ပတ်ဝန်းကျင်ဆိုင်ရာ လေအရည်အသွေးတိုင်းတာသောစက်ကို မတ်လအတွင်း စတင်တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ကို Asia Center Air Pollution (ACAP) အဖွဲ့က ကူညီထောက်ပံ့ပေးခြင်းဖြစ်ပြီး မန္တလေးမြို့ရှိ လေထဲတွင်ပါဝင်သော ဆာလဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်နှင့် အိုဇုန်းဓာတ်ငွေ့ပါဝင်မှုများကိုသာမက PM 2.5 အဆင့်ရှိ အမှုန်အမွှားပါဝင်မှုများကိုပါ အသေးစိတ်ခွဲခြမ်းစိတ်ဖြာစောင့်ကြည့်တိုင်းတာ ကောက်ယူနိုင်သော စက်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (မန္တလေး)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီစက်က ကျွန်တော်တို့မန္တလေးကိုပထမဆုံး ဦးစားပေးတပ်ဆင်ပေးတာပါ။ အဓိက ဆောင်ရွက်မှာကတော့ လေထဲမှာပါလာတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်တွေကို ဒီစက်နဲ့ ဖမ်းယူကြည့်ရှုပြီး မှတ်တမ်းပြုစုသွားမှာပါ။ ဂျပန်နိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ACAP အဖွဲ့နဲ့ ချိတ်ဆက်ပြီး အကူအညီပေးတာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အမေရိကန်ဒေါ်လာ တစ်သိန်းတစ်သောင်းတန်ဖိုးရှိ ယင်းစက်ကို ရရှိနိုင်ရန်အတွက် ACAP အဖွဲ့သို့ eanet အဖွဲ့ဝင်နိုင်ငံများအနက် နိုင်ငံကိုးနိုင်ငံမှ လျှောက်ထားကြသော်လည်း မြန်မာနိုင်ငံအပါအဝင် နှစ်နိုင်ငံသာ ရရှိခဲ့ကြောင်းနှင့် အမရပူရမြို့နယ်တွင် စတင်တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



မီးဘေးကြိုတင်ကာကွယ်ရေး သီပေါ၌ သရုပ်ပြ

သီပေါ ဖေဖော်ဝါရီ ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်းကျင်းပသော မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၃ ရက်က မြို့မစည်ပင်သာယာဈေးကြီး၌ကျင်းပရာ မြို့နယ်မီးဘေးတားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းနှင့် မြို့မိမြို့ဖများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မဈေးမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ကြသည်။ မီးဘေးသရုပ်ပြလေ့ကျင့်မှုများနှင့် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ငြိမ်းသတ်ခြင်းများကို မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် ဆက်လက်လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

အရေးပေါ်လူနာများနှင့် ငွေကြေးချို့တဲ့သူများကို အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေး

ကလေး ဖေဖော်ဝါရီ ၆

ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူသော အရေးပေါ်သားဖွား၊ အရေးပေါ်ထိခိုက်ဒဏ်ရာရ ဆိုင်ကယ်တိုက်၊ ကားတိုက်၍ အရေးပေါ်ခွဲစိတ်ကုသမှုခံယူရမည့် လူနာများကို အခမဲ့ (FOC) ဆောင်ရွက်ပေးနေကြောင်း၊ နိုင်ငံတော်ကလည်း ဆေးဝါးများဝယ်နိုင်ရန် တင်ဒါများခေါ်ပြီး ဆေးဝါးများ ဝယ်နေပါပြီ။ နိုင်ငံတော်အစီအစဉ်နှင့် ဝယ်သည့်ဆေးဝါးများကို အကုန်လုံး FOC ပေးမည်ဖြစ်ကြောင်း ကလေးပြည်သူ့ဆေးရုံ အုပ်ကြီး ဒေါက်တာ စိန်အေးက ပြောသည်။

ကလေးမြို့ ပြည်သူ့ဆေးရုံအနေဖြင့် တစ်လလျှင် FOC ပေးနေသည့် ဆေးဝါးပေါင်း ၃၀၀ ကျော်ရှိပြီး အတွင်းလူနာအတွက်ဆိုလျှင် ငွေကြေးကုန်ကျမှုအနေဖြင့် တစ်လလျှင် ငွေကျပ်သိန်း ၁၂၀ ဝန်းကျင်ရှိကာ ပြင်ပလူနာအတွက် တစ်လလျှင် ငွေကျပ် ၂၅ သိန်းဝန်းကျင် အခမဲ့ကုသပေးနေကြောင်း သိရသည်။

ကလေးမြို့ ပြည်သူ့ဆေးရုံအနေဖြင့် နိုင်ငံတော်၏မူဝါဒအတိုင်း အားလုံးကို အခမဲ့ကုသပေးနိုင်အောင် ကြိုးစားပြီး ဆောင်ရွက်ပေးနေတယ်။ လက်ရှိအခြေအနေထိတော့ အားလုံးကို အခမဲ့မပေးနိုင်သေးပါဘူး။ ဓာတ်မှန်ကိစ္စဆိုရင် သွေးသွင်းပြီး ရိုက်ရတဲ့ကိစ္စပေါ့နော်။ အယ်ထရာဆောင်းပေါ့။ ကိစ္စတချို့ စရိတ်ကုန်ကျတာလေးတွေရှိပါတယ်။ ဒါမျိုးလေးတွေဆိုရင်တော့ ပြန်ပြီးကောက်ခံရတာလေးတွေ ရှိပါတယ်။ ဓာတ်မှန်ကိစ္စမှာတော့ အဓိကအရေးပေါ်လူနာ၊ အရေးပေါ်ခွဲစိတ်၊ အရေးပေါ်သားဖွား၊ ငွေကြေးချို့တဲ့သူတွေ၊ သာသနာပြုသူတွေကို ဓာတ်မှန်မှမဟုတ်ပါဘူး။ အကုန်လုံးကို အခမဲ့ဆောင်ရွက်ပေးနေပါတယ်" ဟု ၎င်းက ဆိုသည်။ **သျှင်နေမင်း**

တစ်ဖက်နိုင်ငံသို့ ပို့ဆောင်မည့် တရားမဝင် မှောင်ခို ကျွဲ/နွားများ ဖမ်းဆီးရမိ

ထီးချိုင့် ဖေဖော်ဝါရီ ၆

ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအုပ်စု အုတ်ဆုံကျေးရွာ၏ အရှေ့ဘက်တောလမ်းတွင် ဖေဖော်ဝါရီ ၃ ရက် နံနက် ၄ နာရီခွဲခန့်က တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ တိုင်းဦးစီး(၁)ဌာနစိတ်မှ အဖွဲ့သည် နယ်မြေခံ မောင်းကုန်းရဲကင်းစခန်းနှင့်ပူးပေါင်း၍ ကျွဲ/နွားများပိုင်ရှင် အုတ်ဆုံကျေးရွာနေ ကိုလှရွှေ (၄၅ နှစ်)နှင့် ကိုလွင် (၂၆ နှစ်)တို့နှစ်ဦးအား သက်သေခံပစ္စည်းများဖြစ်သော နွားထီး ၁၀ ကောင်၊ နွားမနှစ်ကောင်၊ ကျွဲထီးနှစ်ကောင်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အောက်ဖော်ပြပါအတိုင်း စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ ဖော်ထုတ်ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ခင်ဦးမြို့နယ်၊ မြို့သစ်ကျေးရွာ - ဧက ၁၀၀

(ခ) ကန့်ဘလူမြို့နယ်၊ ထိန်တောကျေးရွာ - ဧက ၁၀၀

(ဂ) တန့်ဆည်မြို့နယ်၊ ခပေါင်းကြိုင် - ဧက ၁၀၀

(ဃ) ကလေးမြို့နယ်၊ ရာဇဂြိုဟ်ကျေးရွာ - ဧက ၁၀၀

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၇-၁၂-၂၀၁၅ရက်မှ ၂၇-၁၂-၂၀၁၅ရက်ထိ

(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၈-၂-၂၀၁၅ရက် ညနေ ၄ နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၇-၃-၂၀၁၅ရက်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာန ဖုန်း-၀၇၁-၂၃၇၇၁၊ ၀၇၁-၂၄၉၅၂၊ ၀၉-၂၁၃၀၅၀၁တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ



ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ် အလက (ထုံးဖို) စတုတ္ထတန်းမှ မနန်းရွှေဝါ၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း(ခ)ဦးမောင်အေး ၉/တကန(နိုင်)၂၀၀၀၈၆ ဖြစ်ပါကြောင်း။ **ဦးနိုင်ဝင်း(ခ)ဦးမောင်အေး**

ဒေါ်ကေသီမြင့် ၁၂/စခန(နိုင်)၀၄၂၆၅၆ နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်လုံးချင်းအိမ်ရာ၊ အမှတ် (၂၁/ဘီ)နေ ဒေါ်ထက်ထက်ထွန်း ၁၂/ပဇတ(နိုင်)၀၃၀၇၁၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်ကေသီမြင့်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ကေသီမြင့်နှင့်ဒေါ်လှကြိုင်တို့ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်သော နှစ် ၆၀ ဂရန်မြေကွက်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/၂)၊ မြေကွက်အမှတ် ၆၃၀၊ ပေ(၂၅×၅၀)ရှိ မြေကွက်ထဲမှ မခွဲမစိတ်ရသေးသော်လည်း ဒေါ်ကေသီမြင့်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော အထက်ပါမြေကွက်၏ တောင်ဘက်ခြမ်း၊ အကျယ်အဝန်း ပေ(၁၂ ½×၅၀)ရှိ မြေကွက်အစိတ်အပိုင်းသည် ဒေါ်ထက်ထက်ထွန်းက အရပ်စာချုပ်ဖြင့် ဝယ်ယူထားခဲ့သော မြေကွက်ဖြစ်ပါသည်။ ယခုအချိန်တွင် အထက်ပါမြေကွက်ကို ဒေါ်ထက်ထက်ထွန်းက အမည်ပေါက်ဆောင်ရွက်ရန် လိုအပ်သောအခြေအနေ ဖြစ်ပေါ်လာသောကြောင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ဒေါ်ထက်ထက်ထွန်းနှင့်ဆက်သွယ်၍ ဒေါ်ကေသီမြင့်က အမည် ပေါက်ဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ်များကို ဆောင်ရွက်ပေးရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဒေါ်ထက်ထက်ထွန်းအမည်ပေါက်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အထက်ပါကဲ့သို့ ဒေါ်ထက်ထက်ထွန်း ဝယ်ယူထားသော အထက်ဖော်ပြပါ မြေကွက်အား ဒေါ်ထက်ထက်ထွန်း အမည်ပေါက်ရရှိရန် ဆောင်ရွက်မည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကလည်း ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်း ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ဒေါ်ကေသီမြင့်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ထက်ထက်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သီတာလှဲ့လှဲ့ထွန်း

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၈)

ရုံး-တိုက် ၉/၁၁၊ အခန်းအမှတ် 005-B၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၇၃၁၇၆၆၀၇

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/က၊ လေဆိပ်ဝန်းကျင်စီမံကိန်း)၊ မြေကွက်အမှတ် ၅၆၊ ဧရိယာ ၀ဒသမ၁၂၅ ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးစိုးလွင် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အိမ်အား အရောင်းအဝယ်စာချုပ် ၉၉၅၁/ ၂၀၁၄ တင်ပြ၍ ဦးသန်းဦး ၁၂/မရက(နိုင်)၀၁၉၈၀၃အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အများသိစေရန်

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နားမခေါ်အဆင့်မြင့် အဝေးပြေးယာဉ်ရပ်နားစခန်းဝင်းအတွင်းရှိ အခန်းအမှတ် (B-17)၊ အခန်းအကျယ် ပေ(၁၅×၃၀)၊ နှစ်ထပ်အဆောက် အအုံတစ်ခန်းနှင့် အခန်းအမှတ်(B-18)၊ အခန်းအကျယ် ပေ(၁၅×၃၀)၊ နှစ်ထပ် အဆောက်အုံတစ်ခန်း၊ စုစုပေါင်းအခန်း နှစ်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အီးဆွေ(ခ)ခမ်းလူ ၁၃/ဟပတ(နိုင်) ၀၁၆၇၁၄ ပန်လုံလမ်း၊ ဟိုပန်မြို့က Shining My-anmar Co.,Ltd. လားရှိုးမြို့ထံမှ ၂၄-၁၂-၂၀၁၃ရက်စွဲဖြင့် တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်များ တရားဝင်ချုပ်ဆိုပြီး ဆိုင်ခန်းများကို လက်ထိလက်ရောက်လွှဲပြောင်းရယူထားပြီး ဖြစ်သော်လည်း စာချုပ်များမှာ အကြောင်းတစ်စုံတစ်ရာကြောင့်ကျွန်ုပ် မိတ်ဆွေလက်တွင်းမှ ပျောက်ဆုံးသွားပါသည်။ သို့ပါ၍ ကျွန်ုပ်မိတ်ဆွေက တိုက်ခန်း အရောင်းအဝယ် ကတိစာချုပ် မိတ္တူမှန်ကို Shining Myanmar Co.,Ltd. လားရှိုးမြို့နှင့် အသစ်တစ်ဖန်ထပ်မံချုပ်ဆိုမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နန်းခမ်းလိတ် (LL.B) (စဉ်-၃၆၈၆၁)

အထက်တန်းရှေ့နေ

မေဒေးစာပေ၊ အခန်း (ခ/၅)၊ ရဲစခန်းတိုက်တန်း၊ လမ်းမတော်လမ်း၊ ရပ်ကွက် (၁)၊ လားရှိုးမြို့

ဖုန်း-၀၈၂-၂၅၉၅၂၊ ၀၉-၃၆၀၁၆၄၃၈

ဆောင်းပါး

ဆေးပညာသတင်းဆန်းများ (၈၇)

ဒေါက်တာကံညွန့်

အသုံးများတဲ့ ဆေးနှစ်ခုရဲ့အစွမ်း

ဆေးပညာသတင်းတော်တော်များများမှာ ရောဂါတစ်ခုကို ကုနေတဲ့ဆေးက နောက်ရောဂါတစ်ခုကို အစွမ်းထက်တာတွေ့ရကြောင်း တင်ပြခဲ့ပြီးပါပြီ။ ယခုလည်း အသုံးများတဲ့ ဆေးနှစ်ခုရဲ့ အစွမ်းကို ထပ်မံတင်ပြပါရစေ။ ပထမဆေးတစ်ခုကတော့ Botox လို့ လူသိများတဲ့ (Bootulinumtoxin A) ထိုးဆေးပါ။ ဒီဆေးဟာ မျက်နှာအလှပြင်ရာမှာ၊ အရေပြားတွန့်နေတဲ့နေရာ၊ လျော့ရဲရဲဖြစ်နေတဲ့နေရာတွေမှာ တင်းတင်းရင်းရင်း ဖြစ်အောင်ထိုးပေးနေတဲ့ဆေးပါ။ ကမ္ဘာအနှံ့အသက် ၅၀ ကျော် လှချင်တဲ့ အမျိုးသမီးတွေ အမျိုးသားတွေအားလုံး အလှပြင်ဆေးခန်းတွေမှာ ထိုးနေရတဲ့ဆေးပါ။ ယခုတော့ဒီဆေးဟာ အစာအိမ်ကင်ဆာရောဂါ ကုသရာမှာထိရောက်တဲ့ ဆေးတစ်ခုဖြစ်လာတော့မှာပါ။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ Columbia University Medical Centre က ဆေးပညာရှင်တွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ဒီဆေးဟာ အစာအိမ်ကင်ဆာအလုံးကြီးထွားလာမှုကို ရပ်တန့်စေတယ်လို့ ဆိုပါတယ်။ အစာအိမ်အာရုံကြောဖြစ်တဲ့ Vagus Nerve ကို ဒီဆေးထိုးလိုက်တာ နဲ့ အစာအိမ်ဟာ အာရုံကြောအဆက်အသွယ်ပြတ်တောက်သွားပြီး ကင်ဆာအလုံးဟာ ထပ်မံ မကြီးထွားနိုင်တော့ဘူးလို့ဆိုပါတယ်။ ဒါကို Medical Vagotomy လို့ခေါ်ပြီး ဒီစမ်းသပ်မှုကို ပထမ ဓာတ်ခွဲခန်းမှာအစာအိမ်ကင်ဆာဖြစ်အောင်လုပ်ထားတဲ့ ကြွက်တွေနဲ့ စမ်းသပ်ခဲ့ပြီး ယခုအခါ လူနာတွေကိုပါ စမ်းသပ်ရာမှာ အောင်မြင်နေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဆေးတစ်ခုဖြစ်တဲ့ Avastin လို့ လူသိများတဲ့ Bevacizumab ဆေးဟာ သွေးကြောအသစ်တွေ ပေါ်ထွန်းလာတာကိုတားဖို့ မျက်စိရောဂါတစ်ခုဖြစ်တဲ့ ARMD လို့ အတိုကောက်ခေါ်တဲ့ Age Related Macular Degeneration သက်ကြီး မျက်စိမှုန်ရောဂါမှာ အသုံးပြုနေရတဲ့ ဆေးပါ။ ဒီဆေးဟာ ယခုတော့ အမျိုးသမီးတွေ အဖြစ်များတဲ့ သားအိမ်ခေါင်းကင်ဆာရောဂါမှာအသုံးဝင်မယ့်ဆေးတစ်ခုဖြစ်တော့မှာ ဖြစ်ပါတယ်။ ဒီဆေးဟာ သားအိမ်ခေါင်းကင်ဆာကြီးထွား မလာအောင် Radiotherapy ကုထုံးနဲ့အတူ ပေးရမယ့် ဆေးတစ်ခုဖြစ်ပြီး ဒီဆေးရဲ့ အာနိသင်ဟာ သားအိမ်ကင်ဆာအလုံးမှာ ဖြစ်ပေါ်လာမယ့်သွေးကြောငယ်တွေကို ဟန့်တားဖို့ဖြစ်တယ်လို့ ဆိုပါတယ်။ ယခုအခါ အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးကလည်း ဒီဆေးကို သားအိမ်ခေါင်းကင်ဆာရောဂါရှင်တွေကို ပေးဖို့သဘောတူလိုက်ပြီဖြစ်ကြောင်းတင်ပြလိုက်ရပါတယ်။

TV ကို တစ်နာရီ ထိုင်ကြည့်တိုင်း ၂၂မိနစ် အသက်တို

ကြာကြာထိုင်ခြင်းဟာ ကျန်းမာရေးထိခိုက်ကြောင်း တင်ပြခဲ့ပြီးပါပြီ။ အခုအခါ ထွက်ပေါ်လာတဲ့ အမေရိကန်နိုင်ငံက ကမ္ဘာကျော် Yale တက္ကသိုလ်က ဆေးပညာရှင်တစ်စုရဲ့ လေ့လာချက်တစ်ခုကိုလည်း ကြည့်ကြပါဦး။ သူတို့ကတော့ TVကို တစ်နာရီ ထိုင်ကြည့်တိုင်း ၂၂မိနစ် အသက်တိုစေတယ်လို့ဆိုပါတယ်။ တစ်နေ့ မှာ ၆နာရီ ထိုင်ကြည့်သူဟာ ငါးနှစ် သက်တမ်းတိုမယ်လို့ ကြေညာလိုက်ကြပါတယ်။ ဒီလိုကြည့်နေသူတွေဟာ လူ့သက်တမ်းမှာ သက်တမ်းစေ့နေနိုင်ဖို့ ၃၀ ရာခိုင်နှုန်း လျော့နည်းသွားနိုင်တယ်လို့ ထောက်ပြထားပါတယ်။ ဒ့ါအပြင်ကင်းဘရစ်တက္ကသိုလ်က ဆေးပညာရှင်များရဲ့ လေ့လာချက်တစ်ခုမှာလည်း ဝသူဖြစ်စေ၊ ပိန်သူဖြစ်စေ၊ တစ်နေ့ မှာမိနစ် ၂၀ ခန့် ကိုယ်လက်လှုပ်ရှားမှုနှင့် လမ်းလျှောက်မှုတစ်ခုခု ပြုလုပ်သင့်ကြောင်း တိုက်တွန်းထားပါတယ်။ ဒီလေ့လာချက်မှာလူပေါင်း သုံးသိန်းကျော်ကို ၁၂နှစ်ကြာ လေ့လာခဲ့ကြတာဖြစ်ပါတယ်။ ဒီလေ့လာချက်တွေအရ ကြာကြာထိုင်နေကြသူတွေဟာ ကိုယ်လက်လှုပ်ရှားမှုနည်းပါးစေပြီး အဝလွန်ခြင်း၊ အဆီဓာတ်များခြင်းကြောင့် နှလုံးရောဂါဖြစ်နိုင်ခြေပိုများတာကြောင့် ဖြစ်ရတယ်လို့ဆိုပါတယ်။ တီဗွီကြည့်ခြင်း၊ တယ်လီဖုန်းပေါ်မှာ Game ကစားခြင်း၊ Internet ကြည့်ခြင်း၊ ရုံးချိန်အတွင်း လုံးဝလှုပ်ရှားမှုမရှိဘဲ ထိုင်နေခြင်းတို့ဟာလည်း TV ထိုင်ကြည့်သလို ဆိုးကျိုးဖြစ်စေနိုင်တယ်လို့ဆိုထားပြီး တီဗွီကိုရပ်ကြည့်ကာ ရုံးတက်သူတွေ နေ့လယ်ထမင်းစားချိန်မှာ ကိုယ်လက်လှုပ်ရှားပေးဖို့ တိုက်တွန်းထားကြောင်း တင်ပြလိုက်ရပါတယ်။

အချိုရည်သောက်ခြင်းသည် သွားကိုထိခိုက်စေနိုင်

အားကစားသမားတွေဟာ အားကစားလေ့ကျင့်စဉ် ကာလမှာရော၊ ပြိုင်ပွဲကာလတွေမှာ အားကစားစွမ်းရည် မြင့်မားအောင် အားဖြည့်အချိုရည်တွေ သောက်သုံးတတ်ကြပါတယ်။ ဒီလိုသောက်သုံးတဲ့အခါ Acidဓာတ်ပါတဲ့ အချိုရည်တွေဟာ သူတို့ရဲ့သွားကို ထိခိုက်စေတယ်လို့ဆိုပါတယ်။ ဒါကိုတော့ အင်္ဂလန်နိုင်ငံနှင့် အမေရိကန်နိုင်ငံက သွားဆရာဝန်တွေနှင့် အားကစားဖက်ဆိုင်ရာ ဆရာဝန်တွေရဲ့တွေ့ရှိချက်ကို British Journal of Sports Medicineမှာ ဖော်ပြထားပါတယ်။ သူတို့အဆိုအရ ၂၀၁၂ ခုနှစ် အိုလံပစ်ပြိုင်ပွဲအပြီး ဆေးခန်းတွေကို လာပြသူအားလုံးရဲ့ (၁/၃) ခန့်ဟာသွားရောဂါနှင့်ပတ်သက်ပြီး လာပြကြသူတွေဖြစ်တယ်လို့ ဆိုပါတယ်။ Acid ဓာတ်ပါတဲ့ အားဖြည့်အချိုရည်တွေဟာ အားကစားပြုလုပ်နေစဉ်အတွင်းမှာ ပါးစပ်ခြောက်သွေ့ခြင်းကို ပိုဖြစ်စေပြီး သွားနှင့်သွားဖုံးတွေရဲ့ မျက်နှာပြင်ကိုပိုမို ရောဂါဖြစ်စေနိုင်တယ်လို့ ထောက်ပြထားပါတယ်။ ဒီလို Acid ပါတဲ့ အချိုရည်သောက်သုံးမှုဟာ Carbohydrate များများပါတဲ့အစာကို စားသုံးထားတဲ့ လူမှာပိုဆိုးစေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် အားကစားဝါသနာရှင်တွေအတွက် သတိထားစားသောက်နိုင်ဖို့ တင်ပြလိုက်ရပါတယ်။

ခန္ဓာကိုယ်၌ ရောဂါမဖြစ်ခင် အရိပ်အယောင်ကြိုတင်ပြ

တချို့ခန္ဓာကိုယ်ထဲက ရောဂါတွေမဖြစ်ခင်မှာ အပေါ်ယံလွှာမှာ အရိပ်အယောင်တွေကြိုပြီး ပေါ်လာတတ်ပါတယ်။ ဒါကြောင့် ဒီလိုအပေါ်ယံမှာ ပေါ်တတ်တဲ့အခြေအနေတွေထဲက တစ်ခုကို ဒိန်းမတ်နိုင်ငံက ပညာရှင်အဖွဲ့က ထောက်ပြထားပါတယ်။ ဒါကတော့ မျက်စိရဲ့ မျက်ခမ်းဝန်းကျင်က အရေပြားပေါ်မှာ ပေါ်လာတတ်တဲ့ အဝါရောင်အဆီဖတ်လေးတွေ ဖြစ်ပါတယ်။ ဒီအဆီဖတ်တွေကို Xanthelesma လို့ ခေါ်ပါတယ်။ သူတို့အဆိုအရ ဒိန်းမတ်နိုင်ငံက အသက် ၅၀ ကျော်အရွယ် အမျိုးသမီး ပေါင်း ၁၃၀၀၀ ကို လေ့လာကြည့်တဲ့အခါ သူတို့အထဲက လေးရာခိုင်နှုန်းရှိ အမျိုးသမီးတွေမှာ ဒီလိုအဆီဖတ်ကလေးတွေရှိနေတာ တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီ လေးရာခိုင်နှုန်းရှိတဲ့ အမျိုးသမီးတွေထဲက ၇၀ ရာခိုင်နှုန်းခန့်ဟာ သွေးထဲမှာ အဆီဓာတ်များနေပြီး သူတို့ရဲ့ သွေးကြောတွေဟာလည်း အဆီဓာတ်ကပ်နေတာကြောင့် သာမန်ထက် အနည်းငယ်မာကျောနေတာတွေ့ရတယ်လို့ဆိုပါတယ်။ ဒီလူတွေဟာ နှလုံးသွေးကြောကျဉ်းရောဂါရှိဖို့ သာမန်လူတွေထက် ၅၀ ရာခိုင်နှုန်းပိုများနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီလိုမျက်စိဝန်းကျင်က မျက်ခမ်းဘေးနားတစ်ဝိုက်မှာ အဝါရောင်အဆီဓာတ်စပေါ်ပြီဆိုရင် သမားတော်တွေနှင့်ပြသထားဖို့လိုကြောင်း တင်ပြလိုက်ရပါတယ်။

နှလုံးကြွက်သား နှိုးဆွကိရိယာအသစ်

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Pace Maker ခေါ်တဲ့ နှလုံးကြွက်သားနှိုးဆွကိရိယာထည့်ထားကြသူတွေ အတွက်ပါ။ ဒီ Pace Maker ဟာ နှလုံးကြွက်သားပုံမှန်အလုပ်မလုပ်ဘဲ နှလုံးခုန်နှုန်းနည်းသွားသူတွေ၊ နှလုံးခုန်နှုန်းမမှန်ဖြစ်တတ်သူတွေအတွက် ကိုယ်ခန္ဓာမှာထည့်ထားရတဲ့ ကိရိယာလေးပါ။ ဒီကိရိယာကို ရင်ဘတ်က အရေပြားအောက်မှာ ခွဲစိတ်ထည့်လိုက်ရပြီး သေးမျှင်တဲ့ ဝိုင်ယာကြိုးလေးနဲ့ သွေးပြန်ကြောကတစ်ဆင့် နှလုံးကို ဆက်သွယ်ထားတာပါ။ ယခုတော့ အသစ်တီထွင်လိုက်တဲ့ Pace Maker တစ်ခုပေါ်လာပါပြီ။ ဒါကတော့ ဝိုင်ယာကြိုးမပါတော့ဘဲ ဗီတာမင်ဆေးပြားတစ်ခုလောက်သာအရွယ်ရှိတဲ့ Pace Maker ကို ပေါင်ရင်းက သွေးလွှတ်ကြောတစ်ခုမှာ ကပ်ထားလိုက်ရုံနှင့် ပြီးသွားနိုင်တဲ့ လွယ်ကူစွာထည့်လို့ရတဲ့ ပစ္စည်းတစ်ခုကို တီထွင်လိုက်ကြပါပြီ။ ဒါကိုတော့ အမေရိကန်နိုင်ငံ Ohio ပြည်နယ်၊ ကိုလံဘတ်မြို့က Ohio State University's Wexner Medical Center က တီထွင်လိုက်တာဖြစ်ပါတယ်။ နှလုံးခုန်နှုန်းနှေးပြီး ပုံမှန်မဖြစ်သူတွေအတွက် သတင်းကောင်းအဖြစ် တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။

ကျိုက်သလွန်စေတီတော်မြတ်၏ ရင်ပြင်တော်နှင့် တည်းခိုဆောင်တိုးချဲ့ရေးအတွက် အလှူငွေများလိုအပ်

မော်လမြိုင် ဖေဖော်ဝါရီ ၆

မွန်ပြည်နယ်၏ အထင်ကရ သမိုင်းဝင် သွားတော်ဓာတ်နှင့် ဆံတော်ရှင် ကျိုက်သလွန်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တိုးချဲ့ရေးနှင့် ရပ်ဝေးနေပြည်သူများ ကုန်ကျမှုကင်းဝေးပြီး စိတ်လက်ချမ်းသာစွာ တည်းခိုနိုင်ရေးအတွက် တည်းခိုဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို လုပ်ဆောင်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တည်ဆောက်ခြင်းလုပ်ငန်းကို မော်လမြိုင်မြို့ သာသနာ့မာန်အောင် ဝဲပုံစာသင်တိုက်၏ ဦးစီးနာယက ဆရာတော် (ယခုပုံလွန်တော်မူ)၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ဝန်ကြီးများက လွန်ခဲ့သည့်မေလက ပန္နက်တင်ပေးခဲ့ပြီး ဝဲပုံကျောင်းတိုက် ဆရာတော်က ငွေကျပ်သိန်း ၁၀၀ မတည်၍ အလှူရှင်များက စုစုပေါင်း ငွေကျပ် ၉၄၈ ဒသမ ၅ သိန်းတို့ဖြင့် အလျားပေ ၁၁၀၊ အနံ ပေ ၅၀ ရှိ လေးထပ်အဆောက်အအုံကို ဆောက်လုပ်ခဲ့ရာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

သို့သော် လုပ်ငန်းတစ်ခုလုံးအတွက် ခန့်မှန်းကုန်ကျငွေသည် ငွေကျပ်သိန်း ၂၄၀၀ ဖြစ်သည့်အတွက် လုပ်ငန်းအမြန်ပြီးစီးနိုင်ရေး အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

အလှူငွေများ လှူဒါန်းလိုပါက ဦးဇော်လင်းထွန်း (အတွင်းရေးမှူး၊ မွန်ပြည်နယ် အစိုးရအဖွဲ့) ဖုန်း-၀၉-၈၇၀၀၃၃၃ ၊ ဦးခင်မောင်ဝင်း (ဂေါပက အဖွဲ့၊ ဘဏ္ဍာရေးမှူး)ဖုန်း-၀၉-၅၃၂၂၃၀၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကိုဆက်







ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ်၃စယ/၈၆၉၂၇ Hon-da Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူခင် ၉/မတရ(နိုင်)၁၂၄၉၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၈၇၇၀၆ Yin Xing 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်းဦး ၉/မနမ(နိုင်)၀၁၀၉၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ ၆ လမ်း၊ အမှတ်(၅/B)၆၆၂နေ ဦးမြင့်ဝင်း-ဒေါ်အေးအေးနွယ်တို့၏သား မောင်ဇော်ထူး ၁၀/မလမ(နိုင်)၁၈၇၉၄၅သည် မိဘ၊ ဆွေမျိုးများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်သည့်အပြင် မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ မောင်ဇော်ထူး၏ ကိစ္စအဝဝကို မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်အေးအေးနွယ်
၁၂/ဥကတ(နိုင်)၁၁၁၆၁၈**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/2869, SKAT (LF 13048G 1) Damp Truck (4x2) (1) ယာဉ်လက်ဝယ်ရှိသူ Myanmar New power Co.,Ltd.က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

နည်းပညာကဏ္ဍ

တက္ကသိုလ်ဝင်တန်းစာမေးပွဲနှင့် သုံးချိန်လျှော့ရမည့် ဆိုရှယ်နက်ဝပ်(ခ်)များ

သတင်းဆောင်းပါး
သူရဖြိုး

"ကြည့်လိုက်တိုင်း စာလုပ်ဖို့ထက် အင်တာနက်သုံးဖို့ကိုပဲ စိတ်ဝင်စားနေတယ်။ လိုက်ကြည့်ပြီး ပြောနေမှရတယ်။ မပြောဖြစ်တာနဲ့ ဒီဖုန်းကို ဖွင့်တော့တာပဲ။ ကိုယ့်အလုပ်ကလည်းရှိတော့ သူ့ကိုလည်းအချိန်ပြည့် ကြည့်မနေနိုင်ဘူး။ ဖုန်းကိုသိမ်းထားဖို့ကလည်း စာမေးပွဲနီးချိန် စိတ်ဆင်းရဲမှာစိုးလို့ မလုပ်ချင်ဘူး။ ချော့ပဲပြောနေရတယ်"ဟု ကမာရွတ်မြို့နယ်နေ ဒေါ်ခင်ခင်ထွေးက ညည်းညူ၍ ပြောသည်။ အချိန်တစ်လခန့်သာကျန်တော့သည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေချိန် နီးနေသည်အထိ စာကျက်ရန်ထက် ဖုန်းကိုဖွင့်ကာ အင်တာနက်သုံးချင်နေသည့်သမီး တက္ကသိုလ်ဝင်တန်းကျောင်းသူအတွက် စိတ်ပူပြီး ပြောလိုက်ခြင်းဖြစ်သည်။

လွန်ခဲ့သည့်တစ်နှစ်အတွင်းမှစ၍ မိုဘိုင်းဖုန်းများ အသုံးများလာမှုနှင့်အတူ မိုဘိုင်းအင်တာနက်အသုံးပြုမှုမှာ လူငယ်များအကြား ထုံးစံတစ်ခုလိုဖြစ်လာသည်။ ယခင်နှစ်များကပင် လူငယ်များအင်တာနက်ဆိုင်ထိုင်ကြခြင်းမျိုး ရှိသော်လည်း ယခုအခါ မိုဘိုင်းအင်တာနက်ကြောင့် သုံးစွဲသူလူငယ်ဦးရေမှာ ယခင်ကထက် အများအပြား တိုးတက်လာခြင်းဖြစ်သည်။

စွဲတတ်တဲ့ ဆိုရှယ်နက်ဝပ်(ခ်)

ယခင်ကပင် အင်တာနက်သုံးသောလူငယ်အများစုသည် အင်တာနက်မှတစ်ဆင့် အချင်းချင်းစကားပြောနိုင်သည့် ဂျီတော့ချတ်နှင့် ဆိုရှယ်နက်ဝပ်(ခ်)များကို အသုံးပြုကြသည်။ ဆိုရှယ်နက်ဝပ်(ခ်)များဆိုသော်လည်း အများဆုံးအသုံးပြုကြသည်မှာ Facebook သာဖြစ်သည်။ ယခုနောက်ပိုင်း မိုဘိုင်းအင်တာနက်များ ကျယ်ပြန့်ထွန်းကားလာချိန်တွင် Gtalk အစား Viber ကို အသုံးများကြသည်။

မိမိတို့ခံစားချက်များ ရေးသားရင်ဖွင့်နိုင်ခြင်း၊ သူငယ်ချင်းများနှင့် မျှဝေနိုင်ခြင်း၊ ဓာတ်ပုံများတင်နိုင်ခြင်း၊ သတင်းများဖတ်ရှုနိုင်ခြင်း စသည့်အချက်များကြောင့် ဖေ့စ်ဘွတ်ခ်ကို လူငယ်များ စိတ်ဝင်စားကြသည်။ ထိုမှတစ်ဆင့် တဖြည်းဖြည်းနှင့် သူငယ်ချင်းပိုများလာ၊ စကားပြောဖော်ပိုများလာ၊ ပုံမှန်စကားပြောဖော်များရှိလာသည့်အခါ စကားမပြောရမနေနိုင်၊ အင်တာနက်မသုံးရ မနေနိုင်ဖြစ်လာသည်အထိ စွဲလန်းကြတော့သည်။ အချို့မှာမူ ဓာတ်ပုံများတင်ကြသည့်အခါ အခြားသူများက သဘောကျကြောင်း အသိအမှတ်ပြုသည့် Like ရရှိမှုအပေါ် မူတည်ပြီး ဖေ့စ်ဘွတ်ခ်ပေါ်တွင် နာမည်ကျော်တစ်ယောက်ဖြစ်ရသည့် ဘဝမျိုးကို စွဲလန်းကြသည်။

အင်တာနက်ကို အကျိုးရှိအောင်သုံးရင်

"ဖေ့စ်ဘွတ်ခ်ကိုသုံးတာက အကျိုးရှိအောင်သုံးနေရင် ကောင်းပါတယ်။ ဖေ့စ်ဘွတ်ခ်မှာ နည်းပညာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတတွေကအစ သတင်းတွေ၊ စိတ်အာဟာရဖြစ်မယ့်စာတွေအထိ ကောင်းတာတွေ မျိုးစုံရှိတယ်။ ဒါတွေဖတ်နေမယ်၊ ဒါတွေနဲ့ပတ်သက်တာတွေကို လေ့လာနေမယ်ဆိုရင် အချိန်များများသုံးလေ လူငယ်တွေအတွက် အကျိုးရှိလေပဲပေါ့။ ကျွန်တော်ဆိုရင်လည်း ဖေ့စ်ဘွတ်ခ်သုံးနေတာကြာပြီပဲ။ ဒါပေမယ့် ခက်တာက အဲလိုဟာမျိုးတွေကို လူငယ်တွေက စိတ်မဝင်စားသလောက်ပဲ။ အခုသုံးကြတဲ့ လူငယ်အများစုအနေနဲ့ ဓာတ်ပုံတွေတင်တယ်။ ယောကျ်ားလေးနဲ့ မိန်းကလေး စကားပြောကြတယ်။ ဂိမ်းဆော့တယ် စသဖြင့် အပျော်တမ်းကိစ္စတွေကိုပဲ အသုံးများတယ်။ ဒီလို အပျော်သက်သက်သုံးနေတာကတော့ ခဏတစ်ဖြုတ်လည်းမကောင်းသလို ရေရှည်အတွက်လည်း မကောင်းဘူး။ အထူးသဖြင့် စာမေးပွဲနီးချိန်မျိုးမှာတော့ ဒီလိုကိစ္စမျိုးတွေ ဖြတ်နိုင်အောင်ကို ကြိုးစားရမယ်"ဟု ကမာရွတ်မြို့နယ်မှ စာကျက်ဝိုင်းဆရာ ကိုဇော်ဇော်ဦးက ပြောသည်။

လူအများစုက အချိန်များများသုံးနေခြင်းကြောင့် အကျိုးအမြတ်ရသည့် ဆိုရှယ်နက်ဝပ်(ခ်)များသည် သုံးသူတိုင်းကို အချိန်ကြာကြာသုံးချင်နေစေရန် နည်းအမျိုးမျိုးဖြင့် ဆွဲဆောင်ထားသည်။ ဖေ့စ်ဘွတ်ခ်တွင် တစ်ခါဝင်လိုက်ပြီး ဓာတ်ပုံတစ်ပုံ၊ သို့မဟုတ် စာတစ်ကြောင်း တင်လိုက်လျှင် ထိုပုံနှင့် စာအတွက် သဘောကျကြောင်းဖော်ပြသည့် Like၊ အဆိုးအကောင်းထင်မြင်ချက်ပေးသည့် Comment၊ ထပ်ဆင့်မျှဝေသည့် Share စသည့်အချက်များဖြင့်လည်းကောင်း၊ ထင်မြင်ချက် Comment တစ်ခုကို ထပ်မံ၍ Like နှင့် Reply စသည့် အချက်များဖြင့်လည်းကောင်း ဆွဲဆောင်ထားပြီး ထိုအချက်များကို ချက်ချင်းသိရှိစေရန် အချက်ပြစနစ် Notification ဖြင့် အသိပေးသည်။

လူငယ်တွေကိုယ်တိုင် ပြင်သင့်တာတွေ

ထို့ကြောင့် ပုံများများတင်၊ စာများများရေးပါက Notification များ အဆက်မပြတ်ရနေပြီး ကိုယ့်အတွက်ပေးသော ထင်မြင်ချက်များကိုဖတ်ခြင်း၊ ပြန်ပြော ခြင်းများကြောင့် အချိန်ကုန်နိုင်သဖြင့် စာမေးပွဲနီးချိန် တစ်လလောက် အလိုကပင် အချိန်များများ Active ဖြစ်အောင် အင်တာနက်သုံးနေခြင်းများကို လျှော့ချဖို့လိုကြောင်း နည်းပညာကျွမ်းကျင်သူတစ်ဦးဖြစ်သည့် ကိုရှိုင်းလင်းထွန်းက ပြောသည်။

မိဘတွေဘက်က ထိန်းကျောင်းပေးဖို့

"အခုခေတ်က ကျွန်တော်တို့ အရင်တုန်းက အင်တာနက်သုံးသလို မဟုတ်တော့ဘူးဗျ။ အရင်က အင်တာနက်သုံးဖို့ အင်တာနက်ဆိုင်ကိုသွားရတယ်။ ခုက လူငယ်အများစုလက်ထဲမှာ အင်တာနက်သုံးလို့ရတဲ့ ဖုန်းတစ်လုံးတော့ ရှိပြီးသားပဲ။ စာမေးပွဲနီးလို့ အင်တာနက်မသုံးရဘူးပြောရင် အရင်အနေအထားနဲ့ဆို အင်တာနက်ဆိုင် မသွားရဘူးဆိုပြီးရော။ ခုက ဖုန်းသိမ်းလိုက်ရင် ထမင်းမကျွေးတော့တာထက် ပိုပြီးစိတ်ဆိုးတတ်ကြတဲ့ခေတ်လေ။ အဲဒီတော့ မသုံးနဲ့ဆိုလည်း ဖြစ်မှာမဟုတ်ဘူး။ ပြီးတော့ ဆယ်တန်းဖြေမယ့် ကလေးတွေမှာ စာမေးပွဲအတွက် ဖိအားတွေရှိတယ်။ အတန်းချိန်ကလည်း သူတို့ဆီမှာ အပြည့်ပဲ။ အင်တာနက်သုံးဖို့ သူတို့ပေးနိုင်တဲ့အချိန်က သူတို့အိပ်ချိန်။ ကျွန်တော်နဲ့သိတဲ့ ဆယ်တန်းကလေး တော်တော်များများရဲ့ အင်တာနက်အသုံးပြုချိန်က နံနက် ၂ နာရီ ၃ နာရီလောက်။ အဲဒီတော့ အိပ်ချိန်တွေပေးလိုက်ရင် နောက်နေ့အတွက် ထိခိုက်နိုင်တာကို သူတို့သိပ်မတွေးကြဘူး။ လူကြီးတွေအနေနဲ့ အဲဒါလေး စောင့်ပြီး သတိထားပြောပြသင့်တယ်။ အင်တာနက်မသုံးဖို့အတွက်ကို အရမ်းကြီးလဲ pressure ထပ်မပေးစေချင်ဘူး။ သူတို့မှာ အစကတည်းက ရှိထားတာမနည်းဘူး။ အဓိကကတော့ လူကြီးတွေက မလုပ်ရဘူးလို့ပြောလိုက်တာထက် သူတို့

က တူတူလိုက်စောင့်ပေးပြီး ဘေးကနေ ထိန်းကျောင်းပေးလိုက်ရင် ပိုပြီးအဆင်ပြေသွားလိမ့်မယ်။ တစ်လကျော်ကျော်လောက်ပဲ အပင်ပန်းခံရတော့မှာပါ" ဟု ကိုရှိုင်းလင်းထွန်းကပင် အကြံပေးပြောကြားသည်။

ကျန်းကျန်းမာမာ စာမေးပွဲဖြေဖို့

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုရတော့မည့်အချိန်တွင် စာကိုစိတ်ပါဝင်စားမှုလည်း လျော့ကျစေပြီး စာကျက်ချိန်ကိုလည်းလျော့နည်းစေသည့်အပြင် အခန့်မသင့်လျှင် ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သည့် ဆိုရှယ်နက်ဝပ်(ခ်)များနှင့် မိုဘိုင်းအင်တာနက်များ သုံးစွဲမှုကို ကျောင်းသား ကျောင်းသူများအနေဖြင့် ကိုယ်တိုင်သတိထား လျှော့ချရန် စတင်ကြိုးစားရတော့မည့်အချိန်ဖြစ်သလို မိဘများအနေဖြင့်လည်း အတင်းအကြပ်ဖိအားပေး စေခိုင်းခြင်းမျိုးမပြုဘဲ နားလည်အောင် ဖျောင်းဖျပြောဆိုခြင်းဖြင့် ထိန်းကျောင်းပေးဖို့ လိုအပ်ပါသည်။ သို့မှသာ ဘဝအတွက်အရေးကြီးသည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျန်းကျန်းမာမာဖြင့် အောင်မြင်စွာဖြေဆိုနိုင်မည်ဖြစ်ပါသည်။

ဂူဂဲလ်က ဂျီတော့ဝန်ဆောင်မှုကို ပိတ်တော့မည်

ရန်ကုန် ဖေဖော်ဝါရီ ၆

နည်းပညာကုမ္ပဏီကြီးဖြစ်သော ဂူဂဲလ် (Google) ၏ ထုတ်ကုန်များအနက် လူသုံးအများဆုံးဖြစ်သည့် Gmail နှင့်အပြိုင် လူကြိုက်များခဲ့သော Google Talk ဝန်ဆောင်မှုကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ဂူဂဲလ်က ကြေညာလိုက်သည်။

ဂျီတော့ခ် အသုံးပြုနေသူများထံ ဖေဖော်ဝါရီ ၃ ရက်က စတင်အကြောင်းကြား ကြေညာထားခြင်းဖြစ်ကာ ဂျီတော့ခ်ကို ပိတ်ပစ်ပြီးနောက် Chrome Hangouts အပလီကေးရှင်း အသစ်ဖြင့် အစားထိုးပေးသွားမည်ဖြစ်ကြောင်း အဆိုပါအကြောင်းကြားချက်တွင် ဖော်ပြထားသည်။

ဂျီတော့ခ်သည် ဂျီမေးလ်အသုံးပြုသူအချင်းချင်း အင်တာနက်မှတစ်ဆင့် စကားပြောဆိုရန်အတွက် ဂူဂဲလ်က ထုတ်လုပ်ထားသော ကွန်ပျူတာသုံးအပလီကေးရှင်းတစ်ခုဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့သည်။ ၂၀၀၇ နှင့် ၂၀၀၈ ခုနှစ်များအတွင်း အကြိမ်ကြိမ်အဆင့်မြှင့်တင်ခဲ့ပြီး လူသုံးအများဆုံး အပလီကေးရှင်းတစ်ခု ဖြစ်လာခဲ့သည်။ မိုဘိုင်းဖုန်းများအတွက် မိုဘိုင်းအပလီကေးရှင်းများကိုလည်း ထုတ်လုပ်ခဲ့သည်။ ထို့နောက် ၂၀၁၂ ခုနှစ် ဇွန်လတွင် ဂျီတော့ခ် မိုဘိုင်းအပလီကေးရှင်းကို ရပ်ဆိုင်းပြီး Hangouts ဖြင့် အစားထိုးခဲ့ကာ ယခု ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီတွင် ကွန်ပျူတာသုံး အပလီကေးရှင်းကိုပါ ရပ်ဆိုင်းမည်ဖြစ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ပြည်တွင်းမှ အင်တာနက်သုံးစွဲသူ အများစုအနေဖြင့် မိုဘိုင်းအင်တာနက်ကို အသုံးများလာသဖြင့် စကားပြောဆိုရာတွင် Viber နှင့် Facebook Messenger ကို အသုံးများလာပြီး ဂျီတော့အသုံးပြုသူမှာ နည်းလာလျက်ရှိကြောင်း၊ ဂျီတော့ခ်ကို ပိတ်ပစ်သဖြင့် အသုံးပြုသူများအတွက် အရေးတကြီးထူးခြားမှု မရှိတော့ကြောင်း နည်းပညာကျွမ်းကျင်သူအချို့၏ ပြောကြားချက်အရ သိရသည်။

သူရဖြိုး

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
ISO 9001:2008 နှင့် GMP

ဖခင်အမည်မှန်

အထက(၁) ကျိုက်ထို၊ န၀မတန်း(IB) မှ မဖြူဖြူဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ဦး ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ဝါးခယ်မလမ်း၊ တိုက်အမှတ် ၅၀၊ (ခြောက်လွှာ၊ ခြေရင်းခန်း)ဟုခေါ်တွင်သော အလျား×အနံ ပေ(၁၂ ၁/၂× ၅၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး တရားဝင်လက်ဝယ်ရှိသူ ဒေါ်အေးငြိမ်းသွင် ၁၂/စခန(နိုင်)၀၆၁၇၆၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအပေါ် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြမြအေး(B.A,R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၃၅)
စီးပွားရေးအတိုင်ပင်ခံနှင့်ဥပဒေအကြံပေး
အမှတ် ၅၈၊ ပထမထပ်၊ ဗဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၆၆၀၂၇၊ ၀၉-၇၃၀၃၆၁၄၈

ဦးသူရကျော်နှင့်အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်(မ/၁၀)နေ ဒေါ်စန်းစန်းရီ ISN-၀၇၅၀၈၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၅၆၉၊ နှစ် ၆၀ ဂရန်မြေအမျိုးအစား၊ ဧရိယာ ၀ ဒသမ ၀၂၉ ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်နှင့်ဆက်စပ် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်နှင့် စပ်လျဉ်း၍ အများသိစေရန် ကြေညာအပ်ပါသည်။

အဆိုပါ မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်သည် အမည်ပေါက် ဒေါ်စန်းစန်းရီဖြစ်ပြီး ဒေါ်စန်းစန်းရီမှသမီးဖြစ်သူ ဒေါ်စန်းယဉ်ကြူနှင့်သားဖြစ်သူ ဦးသူရကျော်တို့အား မေတ္တာဖြင့် အပိုင်ပေးခြင်းစာချုပ်ချုပ်ဆို၍ ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။ ဒေါ်စန်းယဉ်ကြူက အဆိုပါ မေတ္တာနှင့် အပိုင်ပေးခြင်းစာချုပ်နှင့်ပတ်သက်၍ မိခင်ဖြစ်သူ ဒေါ်စန်းစန်းရီအား ပြန်လည်ပေးအပ်စွန့်လွှတ်ကြောင်း စာချုပ်စာတမ်းဖြင့် ပေးအပ်ပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်းပြီး ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အာမခံထားခြင်း၊ ကန်ထရိုက်ဖြင့် အဆောက်အအုံဆောက်လုပ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းကို ဒေါ်စန်းစန်းရီ၏ သဘောတူခွင့်ပြုချက်မပါဘဲ မပြုလုပ်ရန် ဦးသူရကျော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ ထိုသို့ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**ညွှန်ကြားချက်အရ-**
ဒေါ်စန်းစန်းရီ	**ဦးထိန်လင်း(B.Sc,H.G.P,R.L)**
	တရားရုံးချုပ်ရှေ့နေ (စဉ်-၃၃၈၀)
	အမှတ် ၅၅ (ဒုတိယထပ်)၊ အခန်းအမှတ် ၁၈၊
	မဟာဗန္ဓုလပန်းခြံလမ်း၊
	ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၁၃ယ/၁၆၈၇၃ Luo-jia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟန်တင် ၁၀/ကတန(နိုင်)၀၆၇၈၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

[illegible]

ပြည်တွင်းသတင်း

တီဘီရောဂါကာကွယ်တိုက်ဖျက်ရေးစီမံချက် စေတနာ့ဝန်ထမ်း မွမ်းမံသင်တန်းဖွင့်

ဆားလင်းကြီး ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် Myanmar Health Assistant Association (MHAA) နှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း 3MDG ၏အထောက်အပံ့ဖြင့် ပြုလုပ်သော လူထုအခြေပြုတီဘီရောဂါကာကွယ်တိုက်ဖျက်ရေးစီမံချက်၊ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများ၏ မွမ်းမံသင်တန်းကို ဖေဖော်ဝါရီ ၄ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ဆားလင်းကြီးမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

တီဘီရောဂါနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ရောဂါကာကွယ်ရေးနှင့် တိုက်ဖျက်ရေးတို့အတွက် ပြည်သူလူထုအတွင်း ပညာပေးဟောပြော စည်းရုံးမှုများ ဆောင်ရွက်နိုင်စေရေး၊ တီဘီသံသယရှိလူနာများရှာဖွေ၍ ကျန်းမာရေးဌာနများသို့ ညွှန်းပို့ခြင်းဖြင့် တီဘီလူနာများအား ဆောလျင်စွာ ရှာဖွေဖော်ထုတ်နိုင်ရန်၊ တိုက်ရိုက်ကြည့်ရှုအချိန်တိုကုထုံးဖြင့် စေတနာ့ဝန်ထမ်း တီဘီဆေးတိုက်ကျွေးသူများအဖြစ် ဆောင်ရွက်နိုင်ရန်၊ တီဘီရောဂါအကြောင်း ကျန်းမာရေးပညာပေးခြင်းဖြင့် ပြည်သူလူထုအနေဖြင့် ရောဂါအကြောင်းပိုမိုသိရှိလိုက်နာဆောင်ရွက်တတ်စေရန် ရည်ရွယ်ချက်များဖြင့် မွမ်းမံသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် ဒေါက်တာကျော်ရှိန်နှင့် တာဝန်ရှိသူများက တီဘီရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စု စေတနာ့ဝန်ထမ်း သင်တန်းသားများက တီဘီသံသယရှိလူနာများ ရှာဖွေရာတွင် ကြုံတွေ့ရသော အခက်အခဲများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဦးငယ်(ဆားလင်းကြီး)

ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျောက်ချောလမ်းသစ်ဖွင့်

တောင်သာ ဖေဖော်ဝါရီ ၆

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ရန်ကင်းသာစည်ကျေးရွာမှ တောင်သာ-နွားထိုးကြီးလမ်းကိုဆက်သွယ်သော အရှည် ၁ မိုင်ရှိ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပခဲ့သည်။

လမ်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးအောင်နှင့် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်တို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ကျောက်ချောလမ်းသစ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၃၅ ဒသမ ၆၉၉ သန်း အကုန်ကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ထီးလင်းမြို့နယ်၌ ကျေးရွာချင်းဆက် မြေသားလမ်းများဖွင့်

ထီးလင်း ဖေဖော်ဝါရီ ၆

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းများဖြစ်သော ဝက်သက်ကျေးရွာနှင့် ဂန့်ဂေါ-ထီးလင်းကားလမ်းသို့ ဆက်သွယ်သည့် လမ်းအရှည် ၆ မိုင်ရှိမြေသားလမ်း၊ ထိန်တိုင်းကျေးရွာနှင့် ဂန့်ဂေါ- ထီးလင်းကားလမ်းသို့ ဆက်သွယ်သည့် လမ်းအရှည် ၅ ဖာလုံရှိမြေသားလမ်းများကို ဖေဖော်ဝါရီ ၂ ရက်က ဖွင့်လှစ်ခဲ့သည်။ ဝက်သက်ကျေးရွာနှင့် ဂန့်ဂေါ- ထီးလင်းကားလမ်းသို့ ဆက်သွယ်သည့် မြေသားလမ်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၆၀ ဖြင့် ဖောက်လုပ်ခဲ့ပြီး ထိန်တိုင်းကျေးရွာနှင့် ဂန့်ဂေါ- ထီးလင်းကားလမ်းသို့ ဆက်သွယ်သည့်လမ်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၄၅ သိန်းဖြင့် ဖောက်လုပ်ပြုပြင်ခဲ့ကြောင်း သိရသည်။

ကျော်သန်းဆွေ

ပွင့်ဖြူ၌ အရန်သားဖွားဆရာမ သင်တန်းဖွင့်

ပွင့်ဖြူ ဖေဖော်ဝါရီ ၆

ကျန်းမာရေးဦးစီးဌာန၏ ထောင်စုနှစ်ရည်မှန်းချက်(၃)ရပ် အကောင်အထည်ဖော်ရေးအတွက် (3MDG) အဖွဲ့၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဖွင့်လှစ်သော အရန်သားဖွားဆရာမ(၁/၂၀၁၅)သင်တန်းဖွင့်ပွဲကို ပွင့်ဖြူမြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဖေဖော် ဝါရီ ၂ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဦးအောင်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာတင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးက သင်တန်းသူများအသုံးပြုရန် စာရေးကိရိယာများကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးမြင့်က ဝတ်စုံများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

သင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ပြီး စာတွေ့သုံးလနှင့် လက်တွေ့သုံးလ သင်ကြားပို့ချသွားမည်ဖြစ်ကာ အရန်သားဖွားဆရာမ စေတနာ့ဝန်ထမ်းများဖြင့် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ဖွားသေနှုန်းကျဆင်းရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ထော်သိုကျေးရွာအုပ်စု ကျောက်စရစ်ကုန်းကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် တွင်းတိမ်လေးတွင်း၊ တွင်းနက်လေးတွင်း၊ မြေသားသောက်သုံးရေကန် ပေ ၁၀၀ ပတ်လည်ခြောက်ကန် တူးဖော်ခြင်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဖေဖော်ဝါရီ ၃ ရက်က ဆောင်ရွက်နေစဉ်။ မျိုးလှိုင်(တွံတေး)

သတင်းတို

ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဥပဒေအသိပညာပေး ဟောပြောဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းက မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်အေးဟန်က ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောဆွေးနွေးသည်။ ဟောပြောပွဲသို့ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာစာကြည့်တိုက်မှူးများ တက်ရောက်ကြကြောင်း သိရသည်။

ခင်ဦးစိုးဝေ

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် မောင်မြင့်အောင် ၁၂/အစန(နိုင်)၂၂၄၅၇၄၏ P.P အမှတ် ၂၈၅၁၆၅ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၅၅၀၄၆၁၆

လူပျောက်ကြော်ငြာ

ရွှေဘိုမြို့၊ နှမစားရစ်ကျေးရွာနေ (ဦးမြင့်ဝင်း)-ဒေါ်စန်းယု(ခ)ဒေါ်ညွန့်တင် ၅/ရဘန(နိုင်) ၀၆၀၄၆၇၏ သမီး မသီသီဆွေသည် နေအိမ်မှ ၇-၁-၂၀၁၅ရက်တွင် ထွက်ခွာသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူများအား တရားဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်စန်းယု(ခ) ဒေါ်ညွန့်တင်
ဖုန်း-၀၉-၄၀၀၅၂၈၁၃၆၊ ၀၉-၄၀၀၄၂၅၂၆၀

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရလပ-၂၅၊ မြေကွက်အမှတ် (၂၂၈+၂၂၉)၊ မြေကွက်တည်နေရာအမှတ် (၂၂၈+၂၂၉) ဦးရေပေါ်လမ်းနှင့် ပြင်စည်မင်းသားကြီးလမ်းထောင့် ဦးမောင်ဖြူ(ခ) ဦးကျော်ဝင်း ၇/ညလပ(နိုင်)၁၀၅၄၈၃၊ ဒေါ်ဗန်း ၁၂/ပဘတ(နိုင်) ၀၀၅၄၄၀ အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ် (ဂရန်)မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးမောင်ဖြူ(ခ) ဦးကျော်ဝင်းကွယ်လွန်၍ ဒေါ်ဘေဘီ(ခ)ကေရမ်ဒေဗီ (ခ) ကောရှယ်လာဒေဗီ ၁၂/ပဘတ(နိုင်)၀၂၄၂၇၃က တရားဝင်ဇနီးဖြစ်ကြောင်း တရားရုံးကျမ်းသစ္စာပြုလွှာ၊ ထောက်ခံကျမ်းသစ္စာပြုလွှာ၊ သေစာရင်း၊ ဂရန်မူရင်း မြေစာရင်းမှတ်ချက်ရှိ ၂၀၀၉ ခုနှစ် စွန့်လွှတ်မြေပုံပျောက်ဆုံးကြောင်း တရားရုံး ကျမ်းသစ္စာပြုလွှာတို့တင်ပြ၍ ကျန်အမည်ပေါက် ဒေါ်ဗန်း ၁၂/ပဘတ(နိုင်)၀၀၅၄၄၀နှင့်အတူ ပိုင်ဆိုင်+ စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် မောင်ညိုထွန်း ၁၂/မရက(နိုင်)၁၅၂၄၃၆ ၏ P.P အမှတ် ၂၈၄၉၀၈ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၉၇၁၆၃၂၁၂၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၇၁၁၆ Toyota Mark II S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မင်း ၁၂/ဥကမ(နိုင်)၀၄၂၅၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ရွှေသမင် ကျိုးပေါင်းရောဂါ

ခြင်္သေ့ညီနောင် အကြောအားတိုးဆေး

သတင်းတို

မြန်မာနိုင်ငံကလေးများနေ့ အကြိုလှုပ်ရှားမှု အားကစားပွဲများကျင်းပ

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်သော မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အဖြစ် အကြိုလှုပ်ရှားမှုအဖြစ် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ လေးထပ်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကျောင်း၌ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ ဂုံနီအိတ်စွပ်ပြိုင်ပွဲ စသည့် အားကစားပွဲများကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပ

သထုံ ဖေဖော်ဝါရီ ၆

၂၀၁၅ ခုနှစ် (၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို မွန်ပြည်နယ် သထုံမြို့နယ် မရမ်းကုန်းကျေးရွာ ရွှေမာလာဘုရားဝင်းအတွင်း ဖေဖော်ဝါရီ ၄ ရက်က စည်ကားစွာ ကျင်းပခဲ့သည်။

မွန်အမျိုးသားနေ့အခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်ဖေမြ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ မွန်၊ ကရင်၊ ပအိုဝ်း တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် သဘာပတိနိုင်ထွန်းမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မွန်အမျိုးသားနေ့ အခမ်းအနားသို့ပေးပို့သောသဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ဖတ်ကြားသည်။

ယင်းနောက် မွန်အမျိုးသားနေ့ဖြစ်ပေါ်လာပုံကို တမံကြီးမွန်ကျောင်း ဆရာတော်က မွန်ဘာသာဖြင့်လည်းကောင်း၊ အမျိုးသားနေ့ ဂုဏ်ပြုစကားကို ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ဟန်ဝင်းအောင်ကလည်းကောင်း၊ မွန်လူမျိုးများ သမိုင်းကြောင်းကို ကော်မတီဝင် နိုင်တင်ဝင်းဦးကလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် သထုံမြို့နယ်ရှိ မွန်တိုင်းရင်းသား သက်ကြီးဘိုးဘွားများအား အခမ်းအနားကျင်းပရေးကော်မတီဝင်များက လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးသောသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မုံရွာ ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်အတွင်း စိုက်ပျိုးမြေဧကလေးသောင်းတွင် စပါး၊ ပဲတီစိမ်း၊ ကုလားပဲ၊ နေကြာ၊ ဂျုံ၊ နှမ်း စသည့်သီးနှံများကို ရေဘုတလင် လျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးထားပြီး သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဘုတလင်မြို့နယ်သည် အပူပိုင်းဒေသအတွင်းတည်ရှိကာ နှစ်စဉ်မိုးရွာသွန်းမှုနည်းပါးသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ဆည်ရေသောက်၊ ချောင်းပိတ်မြောင်းပိတ်စနစ်၊ လျှပ်စစ်မြစ်ရေတင်စနစ်များဖြင့် စိုက်ပျိုးရကြောင်း သိရသည်။

ရေဘုတလင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ပင်မမြောင်း

"ကျွန်တော်တို့ဒေသကမြေတွေက သဲဆန်တဲ့မြေတွေပါ၊ မြစ်ရေတင်က စိုက်ပျိုးရေနဲ့ စလုပ်တုန်းက ရေသွင်းလိုက် ကုန်သွားလိုက်နဲ့ စိုက်ရတာ အဆင်မပြေဘူး။ သုံးနှစ်လောက် မြစ်ရေနဲ့စိုက်ပျိုးပြီး နုန်းတွေပါလာတော့မှ တဖြည်းဖြည်းနဲ့ မြေက ပြောင်းလာပြီး စိုက်ရတာအဆင်ပြေလာတယ်။ အခုဆို ကျွန်တော်တို့ဒေသမှာ မိုးကိုမျှော်စရာမလိုတော့ဘူး။ တစ်နှစ်ကို သုံးသီးစိုက်နိုင်နေပြီ။ လျှပ်စစ်မြစ်ရေတင်စီမံကိန်းက လျှပ်စစ်မီးမပြတ်တော့ နေ့တိုင်းရေလွှတ်ပေးနေတာ နှစ်နှစ်လောက်ရှိပြီ။ စိုက်ခင်းတွေမှာရေလိုရင် မြောင်းတွေနဲ့နီးတဲ့ဆီက ရေကိုအလွယ်တကူရတယ်။ မြောင်းအရင်းပိုင်းက စိုက်ခင်းတွေကတော့ ရေစုပ်စက်တွေနဲ့စုပ်ပြီး လိုသလောက်ရေယူနိုင်တယ်။ ဟိုတုန်းက ရေမရလို့ မစိုက်နိုင်တဲ့ မြေကွက်တွေတောင် ရေအလွယ်တကူရတော့ စိုက်နိုင်နေပြီ။ နိုင်ငံခြားဈေးကွက်ဝင် သီးနှံတွေတောင် စိုက်နေကြပြီ"ဟု ခိုးချောင်းကျေးရွာမှ တောင်သူတစ်ဦးက ရေဘုတလင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေရရှိမှုနှင့်ပတ်သက်၍ ပြောသည်။

ရေဘုတလင်လျှပ်စစ်မြစ်ရေတင် စီမံကိန်းမှ ပင်မရေမြောင်းမှတစ်ဆင့် မြောက်တော၊ တောင်ကုန်း၊ မောင်းထောင်၊ စည်ပါ၊ ဆည်ဝ၊ လွှတဲကျေးရွာအုပ်စုများသို့ မြောင်း(၁)ဖြင့်လည်းကောင်း၊ ခိုးချောင်း၊ ညောင်ကန်၊ သီးပင်အိုင်၊ ယုန်လှေးကုန်း ကျေးရွာအုပ်စုများသို့ မြောင်းခွဲ(၂)ဖြင့်လည်းကောင်း စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည်။ ထို့အပြင် ပဲပြစ်တော၊ သပြေပင်၊ ထန်းတန်းနှင့် တက်လှိုင်း ကျေးရွာအုပ်စုများသို့လည်း စိုက်ပျိုးရေပေးဝေနိုင်ရန် တိုးချဲ့တူးမြောင်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

ပုလဲ ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ်သိန်း ၁၀၀၀ လွှဲပြောင်းပေးအပ်ပွဲကို ပုလဲမြို့ ပုလဲရတနာခန်းမ၌ ဖေဖော်ဝါရီ ၁ ရက်က ကျင်းပသည်။

ပြည်ထောင်စုလွှတ်တော်မှ ချထားပေးသည့် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရရှိရေးလုပ်ငန်း ကိုးခု၊ ပညာရေးလုပ်ငန်း ၁၉ ခု၊ ရေကျော်လုပ်ငန်း သုံးခု၊ တံတားလုပ်ငန်း ၁၁ ခုနှင့် လမ်းလုပ်ငန်း ၄၄ ခု စုစုပေါင်း ၈၆ ခုကို ဆောင်ရွက်ပေးမည်ဖြစ်ရာ ကျေးရွာတိုင်းစေ့ရနိုင်မည်မဟုတ်ဘဲ အမှန်တကယ် လိုအပ်သည့် ကျေးရွာများကို တစ်ရွာလျှင် ငွေကျပ် ငါးသိန်း၊ ၁၀ သိန်း၊ ၁၅ သိန်း၊ သိန်း ၂၀ နှုန်းဖြင့် ခွဲဝေပေးမည်ဖြစ်ကြောင်း၊ ကျန်ရှိသည့်ကျေးရွာများကို နောင်ဘဏ္ဍာနှစ်များတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရန်ပုံငွေများရရှိသည့် ရပ်ကွက်/ကျေးရွာများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အလေအလွင့်မရှိအောင် စေတနာထားပြီး ပြည်သူများအတွက် အမှန်တကယ်ထိရောက်အကျိုးပြုအောင် ဆောင်ရွက်စေလိုကြောင်း စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က ရန်ပုံငွေပေးအပ်ပွဲတွင် အမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေတို့က ဆောင်ရွက်မည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်အချိန်အတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းကိုက်ညီမှုရှိအောင်ဆောင်ရွက်ရေး တိုက်တွန်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က လုပ်ငန်းကဏ္ဍအလိုက် ရန်ပုံငွေများကို သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

မြင့်သိန်းစိုး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၃၄၁၆ Toyota Cresta Lx80 S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေရည် ၁၂/မရက(နိုင်)၀၅၇၉၇၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

[illegible]

(B.A (Law), LL.B) (B.A (Law), LL.B)

[illegible]

ပြည်တွင်းသတင်း

မြန်မာ့အားကစားအဆင့်အတန်း ရေရှည်မြင့်မားတိုးတက်ဖို့ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းကူညီဆောင်ရွက်စို့

ကိုဌေး(ကနောင်)

မြန်မာနိုင်ငံတွင် ၄၄ နှစ်ကြာမှ တစ်ကျော့ပြန်ကျင်းပနိုင်ခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးမှာ အမျိုးသားရေးအသွင်လက္ခဏာဆောင်ခဲ့ပြီး နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၏ကြီးကြပ်လမ်းညွှန်မှုများနှင့်အတူ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်မှု၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်အသီးသီး၏ ကြိုတင်ပြင်ဆင်မှု ကောင်းခြင်းများ၊ အားကစားဝါသနာရှင်များ၊ နိုင်ငံ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၊ အားကစားနည်းအလိုက် နိုင်ငံ့လက်ရွေးစင်အားကစားသမားများ၊ စီးပွားရေးလုပ်ငန်းရှင်များ(Sponsor)(အလှူရှင်များ)၊ သတင်းနှင့်စာနယ်ဇင်းအသီးသီးမှ Media သမားများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့မှုများကြောင့် ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်ကို အဆိုပါပြိုင်ပွဲကြီးက မျက်မြင်သာဓက သက်သေပြခဲ့ကြပြီး ဖြစ်ပါသည်။

မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်ဖြင့်ဆောင်ရွက်ခဲ့သည့်အောင်မြင်မှုများကို အရှေ့တောင်အာရှ ပြိုင်ဘက်နိုင်ငံများကပင် **"အာရှနဂါးကြီးနိုးထလာပြီ"** ဟု ပြောစမှတ်ပြုလာကြသည်အထိပင် ဖြစ်ခဲ့ကြသည်။ ပြီးခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုများအား ပွဲပြီးမီးသေမဖြစ်စေလိုပါ။ စစ်ရေးဆိုင်ရာ သဘောတရား အဆိုအမိန့်တစ်ခုတွင် **"နယ်မြေတစ်ခုကို ထိုးစစ်ဆင်သိမ်းပိုက်နိုင်ခြင်းထက် သိမ်းပိုက်အောင်မြင်ပြီးသည့်နယ်မြေကို ဆက်လက်ထိန်းသိမ်းကာကွယ်ရေးတာဝန်မှာပိုမိုခက်ခဲသည်"** ဟူသော အဆိုအမိန့်ရှိပါသည်။ မြန်မာ့အားကစား အဆင့်အတန်းအားရေရှည်ဆက်လက်ထိန်းသိမ်း မြှင့်တင်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များစွာရှိသည့်အနက် မဖြစ်မနေဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်မှာ Mass Sports ခေါ် လူထုအားကစားလှုပ်ရှားမှုများကို တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားပါဝင်လာအောင် စည်းရုံးဆောင်ရွက်ရေးပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ လူထုအားကစားဆိုတာဘာလဲဟု မေးစရာရှိလာပါတယ်။ လူထုအားကစားဆိုသည်မှာ အလွယ်ဆုံးအရိုးရှင်းဆုံး ပြောရမည်ဆိုလျှင် **"ငွေကုန်ကြေးကျနည်းပြီး လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ်၊ ကျား၊ မ မရွေး လွယ်လင့်တကူ စုပေါင်းလေ့ကျင့်နိုင်သည့် ကိုယ်လက်လှုပ်ရှားမှု"** ဖြစ်ပါသည်။ လူထုအားကစားလှုပ်ရှားမှုများကို ဘာကြောင့်လုပ်ရမှာလဲ။ ရည်ရွယ်ချက်တွေကတော့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို မြှင့်တင်ပေးဖို့ ကျောင်းသား ကျောင်းသူ၊ လူငယ်၊ လူရွယ်များ အပါအဝင် ပြည်သူတစ်ရပ်လုံး အားကစားကို စိတ်ပါဝင်စားလာစေဖို့နဲ့ လူတစ်စု အားကစားမှသည် လူထု(ပြည်သူ) တစ်ရပ်လုံးပါဝင်တဲ့ လူထုအားကစားဖြစ်လာစေဖို့ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူဖြစ်စေဖို့ ဖြစ်ပါတယ်။

ပထမဆုံးရည်ရွယ်ချက်ဖြစ်တဲ့ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ဘာတွေလုပ်ကြမလဲ၊ တစ်အချက်အနေနဲ့ တစ်တိုင်းပြည်လုံးအတိုင်းအတာနဲ့ အားကစားလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်လာအောင် စည်းရုံးလှုပ်ရှားကြရမည်ဖြစ်ပါသည်။ မြန်မာ့အားကစား ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာပြည် တစ်နံတစ်လျားမှာ အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်နိုင်ရေးသည် အားကစားအောင်မြင်ရေး၏ အသက်ပင်ဖြစ်ပါသည်။

အားကစားပြိုင်ပွဲများဆိုတဲ့နေရာမှာလည်း မြန်မာနိုင်ငံအနေနဲ့ကြည့်မယ်ဆိုရင် ပြိုင်ပွဲအမျိုးအစား သုံးမျိုးခွဲခြားပြီး တွေ့ကြရမှာဖြစ်ပါတယ်။ အခြေခံအကျဆုံးဖြစ်တဲ့ ပြိုင်ပွဲကတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များရဲ့ ဦးဆောင်မှုနဲ့ အဆင့်ဆင့်စည်းရုံးဆောင်ရွက်ကြရမယ့် ရပ်ကွက်၊ ကျေးရွာပေါင်းစုံအားကစားပြိုင်ပွဲများ၊ မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ခရိုင်ပေါင်းစုံအားကစားပြိုင်ပွဲများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အား/ကာကော်မတီများရဲ့ စည်းရုံးမှုနဲ့ အားကစားနည်းအလိုက် ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပနိုင်ရေးပဲဖြစ်ပါတယ်။ ဒီပြိုင်ပွဲတွေဟာ မြန်မာ့အားကစားရွှေရောင်လွှမ်းခဲ့တဲ့ ခေတ်တွေကိုပြန်ကြည့်ရင် တင်ပြခဲ့တဲ့ ရပ်ကွက်/ ကျေးရွာပေါင်းစုံ အားကစားပြိုင်ပွဲတွေ၊ မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲတွေ၊ ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲတွေ၊ ဖိတ်ခေါ် အားကစားပြိုင်ပွဲတွေကို တိုင်းဒေသကြီး/ ပြည်နယ်အနှံ့ အပြိုင်အဆိုင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ပြိုင်ပွဲတွေရဲ့ ယှဉ်ပြိုင်မှုအနေအထားက ပြင်းထန်တာကြောင့်လည်း ပရိသတ်တွေရဲ့ အားပေးမှုကပါ တစ်ခဲနက်အားပေးကြတာကို အားလုံးသိရှိကြမှာပါ။ ယခင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဖိတ်ခေါ်အားကစားပြိုင်ပွဲတွေကိုကြည့်ရင် ပျဉ်းမနားမြို့မှာ ပေါင်းလောင်းဒိုင်း၊ မိတ္ထီလာမှာဆိုရင် ထီလာမောင်ဖလား၊ ကူမဲမြို့မှာဆိုရင် အနော်ရထာမိုးအောက်မြေပြင် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၊ မန္တလေးမြို့မှာ ဗထူးကွင်းဖွင့်ဖလား၊ ရတနာပုံဖလား၊

အမှတ်ပေးပြိုင်ပွဲဖလားတို့အပြင် ပျော်ဘွယ်မြို့မှာ ရွှေစင်ရုပ်တုဖလား၊ မလှိုင်မြို့မှာ ငွေစင်ဖလား၊ မြင်းခြံမှာ မြေလတ်ဖလား (သက်တမ်းအရင့်ဆုံးပြိုင်ပွဲဖြစ်ခဲ့ပါတယ်)၊ တောင်သာမြို့မှာ ဝဲလောင်ဗိုလ်ရာညွှန့်ဒိုင်း၊ မြစ်သားမြို့မှာ ဂဠုန်မင်းဖလား၊ သာစည်မြို့မှာ ဗိုလ်စံဖဲဒိုင်း၊ ကျောက်ဆည်မြို့မှာ ရွှေကုန်သည်များ ဒိုင်း၊ သဲတောဝမ်းတွင်းမှာ စက်ရက်ကန်းဖလား စသဖြင့် အမည်နာမများဖြင့် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွေ ကျင်းပခဲ့သလို မကွေးတိုင်းဒေသကြီး ချောက်မြို့မှာလည်း သခင်ဖိုးလှကြီးဖလား၊ ပခုက္ကူမြို့မှာ မြေလတ်ဧရာဖလား၊ ရေနံချောင်းမြို့မှာ ရွှေနံ့သာဖလား ပြိုင်ပွဲတွေ၊ စစ်ကိုင်းတိုင်းဒေသကြီးမှာလည်း ရွှေဘိုအောင်ဇေယျဒိုင်း၊ စစ်ကိုင်းရွှေမင်းဝံဖလားစတဲ့ ဘောလုံးအားကစားပြိုင်ပွဲတွေကို ခြိမ့်ခြိမ့်သဲသဲကျင်းပပေးခဲ့တဲ့အတွက် မြန်မာ့ဘောလုံးအားကစားဟာ အရှေ့တောင်အာရှအဆင့်မှာ ထိပ်တန်းအဆင့်ကရပ်တည်နိုင်ခဲ့တယ်။ အာရှအဆင့်ထိ ထိုးဖောက်ပြီး အိုလံပစ်အဆင့်အထိ တက်လှမ်းနိုင်ပါတယ်။ ၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ်မှာ မြန်မာ့ဘောလုံးအသင်းဟာ အသန့်ရှင်းဆုံးဆုအထိ ရခဲ့တာတွေကိုကြည့်ရင် စောစောကတင်ပြခဲ့တဲ့ အောက်ခြေအဆင့်ပြိုင်ပွဲအသီးသီးက ပြင်းထန်လှတဲ့ပြိုင်ပွဲတွေကနေ ထူးချွန်ထက်မြက်တဲ့ အားကစားသမားကောင်းတွေ ပေါ်ထွက်ခဲ့တာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့အားကစားအဆင့်အတန်း ရေရှည်မြင့်မား တိုးတက်စေရေးအတွက် အခြေခံအကျဆုံးပြိုင်ပွဲများ အပါအဝင် ဒေသအလိုက်ဖိတ်ခေါ် အားကစားပြိုင်ပွဲများ၊ အခြေခံပညာကျောင်းပေါင်းစုံ၊ တက္ကသိုလ်ပေါင်းစုံ၊ ကလပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှု၊ တိုင်းဒေသကြီး /ပြည်နယ်၊ ခရိုင်၊ မြို့နယ်အားကစားကော်မတီများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ၊ အလှူရှင်များ၏ စည်းရုံးဆောင်ရွက်မှုများဖြင့် အားကစားပြိုင်ပွဲများအား လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်စည်းရုံးဆောင်ရွက်ကြရန်မှာ မဖြစ်မနေလိုအပ်လှပေသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျင်းပပြုလုပ်သည့် ပြိုင်ပွဲအသီးသီးမှ အရည်အချင်းပြည့်ဝသည့် အားကစားသမားကောင်းများအား မိမိတို့၏ တိုင်းဒေသကြီး/ပြည်နယ်ကိုယ်စားပြု ဇာတိအစစ်အမှန်ဖြင့် ပြိုင်ပွဲတိုင်းအား ဝင်ရောက်ယှဉ်ပြိုင်ကြရန်မှာလည်း အဓိကကျလှပေသည်။

အားကစားနည်းအလိုက် ရွေးချယ်ရရှိပြီးသော အားကစားသမားများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် ဗဟိုမှဦးစီးကျင်းပသည့် တိုင်းဒေသကြီး/ ပြည်နယ်အားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလားအားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ၊ တံခွန်စိုက်အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအားအဆင့်မီမီဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်စခန်းသွင်း လေ့ကျင့်ပြင်ဆင်ပြီးမှသာ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဆိုလျှင် နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သည့် အားကစားသမား(Excellent Sports)များ ပေါ်ထွန်းလာရေး အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာအားကစားပြိုင်ပွဲများအား နိုင်ငံ့ကိုယ်စားပြုတာဝန်ယူယှဉ်ပြိုင်ရသည့် အားကစားအဖွဲ့ချုပ် အသီးသီးအနေဖြင့်လည်း ဗဟိုမှဦးစီးကျင်းပသည့် တိုင်းဒေသကြီး/ ပြည်နယ် အားကစားပြိုင်ပွဲများမှ ထူးချွန်သော မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်ရရှိမှုနှင့် စုစည်းစခန်းသွင်းလေ့ကျင့်နိုင်မှု၊ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံရရှိနိုင်ရေးစီစဉ်ပေးနိုင်မှု၊ အုပ်ချုပ်/ထောက်ပံ့မှုနှင့် စည်းကမ်း စနစ်တကျ လေ့ကျင့်နေထိုင်စားသောက်ရေး အပါအဝင်ကိစ္စရပ်များအား ကြီးကြပ်ဆောင်ရွက်ပေးနိုင်မှုအပေါ်မူတည်၍ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှု၊ ရှုံးနိမ့်မှုဆိုသည့် အခြေအနေအရပ်ရပ် ပေါ်ထွက်လာသည် ဖြစ်ရာ ဗဟိုမှဦးစီးကျင်းပသည့် တိုင်းဒေသကြီး/ပြည်နယ်အားကစားပြိုင်ပွဲ အပါအဝင်၊ အခြားအားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲဝင်အသင်းများမှ ပြိုင်ပွဲဝင်အားကစားသမားများ အရည်အချင်းပြည့်မီရေး၊ လေ့ကျင့်သားပြည့်ဝရေးနှင့် အရည်အချင်းပြည့်ဝသည့် အားကစားသမား မျိုးဆက်သစ်များ ရွေးချယ်ရရှိရေးသည် အခြေခံအကျဆုံးအဓိက အခန်းကဏ္ဍမှ ပါဝင်နေသည်ကို မမေ့မလျော့သတိပြုမိသင့်ကြပေသည်။

အခြားပြိုင်ပွဲတစ်ခုမှာ အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးတို့၏ ဆက်သွယ်ဆောင်ရွက်မှုနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊ အိုလံပစ်အားကစားပြိုင်ပွဲအပါအဝင် အားကစားနည်းအလိုက် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများ၊ ဒေသတွင်းကျင်းပသည့် အားကစားပြိုင်ပွဲများ၊ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ စေလွှတ်ယှဉ်ပြိုင်ခြင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း၊ ဝင်ရောက်ယှဉ်ပြိုင်ခြင်း စသည့်ပြိုင်ပွဲများ ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲများ အောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် အရည်အချင်းပြည့်ဝသည့် အားကစားသမားများ မှန်ကန်စွာ ရွေးချယ်ရေး၊ လေ့ကျင့်မှုပြည့်ဝရေး၊ ပြိုင်ပွဲအတွေ့အကြုံရရှိရေး၊ နိုင်လိုစိတ်ပြင်းပြထက်သန်ရေး၊ ပြိုင်ပွဲအတွင်း နိုင်ငံ့ဂုဏ်ကိုထိခိုက်စေမည့် အပြုအမူများရှောင်ကြဉ်ရေး၊ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်ရေးတို့ကို ကြီးကြပ်ဆောင်ရွက်ပြီး နိုင်ငံ့ဂုဏ်အားမြှင့်တင်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်/ ကျေးရွာပေါင်းစုံ၊ မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲများမှသည် ဒေသတွင်းဖိတ်ခေါ်အားကစားပြိုင်ပွဲများအပါအဝင် အခြေခံပညာကျောင်းပေါင်းစုံ၊ တက္ကသိုလ်ပေါင်းစုံ၊ ကလပ်ပေါင်းစုံအားကစားပြိုင်ပွဲများကို ယခင်ကကဲ့သို့ ပြန်လည်ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပေသည်။ သို့ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ဒေသဖွံ့ဖြိုးရေးများအပါအဝင် နိုင်ငံတော်၏ လုပ်ငန်းတာဝန်ပေါင်းများစွာအား အကောင်အထည်ဖော် ဆောင်ရွက်နေကြရသည့်အတွက် အားကစားကဏ္ဍကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအား အတိုင်းအတာတစ်ခုအထိ အမျိုးသားရေးအသွင်ဖြင့် တွန်းအားပေးဆောင်ရွက်ပေးရန် လိုအပ်နေသေးသည်ကိုလည်း တွေ့မြင်သိရှိနေရသည်။

သို့ဖြစ်၍ အထက်တွင်တင်ပြခဲ့သည့် အခြေခံမှ စတင်ဆောင်ရွက်ကြရမည့် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ပေါ်ပေါက်နေမှသာလျှင်ယှဉ်ပြိုင်မှုပြင်းထန်ပြီး နိုင်ငံတော်မှလိုအပ်လျက်ရှိသည့် မျိုးဆက်သစ်များ ထွက်ပေါ်နိုင်မည်ဖြစ်ပါသည်။ ဗဟိုမှဦးစီးကျင်းပသည့် ပြိုင်ပွဲများတွင် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ထွက်ပေါ်နေမှသာလျှင် နိုင်ငံတကာပြိုင်ပွဲအသီးသီးတွင် နိုင်ငံ့ကိုယ်စားပြုအားကစားသမားများရွေးချယ်စုစည်း လေ့ကျင့်ယှဉ်ပြိုင်သည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များအနေဖြင့် အောင်မြင်မှုများရရှိလာနိုင်မည်ဖြစ်ရာ အဆိုပါပြိုင်ပွဲသုံးရပ်အား အချိတ်အဆက်မိမိ အကောင်အထည်ဖော်ပေးနိုင်မှုအပေါ် မူတည်၍ မြန်မာ့အားကစားအဆင့်အတန်းသည်လည်း အတက်/ အကျ ဖြစ်ပေါ်နေမည်မှာ မလွဲဧကန်သေချာလှပေသည်။

သို့ဖြစ်ရာ မြန်မာ့အားကစားအဆင့်အတန်း ရေရှည်မြင့်မားတိုးတက်လာစေရေးအတွက် ယခင်ကကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားကို ချစ်မြတ်နိုးသည့် အားကစားသမားဟောင်းကြီးများ၊ ဝါသနာရှင်များ၊ စေတနာရှင်များ၊ မြို့မိမြို့ဖများ အပါအဝင် ပြည်သူတစ်ရပ်လုံးက မိမိတို့ဒေသအလိုက် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည်ဆိုပါလျှင် မြန်မာ့အားကစားအဆင့်အတန်း ရေရှည်မြင့်မားတိုးတက်နေမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

အခြေခံမှ စတင်ဆောင်ရွက်ကြရမည့် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ပေါ်ပေါက်နေမှသာလျှင် ယှဉ်ပြိုင်မှုပြင်းထန်ပြီး နိုင်ငံတော်မှလိုအပ်လျက်ရှိသည့် မျိုးဆက်သစ်များ ထွက်ပေါ်နိုင်မည် ဖြစ်ပါသည်

လှိုင်ကော်မြို့တွင်း ဘီလူးချောင်းဖြတ်ကျော် ဥတ္တရာရုံသစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်

လှိုင်ကော် ဖေဖော်ဝါရီ ၆

ကယားပြည်နယ် လှိုင်ကော်မြို့တွင်းရှိ ဘီလူးချောင်းဖြတ်ကျော် တံတားတစ်စင်းဖြစ်သည့် ဥတ္တရာရုံသစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ်သို့ အဆင့်မြှင့်တင်တည်ဆောက်ရေး လုပ်ငန်းများကို ဒီဇင်ဘာ ၂၆ရက်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တည်ဆောက်နေဆဲ ဥတ္တရာရုံတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ ယင်းတံတားတည်ဆောက်ရေး လုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ငွေကျပ်သန်း ၈၀၀ ဖြစ်ကြောင်း သိရသည်။

ဘီလူးချောင်းသည် လှိုင်ကော်မြို့လယ်မှ ဖြတ်သန်းစီးဆင်းလျက်ရှိသောကြောင့် လှိုင်ကော်မြို့တွင်း၌ ဘီလူးချောင်းကို ဖြတ်ကျော်ရန်အတွက် ရှေးအခါမှစ၍ တံတားခြောက်စင်း ထိုးထားခဲ့သည်။ ယင်းတံတားခြောက်စင်းမှာ ဒေါဥခူတံတား၊ ဥတ္တရာရုံတံတား၊ ဒေါနိုးကူးတံတား၊ သီရိမင်္ဂလာဈေးသံတံတား၊ သီရိမင်္ဂလာဈေးလူကူးသစ်သားတံတားနှင့် ဗဟိုဈေးတံတားတို့ဖြစ်ကြသည်။

ရှေးယခင်ကမူ တံတားအများစုမှာ သစ်သားတံတားများအဖြစ်သာ တည်ဆောက်ခဲ့ကြပြီး ၁၉၈၅ ခုနှစ်တွင် ဗဟိုဈေးသစ်သားတံတားသည် အရှည် ၁၀၆ပေရှိ ကန္တရဝတီသံကူကွန်ကရစ်တံတားအဖြစ် ပြောင်းလဲလာခဲ့သည်။ ယင်းနောက် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ဒေါဥခူတံတားသည်လည်း အရှည် ပေ၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ အတိုင်းအတာရှိ သံကူကွန်ကရစ်တံတားအဖြစ်သို့ အဆင့်မြှင့်တင်တည်ဆောက်ခဲ့သည်။ ယခုအခါ ဥတ္တရာရုံ သစ်သားတံတားကိုလည်း သံကူကွန်ကရစ် တံတားကြီးအဖြစ် အဆင့်မြှင့်တင်ခြင်း တည်ဆောက်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။ မကြာမီကာလ၌ ကျန်ရှိသောသစ်သားတံတားများကိုလည်း သံကူကွန်ကရစ်တံတားကြီးများအဖြစ်သို့ အဆင့်မြှင့်တင်တည်ဆောက်သွားရန်ရှိကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ဘုရင့်နောင်ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေး ဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများဌာန ဒုတိယဌာနမှူး ဦးစည်သူလွင်နှင့် မြောက်ပိုင်းခရိုင်မှူး ခရိုင်ဦးစီးမှူးတို့ ကြီးကြပ်မှုဖြင့် ဘုရင့်နောင်နယ်မြေ မီးသတ်စခန်းတာဝန်ခံဒုတိယဦးစီးမှူး ဦးအောင်လင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံ ဦးလှဝင်း၊ ဦးတင်ထွန်းဝင်း၊ လုံခြုံရေး ဈေးသူဈေးသား စုစုပေါင်း ၁၀၀ ခန့်ဖြင့် ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဟောပြောခြင်း၊ အရေးပေါ် အသုံးပြုနိုင်ရန် မီးသတ်ဆေးဘူးကိုင်တွယ်မီးငြှိမ်းသတ်ပုံ ရေဂါလန် ၂၀၀၀၀ ဆံ့ ကန်အတွင်းမှ ရေပက်ပိုက်ဖြင့် ဆောင်ရွက်ပုံများကို သရုပ်ပြသခြင်း၊ ဈေးအတွင်းဆိုင်ခန်းများ အမှိုက်ကင်းစင်မှု၊ သန့်ရှင်းစွာ လောင်စာများ ရှင်းလင်းထားမှုများကို လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်း ကုန်း)**

ရွှေပြည်ဟိန်းမိုးကျောင်းတံတား တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

သိတ္တုရွှေပြည်ဟိန်းဇကျွဒါနဆောင် အလင်းဒါန ပါဝင်လှူဒါန်းနိုင်

သစ်ပင်စိုက်လျှင်
တို့ဝန်းကျင်
စိမ်းစိုလှပ
ကြည်နူးရ

ဖခင်အမည်မှန်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အထက(၃)နဝမတန်းမှ မောင်ထက်ဝေယံနှင့်သတ္တမတန်းမှ မောင်သက်ဝေယံတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းဦး ၁၂/သဃက(နိုင်) ၀၄၄၆၂၂ ဖြစ်ပါသည်။

ဦးဇော်မင်းဦး

ဖောင်းကြွနံပါတ်ပြားပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ်၃၀/၃၆၁၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန (ရွာသာကြီး)

ဦးညီလေးငွေဆိုင်
(မိုလ်ချုပ်ဈေး)

ဖောင်းကြွနံပါတ်ပြားပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/1446၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/7429၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်း

အစိုးရအဖွဲ့သစ်ကာလအတွင်း စွမ်းအင်ဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

ယမန်နေ့မှအဆက်

၇။ လက်ယက်တွင်းများ စနစ်တကျဖြစ်စေခြင်းနှင့် ခွင့်ပြု ပေးခြင်း

❖ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယင်းကဲ့သို့လုပ်ငန်းစဉ်များ အဆင့်ဆင့် ထောက်ခံတင်ပြလျှောက်ထားလာသော လုပ်ကွက်များ၏နယ်နိမိတ်၊ မြေပုံညွှန်းများသည် စွမ်းအင်ဝန်ကြီးဌာနမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသောရေနံမြေများ၊ စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံခြားရေနံကုမ္ပဏီများ အကျိုးတူပူးပေါင်းကာ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော လုပ်ကွက်များ၊ စွမ်းအင်ဝန်ကြီးဌာနမှ ခွင့်ပြုပေးထားသော အခြားရေနံလက်ယက်တွင်းတိမ်လုပ်ကွက်များနှင့် လွတ်ကင်းခြင်း ရှိ/မရှိ ထပ်မံစိစစ်ပါသည်။

❖ ရေနံလက်ယက်တွင်း တွင်းများရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုပေးနိုင်ရေးအတွက် သမဝါယမ အဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးဦးတို့အား ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်းနှင့်တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အား ရေနံလက်ယက်တွင်း တိမ်လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ ခွင့်ပြုခြင်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူခွင့်ပြုပေးနိုင်ရေးနှင့် အမိန့် ကြော်ငြာစာထုတ်ပြန်ပေးနိုင်ရေးတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်လျက်ရှိပါသည်။

စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိကြသော နိုင်ငံတကာကုမ္ပဏီများအနေဖြင့် CSR လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ Gold Petrol ကုမ္ပဏီ၏ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း မကွေးတိုင်းဒေသကြီးအတွင်း လူမှုစီးပွားဆောင်ရွက်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

စဉ်	လုပ်ငန်းဆောင်ရွက်မှု	ကုန်ကျစရိတ်(ကျပ်)	မှတ်ချက်
	(က) ပညာရေးကဏ္ဍ (-) စာသင်ကျောင်း (၆) ကျောင်းပြုပြင်ခြင်းနှင့် စာသင်ကျောင်း (၂)ကျောင်းဆောက်လုပ်ခြင်း ကျောင်းသုံးပရိဘောဂများ၊ စာရေးကိရိယာများလှူဒါန်းခြင်း၊ ကျောင်းသုံးရေသန့်စက် လှူဒါန်းခြင်း၊	၆၇,၅၄၅,၀၀၀	
	(ခ) ကျန်းမာရေးကဏ္ဍ (-) ကျန်းမာရေးဌာန (၃) ခုပြုပြင်ပေးခြင်း၊ ချောက်ရေနံမြေဆေးရုံနှင့် ဆေးပေးခန်းသို့ ဆေးပဒေသာပင်စိုက်ထူပေးခြင်း၊ ဆေးရုံသုံးပစ္စည်းများပေးလှူခြင်း၊ ရေနံချောင်းဆေးရုံသို့ အဝီစိတွင်းတူးပေးခြင်း၊	၅၃,၆၉၅,၅၀၀	
	(ဂ) အခြားလှူဒါန်းသည့်ကဏ္ဍ (-) ချောက်မြို့ ရွှေပုံတောင်ဘုရားသို့ ရေသိုလှောင်ကန် တစ်ခုလှူဒါန်းခြင်း၊ ရေရရှိရေးဆောင်ရွက်ပေးခြင်း၊ မီးသတ်ပစ္စည်းများလှူဒါန်းခြင်း၊ လမ်းပြုပြင်ပေးခြင်းများ၊ ရေနံချောင်းမြို့ ရန်မျိုးအောင်စာသင်တိုက်သို့ စာအုပ်များလှူဒါန်းခြင်း၊	၆၇,၁၀၁,၀၀၀	
	စုစုပေါင်း	၁၈၈,၃၄၁,၅၀၀	

MPRL ကုမ္ပဏီ၏ ၂၀၁၄ ခုနှစ်အတွင်း မင်းဘူးမြို့နယ်၌ လူမှုစီးပွားလုပ်ငန်းဆောင်ရွက်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

စဉ်	လုပ်ငန်းဆောင်ရွက်မှု	ကုန်ကျစရိတ်(ကျပ်)	မှတ်ချက်
	(က) ပညာရေးကဏ္ဍ (-) မင်းဘူးမြို့နယ်၊ လက်ပံတောရွာ မူလတန်းကျောင်းပြင်ဆင်ခြင်းနှင့် မကြီးချောင်းကျေးရွာ စာသင်ကျောင်းသို့ ရေချိုရရှိရေးဆောင်ရွက်ပေးခြင်း၊	၁၃,၃၇၄,၄၀၀	ဆောင်ရွက်ဆဲ
	(ခ) အခြားလှူဒါန်းသည့်ကဏ္ဍ (-) မင်းဘူးမြို့ နန်းဦးဘုန်းကြီးကျောင်းဝင်း၌ ရေတွင်းတူးဖော်ခြင်းနှင့် စာရေးကိရိယာများလှူဒါန်းခြင်း၊ ပေါက်ကုန်းကျေးရွာ ရေချိုရရှိရေး ဆောင်ရွက်ပေးခြင်း၊ အေးမြရွာရှိကျေးရွာလမ်းများ ပြုပြင်ပေးခြင်း၊ အောက်ကျောင်းကျေးရွာအတွက် ရေချိုပိုက်များ သွယ်တန်းပေးခြင်း၊	၃,၇၉၀,၇၀၀	ဆောင်ရွက်ဆဲ
	စုစုပေါင်း	၁၇,၁၆၅,၁၀၀	

အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းက ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း လူမှုစီးပွားလုပ်ငန်းဆောင်ရွက်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

စဉ်	လုပ်ငန်းဆောင်ရွက်မှု	ကုန်ကျစရိတ်(ကျပ်) (အမေရိကန်ဒေါ်လာ)	မှတ်ချက်
	(က) ပညာရေးကဏ္ဍ (-) စာသင်ကျောင်း ၆၁ ကျောင်းဆောက်လုပ်ခြင်း၊ ၂ ကျောင်းပြုပြင်ခြင်း၊ မူကြို ၂ ကျောင်းဆောက်လုပ်ခြင်း၊ ကျောင်းသုံးပရိဘောဂများလှူဒါန်းခြင်း၊	၃,၉၂၂,၄၆၀. ၇၈	
	(ခ) ကျန်းမာရေး (-) ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၂ ခုဆောက်လုပ်ခြင်း၊ လူနာနားနေဆောင် ဆောက်လုပ်ခြင်း၊ ၄၈ ခုတင်ဆံ့ လူနာဆောင်ဆောက်လုပ်ခြင်း၊ ဆေးရုံပြုပြင်ခြင်း၊ ဆေးပစ္စည်းများလှူဒါန်းခြင်း၊ လူနာတင်ယာဉ်တစ်စီး လှူဒါန်းခြင်း၊ ဆေးခန်းတစ်ခန်းဆောက်လုပ်ခြင်း၊	၉၆၆,၂၂၆. ၅၄	
	(ဂ) အခြားလှူဒါန်းသည့်ကဏ္ဍ (-) ရခိုင်ဒေသလျှပ်စစ်မီးရရှိရေး၊ ငလျင်ဒဏ်ဘေးသင့်ပြည်သူများအတွက်လှူဒါန်းခြင်း၊ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းခြင်း၊ ပရဟိတကျောင်း၃ကျောင်းဆောက်လုပ်ခြင်း၊ စက်ရေတွင်းတူးဖော်ခြင်း၊ ဘိုးဘွားရိပ်သာတစ်ခုဆောက်လုပ်ခြင်း၊ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပေးခြင်း၊	၁၁,၀၂၄,၅၁၈. ၈၄	
	စုစုပေါင်း	၁၅,၉၁၃,၂၀၆. ၁၆	

(ဆက်လက်ဖော်ပြပါမည်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/2831 Toyota Probox NCP 50, S/W (4×2)® ယာဉ်လက်ဝယ်ရှိသူ Sumway motor Service Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၁၅၃၉ Kanbawza L/T ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်း ၉/ပမန(နိုင်)၀၂၁၆၈၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (နေပြည်တော်)**

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၅၆နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ကြည်သည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ မြေကွက်အမှတ် ၁၈၇၊ ဧရိယာ(၂၅ပေ×ပေ၅၀)အကျယ်အဝန်းရှိ မြေနှင့်ယင်းမြေပေါ်ရှိ အမှတ်(၅၆)(အပေါ်ထပ်နှစ်ခန်းတွဲ)ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ခင်ပွန်း ဦးမျိုးညွန့် အမည်နှင့် ဒေါ်တင်ကြည်အမည်တွဲဖက် ၃၀-၁၁-၁၉၉၅ ရက်စွဲပါ အိမ်နှင့်မြေ အရောင်းအဝယ်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး ယနေ့အထိတိုင်အောင် နေထိုင်လျက်ရှိပါသည်။ ခင်ပွန်းဖြစ်သူ ဦးမျိုးညွန့်မှာ ၂၅-၁၀-၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ အဆိုပါအိမ်ခြံမြေအား ဒေါ်တင်ကြည်မှ ဆက်လက်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပါကြောင်းနှင့် အဆိုပါအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ သတင်းစာကြော်ငြာပါရှိပြီးသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်နိုင်စိုး LL.B
အထက်တန်းရှေ့နေ
စဉ်-၄၀၀၁၉
အမှတ်(၅၅၁/ခ)၊ စံပြခြံလမ်း၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၁၇၅၄၉၄၆၊ ၀၉-၈၇၂၈၁၂၈၇၅၊ ၀၉-၈၇၂၂၇၈၅၃၁

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၆/ရပ်ကွက်၊ အလောင်းဘုရားလမ်း၊ အမှတ်(၂၂၆)ဟုခေါ်တွင်သော ဗိုလ်ကြီးလှဌေး အမည်ပေါက် အလျားပေ၄၀×အနံပေ ၆၀အကျယ်ရှိ မြေကွက်နှင့်တကွ ၄င်းနှင့်ပတ်သက်စပ်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါကြောင်းနှင့် ၄င်းမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူကမျှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းမပြုလုပ်ကြဘဲ ဖောက်ဖျက်ကျူးလွန်သူမည်သူမဆို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကိုကိုစံ LL.B
အထက်တန်းရှေ့နေ(စဉ်-၂၅၁၈၅)
က/၄၅၃၊ နှယ်သာကီ(၆)လမ်း၊ မ/ဥက္ကလာပ၊ ဖုန်း-၀၉-၄၂၁၀၆၅၄၁၅၊ ၀၉-၃၁၂၇၆၂၁၈

ကန်ထရိုက်တာ ဦးချစ်စိန် ၁၂/မဂတ(နိုင်)၁၀၅၈၂၄ လိုင်စင်အမှတ်(၄၂၄)နှင့် အများသိစေရန်ကြေညာခြင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၄၈)၊ ဒေါ်သိန်းတင်လမ်း၊ ကန်/မြောက်ရပ်ကွက်နေ မြေရှင် ဒေါ်ခင်ခင်ဝင်းမှ ကန်ထရိုက်တာ ဦးချစ်စိန်နှင့် အများသိစေရန် အောက်ပါအတိုင်းကြေညာအပ်ပါသည်။ ကန်ထရိုက်တာ ဦးချစ်စိန်မှ မြေရှင် ဒေါ်ခင်ခင်ဝင်းထံပေးပို့သော ၁၇-၁၀-၂၀၁၄ရက်စာအရ မြေပိုင်ရှင် ဒေါ်ခင်ခင်ဝင်းဘက်မှ ကန်ထရိုက်တာ ဦးချစ်စိန်အားပေးခဲ့သော (၂၀၁၁ ခုနှစ်/ S.P No.16658)ကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်းနှင့် ၄င်းတာဝန်ယူစဉ်ကာလအတွင်း အိမ်အမှတ်(၄၈)နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်ဝင်း
၁၂/မဂတ(နိုင်)၀၂၃၄၉၃
အမှတ်(၄၈)၊ ဒေါ်သိန်းတင်လမ်း၊ ကန်/မြောက်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၅၆)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ကြည်တွင် သားသမီးသုံးဦးရှိသည့်အနက် သားကြီး ဦးကျော်စိုး (TME ၀၂၈၆၂၂)မှာ ၁-၇-၂၀၁၀ ရက်တွင် ကွယ်လွန်ခဲ့ပြီး ၄င်း၏ကျန်ရစ်သူ ဇနီးနှင့်မိသားစုအား သားကြီးဖြစ်သူရပိုင်ခွင့်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။ ၄င်းနောက်ပိုင်းတွင် အဆိုပါသားကြီးမိသားစုနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ကြည်တို့မှာ လုံးဝအဆက်အသွယ်မရှိတော့ပါသဖြင့် ယခုအခါ ဒေါ်တင်ကြည် အကျိုးခံစားလျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ မြေကွက်အမှတ် ၁၈၇၊ ဧရိယာ (၂၅×၅၀)ပေ အကျယ်အဝန်းရှိ မြေနှင့်ယင်းမြေပေါ်ရှိ အမှတ်(၅၆) (အပေါ်ထပ်နှစ်ခန်းတွဲ)ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်တင်ကြည်၏သမီးများဖြစ်ကြသော ဒေါ်အေးမာကြည်နှင့် ဒေါ်ခင်မျိုးကြည်တို့နှစ်ဦးအား မေတ္တာဖြင့် အပိုင်ပေးကမ်းထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ သတင်းစာကြော်ငြာပါရှိပြီးသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်နိုင်စိုး LL.B
အထက်တန်းရှေ့နေ (စဉ်-၄၀၀၁၉)
အမှတ်(၅၅၁/ခ)၊ စံပြခြံလမ်း၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၁၇၅၄၉၄၆၊ ၀၉-၈၇၂၈၁၂၈၇၅၊ ၀၉-၈၇၂၂၇၈၅၃၁

သမီးအဖြစ်မှ စွန့်လွှတ်ပြတ်စဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ကန်ဖျားရပ်၊ ရဲသိပ္ပံလမ်းသွယ် (၂)၊ အိမ်အမှတ် (၁၈)နေ ဦးတင်စိုး-ဒေါ်စောညွန့်တို့၏သမီး မစန်းစန်းဝေ(ခ) မဇင်မာနွယ်သည် မိသားစုမှသဘောမတူသည့်သူနှင့် ခိုးရာလိုက်ပြေးခဲ့သောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်ပြတ်စဲလိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးတင်စိုး-ဒေါ်စောညွန့်

မန္တလေးနန်းတွင်းရှိ မင်းကြီးကိုးပါးရုပ်တုများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်လိုအပ်

မန္တလေးနန်းတွင်းရှိ မြန်မာကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်းများဖြစ်သော မင်းတုန်းမင်းနှင့် သီပေါမင်းတို့ ထီးနန်းစိုးစံခဲ့ရာ မြနန်းစံကျော် ရွှေနန်းတော်ကြီးသည် ရွှေရောင်တဝင်းဖြင့် လာရောက်လည်ပတ် လေ့လာကြသူ ပြည်တွင်းပြည်ပ ဧည့်သည်အပေါင်းမှ အံ့သြချီးမွမ်းရသည်အထိ ဝင့်ကြွားလျက်ရှိနေသည်။

မြနန်းစံကျော် ရွှေနန်းတော်ကြီး၏ ရှေ့မလှမ်းမကမ်းတွင်လည်း ဘုရင့်နောင်၊ သာလွန်မင်းတရားကြီး၊ အလောင်းဘုရား၊ ဘိုးတော်ဘုရား၊ မဟာဗန္ဓုလ၊ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ ကနောင်မင်းသား စသည့် မင်းကြီးကိုးပါးရုပ်တုများလည်း တည်ရှိနေသည်။

လေ့လာသူများအနေဖြင့်မြနန်းစံကျော် ရွှေနန်းတော်ကြီးကို လေ့လာကြည့်ရှုအပြီးတွင် အနီးပတ်ဝန်းကျင်ရှိ ကျောက်စာရုံ၊ နန်းမြင့်၊ ဘုတ်တလုပ်ကန် စသည်တို့နှင့် မင်းကြီးကိုးပါး ရုပ်တုများဆီလည်း သွားရောက်ကြရာ အဆိုပါ မင်းကြီးရုပ်တုများမှာ ယိုယွင်းပျက်စီးလျက်ရှိနေသည်ကို တွေ့ရှိနေရသည်။

အထူးသဖြင့် လက်တွင်ကိုင်စွဲထားရှိသော ဓား၊ လှံစသည့် လက်နက်များနှင့် အခြားသော သက်ဆိုင်ရာ အဆောင်အယောင်တို့မှာ လုံးဝမရှိတော့သည့်အပြင် အောက်ခြေတွင် ရေးထိုးထားသော သမိုင်းဝင် ကျောက်စာတို့မှာ အင်္ဂလိပ်အက္ခရာ၊ မြန်မာအက္ခရာ နှစ်ဘာသာဖြင့် ရေးထိုးထားရှိသော်လည်း ပြည့်စုံစွာဖတ်ရှု၍ မရနိုင်လောက်အောင် ပျက်စီးကျိုးပဲ့လျက်ရှိနေသည်။

ထိုမင်းကြီး ကိုးပါးတို့မှာ တစ်ခေတ်တစ်ခါက မြန်မာ့သမိုင်းတွင် ထင်ရှားကျော်ကြားခဲ့ကြသည့် သမိုင်းဝင်ရှင်ဘုရင်များနှင့် သူရဲကောင်းများဖြစ်သောကြောင့် လာရောက်လေ့လာကြသော ပြည်တွင်းဧည့်သည်များသာမက နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များပါ သိသာထင်ရှားစွာ လေ့လာနိုင်ရန်အတွက် ပြန်လည်ပြုပြင်ထိန်းသိမ်း စောင့်ရှောက်သင့်ကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

ပြည်တွင်းသတင်း

မြက်သောက်ကျေးရွာတွင် စာပေဟောပြော

ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၆

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် မြက်သောက်ကျေးရွာတွင် ဒုတိယအကြိမ်မြောက် စာပေဟောပြောပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာများဖြစ်ကြသော ပြည်စိုးကြီး(ပုဏ္ဏားကျွန်း)က ရခိုင်စာပေနှင့် ဆင်ယင်ထုံးဖွဲ့မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စစ်တွေ ညိုသန့်က သမိုင်းနောက်ခံတေးသံချိုမြရက္ခိတ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗဂျီးကျော်(စစ်တွေ) က စာပေခွန်အားဘဝမြင့်မားခေါင်းစဉ်ဖြင့်လည်းကောင်း၊ လေးဝတီထွန်းစောခိုင်က ဘဝများကိုရွေးချခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း သမိုင်း၊ ယဉ်ကျေးမှု၊ သုတ၊ ရသစုံလင်စွာ ဟောပြောခဲ့သည်။ **ကိုကြီးစော**

ငါးသားဖောက်နည်းနှင့် ငါးမွေးမြူနည်း ကျေးရွာအရောက် ကွင်းဆင်းသင်တန်းပို့ချ

ရန်ကုန် ဖေဖော်ဝါရီ ၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ကျေးလက်နေပြည်သူများ ငါးစားသုံးသူမြင့်မားရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် မျိုးကောင်းမျိုးသန့် ငါးသားပေါက်များကို လိုအပ်သောအချိန်တွင် လိုအပ်သလောက် ကိုယ်တိုင်သားဖောက်ထုတ်လုပ်မွေးမြူနိုင်ရေးအတွက် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကျော်မင်း၏ စီစဉ်ညွှန်ကြားမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ဌာန၏ မတည်ရင်းနှီးငွေနှင့် တည်ဆောက်ပြီးစီးခဲ့သော ရေစိုကျေးရွာရှိ ဦးဘိုဘို၏ ငါးမွေးကန်တွင် ငါးမွေးမြူနည်းနှင့် ငါးဆေးထိုး သားဖောက်သင်တန်းကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ငါးမွေးမြူရန် မြေနေရာရွေးချယ်နည်း၊ ငါးမွေးကန်တူးဖော်နည်း စနစ်များ၊ မျိုးငါးပြုစုထိန်းသိမ်းခြင်းနှင့် မျိုးငါးရွေးချယ်နည်းများ၊ ဆေးထိုးသားဖောက်နည်းပညာများ၊ ငါးသားဖောက်ပြုစုနည်းများ၊ အသားတိုးငါးမွေးမြူနည်းပညာများနှင့် ကန်ရေအရည်အသွေးထိန်းသိမ်းနည်းပညာများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇန်နဝါရီစတုတ္ထပတ်က ကျင်းပရာ ပဲခူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်းမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်သူများအား တစ်ဦးချင်း ပေးအပ်စဉ်။ တင်အောင်ဆန်း(သနပ်ပင်)

စာကြည့်တိုက်များဖောင်ဒေးရှင်းက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၄၅၁၂ သိန်းကူညီထောက်ပံ့

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများအသိပညာ ဗဟုသုတတိုးပွားလာရေးနှင့် နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ရေရှည်ခိုင်မာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ်မှ၂၀၁၄ ခုနှစ်ကုန်အထိ စုစုပေါင်း ငွေကျပ် ၄၅၁၂ သိန်း ကူညီထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် စာကြည့်တိုက်အဆောက် အအုံ၊ ပရိဘောဂနှင့် စာအုပ်စာစောင်များ လိုအပ်ချက်ရှိသည့် စာကြည့်တိုက်များကို ကူညီထောက်ပံ့ပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်ကုန်အထိ အဆောက်အအုံနှင့် ပရိဘောဂလိုအပ်သော စာကြည့်တိုက်ပေါင်း ၃၆၅ တိုက်၊ စာအုပ်စာစောင် လိုအပ်သော စာကြည့်တိုက်များအတွက် အလှူခံရရှိသော စာအုပ်စာစောင်များနှင့် ဖောင်ဒေးရှင်းရန်ပုံငွေဖြင့် ဝယ်ယူသော စာအုပ်စာစောင်ပေါင်း ၁၆၄၄၀၀၆ အုပ်ကို ဖြည့်ဆည်းကူညီထောက်ပံ့ပေးနိုင်ခဲ့သည်။ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ၆၉ ပွဲကို ကျင်းပနိုင်ခဲ့ပြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ဒုတိယအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများ ညီလာခံကိုလည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနှင့် ပူးပေါင်း၍ မတ် ၁ ရက်မှ ၂ ရက်အထိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဇင်ခန့်နိုင်

တောင်ဥက္ကလာပ အ-လ-က(၃)အာစရိယပူဇော်ပွဲ

[illegible]

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊
အမှတ် ၁၈၁/၁၈၇ဟုခေါ်တွင်သော လေးခန်းတွဲ (၁၂)ထပ်မှ
လေးထပ် (A) ဘက်ခြမ်း၊ ဧရိယာ (၂၅ပေ×ပေ ၆၀)ခန့်ရှိ

တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်

အထက်ဖော်ပြပါတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေက ကန်ထရိုက်တာ ဦးကျော်မြင့် ၁၂/မဂတ (နိုင်)၀၄၉၂၄၂ထံမှ ၂၀၁၁ခုနှစ် နိုဝင်ဘာ ၅ရက်တွင် တိုက်ခန်းအရောင်းအဝယ် နှစ်ဖက်သဘောတူကတိစာချုပ်အရ တရားဝင်ဝယ်ယူပိုင်ဆိုင်၍ တိုက်ခန်းသော့နှင့်တကွ လက်ရောက်ရရှိခဲ့သောတိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းကို တိုက်ခန်းပိုင်ရှင် ကျွန်ုပ်၏ မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ တိုက်ခန်းဝင်ပေါက်တံခါးအား သံပန်းတံခါးတပ်ဆင်၍ သော့ခတ်ကာ တိုက်ခန်းပိုင်ရှင်တို့၏ သွားလာခွင့်ကို ပိတ်ဆို့ဟန့်တားထားလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာစာပါရှိသည့်ရက်မှ ခုနစ်ရက် နောက်ဆုံးထားပြီး သံပန်းတံခါးအား လာရောက်တပ်ဆင်သော့ခတ်ထားသူမှ ဖယ်ရှားပေးပါရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ဖယ်ရှားခြင်းမရှိပါက တိုက်ခန်းထဲသို့ မဝင်ရောက်နိုင်အောင် ဟန့်တားပိတ်ဆို့ထားသော သံပန်းတံခါးကို ဖယ်ရှား၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်ဌေး B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၆၈)
အမှတ် (၅၅)၊ တတိယထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၆၅၉၄

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၀ယ/၉၅၅၈၄ ယာဉ်အမျိုးအစား ကမ်ဘိုဒရင်း၊ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထူး ၁၃/ရစန(နိုင်)၀၁၇၆၄၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်၁၄ယ/၉၃၂၀၅ ယာဉ်အမျိုးအစား ဟွန်ဒါဒရင်း ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွေးညွန့် ၁၃/တကန(နိုင်)၁၃၀၉၁၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

မင်းကင်း အ-ထ-က စိန်ရတုမဂ္ဂဇင်း စာမူများ ဖိတ်ခေါ်ခြင်း

[illegible]

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၁၈၃၇၁ Honda Click 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဝင်း ၉/အမရ(နိုင်)၀၅၁၁၀၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၃၂၅၆၆ Kenbo 125 M|C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်သက်အောင် ၉/အမဇ(နိုင်)၀၂၈၇၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

နိုင်ငံတကာအားကစား

မာဆေးတို့ အခက်တွေ့နိုင်တဲ့ လီဂူး-၁ ပွဲစဉ်(၂၄)

မိုးမြင့်လင်းလက်

ပြင်သစ်လီဂူးပွဲစဉ် (၂၄)ကို ဖေဖော်ဝါရီ ၇ ရက်နဲ့ ၈ ရက်ညတွေမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ တန်းစီ ဇယားထိပ်ဆုံးက လိုင်ယွန်၊ ဒုတိယနေရာက မာဆေး၊ တတိယနေရာက ပီအက်စ်ဂျီတို့ဟာ ရမှတ်တွေ ပြတ်သားမှုမရှိတာမို့ ပွဲစဉ်တိုင်း ပြင်းထန်တဲ့ဖိအားတွေနဲ့ ရုန်းကန်နေကြရပါတယ်။ ပွဲစဉ်တိုင်းရလဒ်ကောင်းဖို့ လိုအပ်နေတာမို့ အခု သီတင်းပတ်ပွဲတွေမှာလည်း အပြိုင်အဆိုင်ကြိုးစားရဦးမယ့် ပွဲတွေကို ရင်ဆိုင်ဖြတ်သန်းကြရဦးမှာ ဖြစ်ပါတယ်။

ရန်းနက်စ်နှင့် မာဆေး

အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်တဲ့ မာဆေးတို့အတွက် ခက်ခဲမယ့်ပွဲစဉ်ဖြစ်ပါတယ်။ ရန်းနက်စ်တို့က အိမ်ကွင်းမှာ အမှတ်ရအောင်ကစားတတ်ပြီး အထူးသဖြင့် မာဆေးကို ဘယ်လိုကစားရမလဲဆိုတာ သိနေတာမို့ အဝေးကွင်းမှာ မာဆေးတို့ အကျပ်ရိုက်နိုင်ပါတယ်။ ဒါပေမယ့် တိုက်စစ်အားကောင်းတဲ့ မာဆေးတို့က ရန်းနက်စ်ကို ဒုက္ခပေးနိုင်ပြီး ခံစစ်ပိုင်းကျိုးပေါက်အောင် အားထုတ်ဖို့ မာဆေးတို့ ကြိုးစားပါလိမ့်မယ်။ ရန်းနက်စ်တို့ အိမ်ကွင်းမှာ အနိမ့်ဆုံး တစ်မှတ်တော့ ရနိုင်ပါတယ်။

ဘက်စ်တီယာနှင့် မက်စ်

တန်းစီဇယား အောက်ဆုံးကို ရောက်နေတဲ့ မက်ဇ်တို့အတွက် ဒီပွဲမှာလည်း အခွင့်အရေးကောင်းရဖို့ သိပ်မလွယ်ပါဘူး။ ဒီနှစ်ဘောလုံးရာသီမှာ အဝေးကွင်း ၁၂ ပွဲမှာ တစ်ပွဲသာ အနိုင်ရထားတဲ့ မက်စ်အသင်းရဲ့ ခြေစွမ်းက စိတ်ပျက်စရာပါ။ ဘက်စ်တီယာတို့ကတော့ အိမ်ကွင်းမှာ အမှတ်ပြည့်ရယူနိုင်တဲ့ ခြေစွမ်းရှိတာမို့ အနိုင်ဆိုတာ အိမ်ရှင်တို့အတွက်ပဲ ဖြစ်မှာပါ။

ကိန်းနှင့် တူးလော့

နှစ်သင်းစလုံး ခြေစွမ်းတူညီပြီး အပြန်အလှန် နိုင်ပွဲတွေရယူနေကြတဲ့ အသင်းတွေ ဖြစ်တာမို့ ကြည့်ကောင်းမယ့်ပွဲဖြစ်ပါတယ်။ ကိန်းက တန်းဆင်းဇုန်က ရုန်းထွက်ဖို့ ဒီပွဲမှာ အားစိုက်ကစားမှာဖြစ်သလို တူးလော့တို့ကလည်း တန်းဆင်းဇုန်ထဲ မကျဆင်းအောင် အပြင်းအထန် ခုခံပါလိမ့်မယ်။ အကြိုက်က အိမ်ရှင်ဖြစ်ပါတယ်။

မောင့်ပယ်လီယာနှင့် လိုင်လီ

ဒီနှစ် လီဂူး-၁ မှာ အိမ်ကွင်းခြေစွမ်းကောင်းရနေတဲ့ အသင်းတွေထဲမှာ မောင့်ပယ်လီယာလည်း ပါဝင်နေပါတယ်။ တိုက်စစ်၊ ခံစစ် ဟန်ချက်ညီနေပြီး အမှားအယွင်းနည်းစွာ ကစားနိုင်တာမို့ အဝေးကွင်းရလဒ်မကောင်းတဲ့ လိုင်လီတို့ အခက်တွေ့စေမှာပါ။ အိမ်ရှင်တို့အမှတ်ပြည့်ယူမယ့်ပွဲပါပဲ။

အီဗီယန်နှင့် ဘော်ဒိုး

အီဗီယန်တို့ အိမ်ကွင်းမှာ စွမ်းဆောင်မှုမြင့်မားပေမယ့် ပြိုင်ဘက်ကောင်းတွေနဲ့ဆုံတိုင်း ရလဒ်တွေ မကောင်းတတ်ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲဆုံတွေ့ခဲ့တဲ့ ရလဒ်ကိုကြည့်ရင် အီဗီယန်တို့ တစ်ပွဲမှနိုင်ပွဲမရခဲ့ပါဘူး။ ဒါပေမယ့် အိမ်ရှင်ရဲ့ အားထုတ်မှုက ကောင်းမွန်တာမို့ အမှတ်ခွဲယူရမယ့်ကိန်း ဖြစ်သွားနိုင်ပါတယ်။

ရမ်းစ်နှင့် လိုရီယန့်

နှစ်သင်းစလုံး အပြိုင်အားထည့်ကစားကြမယ့်ပွဲပါပဲ။ ရမ်းစ်တို့က အိမ်ကွင်းဖြစ်တာမို့ အားသာချက်ရှိပေမယ့် လိုရီယန့်ရဲ့ စွမ်းဆောင်ရည်ကလည်း အသိအမှတ်ပြုစရာ ဖြစ်နေပါတယ်။ ရမ်းစ်ရဲ့ကစားသမားတွေက တိုက်စစ်ပိုင်းမှာ အားကိုးရမယ့် ကစားသမားတွေရှိပေမယ့် ခံစစ်ပိုင်းက အမှားအယွင်းတွေရှိနေပါတယ်။ ဒါပေမယ့် အမှတ်ပြည့်ယူဖို့ အားထည့်မယ့် အိမ်ရှင်ကိုပဲ အားပေးရမှာဖြစ်ပါတယ်။

ပယ်နယ်တီအပေးမှားတဲ့ဒိုင် ခြောက်လပိတ်ပင်

အာဖရိကနိုင်ငံများဖလားပွဲတွင် ဒိုင်လူကြီးတစ်ဦးအား မှားယွင်းစွာ ဆုံးဖြတ်ခဲ့တဲ့အတွက် ခြောက်လကြာ နည်းပြလုပ်ခွင့် ပိတ်ပင်လိုက်ပါတယ်။ ဒိုင်လူကြီးဆေးချွန်းဟာ အီကွေတိုရီရယ်ဂီနီက တူနီးရှားကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တဲ့ပွဲမှာ အီကွေတိုရီရယ်ကို အငြင်းပွားဖွယ် ပယ်နယ်တီကန်ခွင့်ပေးခဲ့တဲ့အတွက် ပိတ်ပင်လိုက်တာဖြစ်ပါတယ်။ "ဒီပွဲမှာ ဒိုင်လူကြီးရဲ့ ဆုံးဖြတ်ချက်ဟာ ညံ့ဖျင်းလွန်းပါတယ်"လို့ ဒိုင်လူကြီး ကော်မတီက ဆိုပါတယ်။ အာဖရိကဘောလုံးအဖွဲ့ချုပ်ကပါ ဒိုင်လူကြီးရဲ့ မှားယွင်းတဲ့ဆုံးဖြတ်ချက်ကို ဝေဖန်ပြောဆိုခဲ့ပါတယ်။

လီဗာပူးတို့လည်း အက်ဖ်အေနောက်တစ်ဆင့်တက်

အက်ဖ်အေစတုတ္ထဆင့်ပြန်ကန်ပွဲအနိုင်ရရှိသွားတဲ့ လီဗာပူးအသင်းဟာ နောက်တစ်ဆင့် တက်ခွင့်ရရှိသွားပါပြီ။ ပြန်ကန်ပွဲမှာ လီဗာပူးက ဘော်လ်တန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိသွားခဲ့တာပါ။ ဒီပွဲမှာ ဘော်လ်တန်က ရှုံးသွားခဲ့ပေမယ့် ဂွတ်ဂျိုဆင်က ပယ်နယ်တီကနေတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူခဲ့တာပါ။ လီဗာပူးက ပွဲပြီးဖို့နှစ်မိနစ်အလိုရောက်မှ စတာရင်းနဲ့ ကော်တင်ဟိုတို့က ဆက်တိုက်ဂိုးသွင်းနိုင်ခဲ့တဲ့အတွက် နိုင်ပွဲရလိုက်တာဖြစ်ပါတယ်။ ဒီပွဲမှာ စတီဗင်ဂျရတ်က သူ့ရဲ့ လီဗာပူးပွဲ ၇၀၀ မြောက်အဖြစ် ပါဝင်ကစားခဲ့တာပါ။ ဂျရတ်ဟာအယ်လ်အေဂလက်ဆီသို့ မထွက်ခွာမီ လီဗာပူးနဲ့အတူ အောင်ပွဲရဖို့ ကြိုးစားနေတဲ့ အနေအထားရှိပါတယ်။

ဂိုးလည်းသွင်း ခြေလည်းကျိုးသွားတဲ့ ရိုဒရီကွက်ဇ်

စပိန်ကာလီဂါမှာ ပွဲစဉ် ၂၁ အပြည့်ကစားပြီးချိန်မှာတော့ ရီးရဲမက်ဒရစ်ဟာ ထိပ်ဆုံးမှာလေးမှတ် အသာနဲ့ ရပ်တည်လာနိုင်ပါတယ်။ နောက်ဆုံးပွဲဖြစ်တဲ့ ပွဲစဉ် ၂၁ မှာ ရီးရဲမက်ဒရစ်က ဆီဗီလာကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်တာဖြစ်ပါတယ်။ ဒီပွဲမှာ ဂျိမ်းရိုဒရီကွက်ဇ်က ရီးရဲအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သလို ခြေချောင်းလည်းကျိုးပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။ ကိုလံဘီယာ တိုက်စစ်မှူး ဂျိမ်းရိုဒရီကွက်ဇ်ဟာ မကြာမီ ခွဲစိတ်ခံရလိမ့်မယ်လို့ ကြေညာလိုက်ပါတယ်။ ဂျိမ်းရဲ့ ခေါင်းတိုက်ဂိုးနဲ့ အိမ်ကွင်းအနိုင်ရခဲ့တဲ့ အန်ဆယ်လော့တီရဲ့ ရီးရဲမက်ဒရစ်အသင်းဟာ ဒီပွဲအနိုင်ရတဲ့အတွက် လေးပွဲဆက်တိုက် အနိုင်ရခဲ့ပါတယ်။

ရိုဒရီကွက်ဇ်ဟာ ခွဲစိတ်ခံရမှာဖြစ်တဲ့အတွက် ဖေဖော်ဝါရီ ၁၈ ရက်နဲ့ မတ် ၁၀ ရက်မှာ ကစားမယ့်ချန်ပီယံလိဂ် ၁၆ သင်း ပြိုင်ပွဲအဖြင့် ရှော်လ်ကေးနဲ့ ကစားမယ့်ပွဲတွေ လွဲချော်မှာဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ စက်တင်ဘာလအတွင်းက အက်သလက်တီကိုအသင်းကို ရှုံးနိမ့်ပြီးကတည်းက အိမ်ကွင်းရှုံးနိမ့်မှုမရှိခဲ့ပါဘူး။ အိမ်ကွင်းမှာ အမှတ်များရနေဆဲပါ။

အာဖရိကဖလားပွဲမှာ ဗိုလ်လုပွဲတက်သွားတဲ့ အိုင်ဗရီကို့စ်

အာဖရိကဆင်လို့ လူသိများတဲ့ အိုင်ဗရီကို့စ် အသင်းဟာ အာဖရိကဖလားပြိုင်ပွဲမှာ ဒီအာကွန်ဂိုကို နိုင်ပြီး ဗိုလ်လုပွဲတက်သွားခဲ့ပါပြီ။ ဒီလိုအိုင်ဗရီကို့စ်အသင်းဗိုလ်လုပွဲတက်ခွင့်ရတာဟာ ကိုးနှစ်အတွင်းမှာ တတိယအကြိမ်လို့ ဆိုပါတယ်။ အိုင်ဗရီကို့စ်က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး ဗိုလ်လုပွဲတက်ခဲ့တာပါ။ အိုင်ဗရီကို့စ် အသင်းအတွက် အဖွင့်ဂိုးကိုတော့ မန်စီးတီးရဲ့ နာမည်ကြီးကစားသမား ယာယာတိုရေးက ပွဲစပြီး မိနစ် ၂၀ မှာသွင်းယူခဲ့ပါတယ်။ ဒီပွဲမှာ ဂါဗင်ညိုကလည်း ခြေစွမ်းပြကစားပြီး တစ်ဂိုးသွင်းပေးနိုင်ခဲ့ပါတယ်။ နောက်ဆုံးဂိုးကိုတော့ ကာနွန်က သွင်းယူခဲ့ပါတယ်။

အိုင်ဗရီကို့စ်အသင်းဟာ ၂၀၀၆ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်က နောက်ဆုံးဗိုလ်လုပွဲအထိ တက်နိုင်ခဲ့ပါတယ်။ ဒီအချိန်က အိုင်ဗရီကို့စ်အသင်းရဲ့ ရွှေရောင်အချိန်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒီအောင်ပွဲကနေ အိုင်ဗရီကို့စ်ကစားသမားအများအပြားပေါ်ထွက်ခဲ့ပါတယ်။ လက်ရှိပရီမီယာလိဂ်မှာလည်း အောင်မြင်တဲ့ကစားသမားအချို့ဟာ အိုင်ဗရီကို့စ်ကစားသမားတွေဖြစ်ပါတယ်။ ယာယာတိုရေးမတိုင်မီ ဒရော့ဘာဟာချယ်လ်ဆီးနဲ့အတူ အောင်မြင်ခဲ့တဲ့ကစားသမားဖြစ်ပါတယ်။

■ ကောင်းမြတ်သူ-စုစည်းသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် ၉၁(က+ခ)၊ ဧရိယာအကျယ်အဝန်း (၂၄၀၀)စတုရန်းပေ (အလျားပေ ၄၀×အနံပေ ၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၉၁(က+ခ)၊ အနော်မာ ၁လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ပိုင်ရှင် ဦးချစ်မောင်(ကွယ်လွန်)၏ အမွေစားအမွေခံများထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအေးဝင်း ၁၂/ပဇတ(နိုင်)၀၂၈၉၁၈ ထံမှ ဝယ်ယူရန်အတွက် ဦးကျော်သန်း ၁၂/မဂတ(နိုင်)၁၀၆၃၀၄ က စရန်ငွေပေးချေထားပြီးဖြစ်ရာ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထားများ တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်လွင်
B.Com.(A.A), D.E.P, R.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၅၉)
အမှတ်-၁၉၊ ၁၂၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၉၇၈၃၀၊ ၂၉၄၇၄၄

ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ကြောင်းကြေညာခြင်း

ဦးအောင်ကိုကို ၁၂/တမန(နိုင်)၀၀၁၄၄၁ နှင့် ဒေါ်ဝေမာနှင်း ၁၂/ဗဟန(နိုင်)၀၉၂၇၈၅ တို့သည် ၃၁-၇-၂၀၁၄ ရက်တွင် တရားရုံး၌ လက်မှတ်ရေးထိုးလက်ထပ်ခဲ့ပြီး လင်မယားအဖြစ် ရက်အနည်းငယ်ပေါင်းသင်းခဲ့ပြီးနောက် မိဘများကို အသိပေးပြီးလျှင်ပြန်လာခေါ်၍ အတူပေါင်းသင်းနေထိုင်မည်ဟု ကတိပြုပြောဆိုထားခဲ့သော်လည်း ထွက်သွားသည့်အချိန်မှ ယခုတိုင် ပြန်လည်ပေါင်းသင်းနေထိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းမရှိဘဲ စွန့်ပစ်ထားခဲ့သည့်အပြင် ခင်ပွန်းဝတ္တရားနှင့်အညီ ထောက်ပံ့ခြင်းလည်းမရှိသည်သာမက အိမ်ထောင်ရေးအရှုပ်အရှင်းမကင်းကြောင်းနှင့် မိဘများမှလည်း လုပ်ချင်တာလုပ်ဟုပြောကြောင်း ဒေါ်ဝေမာနှင်းက သိရှိရသဖြင့် ဦးအောင်ကိုကိုအား ပြန်လည်ပေါင်းသင်းတော့မည်မဟုတ်ဘဲ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

သို့ဖြစ်ရာ ဒေါ်ဝေမာနှင်းမှ လုံးဝပတ်သက်ရန် အကြောင်းမရှိဘဲ ဦးအောင်ကိုကိုက ကန့်ကွက်ဟန့်တား နှောင့်ယှက်ထိခိုက်နစ်နာစေရန် ပြုမူဆောင်ရွက်လျှင် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဝေမာနှင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းစန်းတင့်(တရားလွှတ်တော်ရှေ့နေ)
အမှတ် ၆၂၊ မိုးမခလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိလောကရပ်ကွက်နေ ဦးမြင့်အောင်-ဒေါ်ခင်တိုးမြင့်၏သမီး မဆုမြတ်နန္ဒာအောင်နှင့် မဇင်သန္တာအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မဆုမြတ်နန္ဒာအောင်

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိလောကရပ်ကွက်နေ ဦးမြင့်အောင်-ဒေါ်ခင်တိုးမြင့်၏သမီး မသဥ္ဇာအောင်နှင့် မသင်ဇာအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မသင်ဇာအောင်

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ကလေးဝမြို့နယ် တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄ နှင့်ဆက်သွယ်သည့်
၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁

မငွေငွေမော် နှင့် ကိုမန်းလွင်
တရားနိုင် တရားရှုံး

ကလေးဝမြို့နယ်၊ မထုကြီးကျေးရွာ (ယခုနေရပ်လိပ်စာမသိ)နေထိုင်သူ ကိုမန်းလွင် သိစေရမည်။

ကလေးဝမြို့နယ်တရားရုံး၊ ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄တွင် ကျန်ရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မငွေငွေမော်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။ လာရောက်ခြင်းမရှိပါက သင့်မျက်ကွယ်တွင် ဒီကရီအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထွန်းနိုင်ထွေး)
မြို့နယ်တရားသူကြီး
ကလေးဝမြို့နယ်တရားရုံး

မွေးသက္ကရာဇ် အမှန်

တပ်ကုန်းမြို့နယ်၊ ထန်းတောကြီးရွာနေ ဦးညွန့်သိန်း ၉/တကန(နိုင်)၀၆၅၁၈၇ ၏သား တပ်ကုန်းမြို့ အထက(၂) နဝမတန်း A-5 မှ မောင်ခိုင်မင်းအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁-၁၉၉၉ ဖြစ်ပါသည်။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၃
ကွယ်လွန်သူ ဦးငွေကြည်၌ ကျန်ရှိသောပစ္စည်းအကြောင်း

ဒေါ်စမ်းဝင်း လျှောက်ထားသူ
တိုက်အမှတ် (၆/ဘီ)၊ အခန်း (၀၀၅)၊
ဓာတုဗေဒလမ်း၊ ရတနာမွန်အိမ်ရာ၊
(၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အထက်ဖော်ပြပါလိပ်စာနေ လျှောက်ထားသူ ဒေါ်စမ်းဝင်းက ကွယ်လွန်သူ ဦးငွေကြည်၏ဇနီးဖြစ်သူဟူ၍ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာနေ ၎င်းကွယ်လွန်သူ ဦးငွေကြည်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန်၊ သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးငွေကြည်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၃ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၆ရက်)တွင် နံနက် ၁၀:၀၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်စမ်းဝင်း၏လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ငွေးရီ)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

Makes Myanmar More Beautiful
DAGON CITY 1
BY MARGA LANDMARK
အကောင်းဆုံး နေရာ၊ အဆင့်အမြင့်ဆုံးသော အမှတ်တံဆိပ်များစုဝေးမှု
မြန်မာနိုင်ငံ၏ ပထမဆုံးသော ဈေးဝယ်လျှောက်လမ်း
ယခုပင် ဆိုင်ခန်းများကို ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ
ကြိုတင်စာရင်းပေးသွင်းခြင်းဖြင့် ၅% အထူးခံစားခွင့် အပြင်
ကားပါကင်နှင့် US$ ၁၀,၀၀၀ တန် CASH VOUCHER ရရှိနိုင်မည့် အထူးအခွင့်အရေး
JEWELRY
PREMIUM
TOP LUXURY
နိုင်ငံတကာနာမည်ကြီးဖက်ရှင်များ၊ အဆင့်အမြင့်ဆုံး အသုံးအဆောင်ပစ္စည်းများ၊ အရသာအရှိဆုံး စားသောက်ဖွယ်ရာများ၊ အပန်းဖြေ အနားယူရန်နေရာများ
Dagon City 1 - အကောင်းဆုံးသောအရာများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ရရှိနိုင်မည့် အချက်အချာအကျဆုံး ဈေးဝယ်လျှောက်လမ်း
လက်ရှိမြန်မာနိုင်ငံတွင် Marga Landmark မှကြီးမှူးဆောက်လုပ်နေသော ပရောဂျက်မှာ Dagon City 1 တစ်ခုသာရှိပါသည်။
Developed by:
MARGA LANDMARK
CHIEF ARCHITECT & MASTER PLANNER
LOCAL PRINCIPAL ARCHITECT
SPINE ARCHITECTS
M & E AND STRUCTURAL ENGINEER
MEINHARDT
PROPERTY MANAGEMENT CONSULTANT
Colliers
QUANTITY SURVEYOR
LangdonSeah
AN ARCADIS COMPANY
GALLERY SHOWROOM ADDRESS: U Htaung Bo Circle, No. 61, 63, Zoological Garden Road, Dagon Township, Yangon
HOTLINE: +95 9 4482 55555 WWW.DAGONCITY1.COM www.facebook.com/dagoncityone

ကြော်ငြာ

သတိပေးနိုးဆော်ခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်အတွင်းရှိ ပုဂ္ဂလိက ကျွန်း/သစ်မာစိုက်ခင်းများ၏ နှစ်စဉ်အခွန်တော်ငွေပေးသွင်းရန်ကျန်ရှိသူများ ၁၈-၂-၂၀၁၅ရက်နောက်ဆုံးဦးစီးအရာရှိရုံး၊ တပ်ကုန်းမြို့သို့ လာရောက်ပေးသွင်းပါရန် အသိပေး နိုးဆော်ပါသည်။

သစ်တောဦးစီးဌာန၊ တပ်ကုန်းမြို့

တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၅)
တည်ဆောက်ရေးပစ္စည်းတင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ်စဉ်(၇)၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်

(က) ကချင်ပြည်နယ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့ (၁၅)မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော စက်သုံးဆီများကို မြစ်ကြီးနားမြို့၊ ပင်မစတိုဌာနစိတ် အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(၁) ဒီဇယ်ဆီ - ၂၂၀၀၀ ဂါလန်
- **တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** - ၆-၂-၂၀၁၅ ရက်
- **တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်** - ၁၃-၂-၂၀၁၅ ရက်
- **တင်ဒါဖွင့်မည့်ရက်** - ၁၄-၂-၂၀၁၅ ရက်
- **တင်ဒါတင်သွင်းရမည့်နေရာ** - ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ တံတားအထူးအဖွဲ့(၁၅)၊ မြစ်ကြီးနားမြို့

(ခ) တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ တံတားအထူး အဖွဲ့(၁၅)၊ မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၄-၂၂၁၉၇၊ ၀၉-၆၈၀၇၆၅၇၊ ၀၉-၄၀၀၀၂၁၀၁၄၊ ၀၉-၇၃၀၅၉၅၀၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် မော်တော်ယာဉ်များထားရှိရန်အတွက် ကားဂိုဒေါင်တစ်လုံးလျှင် မော်တော်ယာဉ် ရှစ်စီးဆံ့(၆၄'×၁၄'×၉' ၆"-၁၂')၊ ကားဂိုဒေါင်ခြောက်လုံးဆောက်လုပ်ရန် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံခြင်း ပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် လုပ်ငန်းအပ်နှံမည့်ဒီဇိုင်း အသေးစိတ်စာရင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၊ အုပ်စု(၁)၊အဆောင်(၁၀)သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၆၇-၈၁၀၃၃၇၀သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက် - ၅-၂-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၁၆-၂-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၅:၃၀ နာရီ

ပစ္စည်းဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကြီးကြပ်မှုကော်မတီ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန၊ ကလေးမြို့

လေလံကြော်ငြာ

၁။ ကလေးမြို့၊ အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး ထုခွဲအဆင့်ရောက် အိန္ဒိယနိုင်ငံထုတ် လူသုံးကုန်နှင့်စားသောက်ကုန်ပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း အများပြည်သူသို့ ဈေးပြိုင်စနစ်ဖြင့် ၁၈-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် လေလံတင်ထုခွဲရောင်းချမည်။

၂။ လေလံစည်းကမ်းချက်များအား ၁၀-၂-၂၀၁၅ ရက်မှ ၁၇-၂-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ လေလံပွဲနှင့်ပတ်သက်သည့် အချက်အလက်များအား ၁၀-၂-၂၀၁၅ရက်မှ ၁၇-၂-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၇၃-၂၁၀၂၈

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးအဖွဲ့
မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ ကလေးမြို့

မွန်ပြည်နယ်အစိုးရအဖွဲ့
တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်အတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော စစ်တောင်းတံတား၏ ၁-၄-၂၀၁၅ရက်မှ ၃၁-၃-၂၀၁၈ရက်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း (၃)နှစ်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား** - စစ်တောင်းတံတား
(ခ) **ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များဝယ်ယူနိုင်သောနေရာ**-မန်နေဂျာ (သွားလာရေး/တိုင်း) တိုင်းအမှတ်(၈)မော်လမြိုင်
(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်နှင့်အချိန်** - ၁၀-၂-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါပေးသွင်းရမည့် နေရာ** - မန်နေဂျာ(သွားလာရေး/တိုင်း) တိုင်းအမှတ်(၈)၊ မော်လမြိုင်
(င) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** - ၁၀-၂-၂၀၁၅ရက် (အင်္ဂါနေ့) ၁၄:၀၀ နာရီ
(စ) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ** - မန်နေဂျာ(သွားလာရေး/တိုင်း) တိုင်းအမှတ်(၈) မော်လမြိုင်

မှတ်ချက်။ (၁) အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် (၁၀၀၀၀)ကျပ်နှုန်းဖြင့် ၆-၂-၂၀၁၅ရက်မှ ၉-၂-၂၀၁၅ရက် ၁၆:၃၀ နာရီအထိ မန်နေဂျာ(သွားလာရေး/တိုင်း) တိုင်းအမှတ်(၈) မော်လမြိုင်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၅၇-၂၄၈၂၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ မွန်ပြည်နယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ-ရေဦး-ကလေးဝ-ကလေးလမ်းပေါ်ရှိ ချင်းတွင်းတံတား (ကလေးဝ)အား တံတားအထူးအဖွဲ့ (၁၁)မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်ရန် လိုအပ်သည့်အောက်ဖော်ပြပါပစ္စည်းများကို ချင်းတွင်းတံတား(ကလေးဝ) သတ်မှတ်လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	အမျိုးအစား	စဉ်	အမျိုးအစား
၁။	ကျောက်စရစ်	၈။	Thin Sheet (8' × 4')
၂။	မြစ်သဲ	၉။	Sikament
၃။	သစ်ခွဲသား(ထု)	၁၀။	ရိုက်သံ
၄။	သစ်ခွဲသား (ပျဉ်)	၁၁။	ဝါးထရံ
၅။	Bentonite	၁၂။	ငါးထပ်သား (8' × 4')
၆။	Binding wire	၁၃။	C.M.C (25kg)
၇။	Welding Rod		

တင်ဒါလျှောက်လွှာပိတ်မည့်ရက် -၉-၂-၂၀၁၅ရက်
တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ -ချင်းတွင်းတံတား(ကလေးဝ)

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ချင်းတွင်းတံတား(ကလေးဝ)နှင့် တံတားအထူးအဖွဲ့(၁၁) ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ မုံရွာမြို့တို့တွင် ၂၆-၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၁-၃၀၄၆၂၊ ၀၉-၆၄၇၂၆၅၂

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန
ရုံးသုံးစက်ကိရိယာများ ဝယ်ယူရန်၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါရုံးသုံးစက်ကိရိယာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်-

	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	i7 Computer နှင့်ဆက်စပ်ပစ္စည်းများ	(၁၀)စုံ
(ခ)	Video Camera နှင့်ဆက်စပ်ပစ္စည်းများ	(၁)လုံး
(ဂ)	Dell Power Edge R-720 Server နှင့်ဆက်စပ်ပစ္စည်းများ	(၁)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၂-၂၀၁၅ရက်တွင် ပြည်တွင်းအခွန်များဦးစီးဌာန၊ ငွေစာရင်းဌာနခွဲ၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်တွင် တစ်စောင်လျှင် (၅၀၀၀ိ-)ကျပ်ဖြင့် လာရောက်ဝယ်ယူပြီး ၁၆-၂-၂၀၁၅ရက် ညနေ ၁၆:၀၀ နာရီတွင် နောက်ဆုံးထား၍ လာရောက်တင်သွင်းရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၀၅၃နှင့် ၀၆၇-၄၃၀၀၅၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့၊
ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅)
စစ်ကိုင်းခရိုင်တရားရုံး နယ်တရားမရုံး၌
၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၁၂

ဦးအောင်မောင်း **နှင့်** ၁။ ဦးမျိုးထွန်း
၂။ ဒေါ်သန်းသန်းမြင့်
၃။ ဦးအောင်ကိုလတ်

တရားလို **တရားပြိုင်များ**

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်နေ ဦးမျိုးထွန်း(ဘ)ဦးစောမောင်၊ မြတ်ရွှေရည်ရွှေဆိုင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ မသက်ဆိုင်သူများထံမှ မြေငှားဂရန်စာချုပ် တရားလို ဦးအောင်မောင်းက ပြန်လည်ထုတ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေး လိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိုးဟန်)
ခရိုင်တရားသူကြီး
စစ်ကိုင်းခရိုင်တရားရုံး
တရားသူကြီး

အများသိစေရန်အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ကြွယ်ပုံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၈၉-ခ)၊ ရွာသစ်၊ ဦးပိုင်(၂-က)၊ ဧရိယာ ၁ဒသမ၄၁ ဧကရှိသော ယာမြေမှာ ဦးမန်းစိန် အမည်ဖြင့်လုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားပြီး လက်ရှိထားလုပ်ကိုင်လျက်ရှိသောမြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ဆက်စပ်ပတ်သက်သော အခွင့်များအပေါ်မည်သူတစ်ဦးတစ်ယောက်ကမျှ ဟန့်တား၊ ပိတ်ပင်၊ ကန့်ကွက်ခြင်း တစ်စုံတစ်ရာမျှ ပြုလုပ်ပိုင်ခွင့်မရှိကြောင်းနှင့်ဦးမန်းစိန် မသိရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းဖြင့် စီမံခန့်ခွဲလွှဲပြောင်းခြင်းများ မပြုလုပ်ရန်သတိပေး တားမြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးမန်းစိန်(ဘ)ဦးဘိုးစုံ
၉/မနတ(နိုင်)၀၇၂၆၀၉
အကွက် ၅၀၁၊ ကျွန်းလုံးဥသျှောင်ရပ်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့

ခြံနှင့်အိမ်ရောင်းမည်

လှည်းကူးမြို့ပေါ်ရှိ ပေ
၂၅×၆၀ပေါ်ရှိ တစ်ထပ်
အိမ်ရောင်းမည်
ရေ မီးပါပြီး၊ ခြံခတ်ပြီး
ညှိနှိုင်းဈေး
ဆက်သွယ်ရန်
ဖုန်း-၀၉-၄၄၈၀၂၂၀၈၃၊
၀၉-၇၉၉၂၄၃၄၅၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သော Load Cell (၂၀)လုံးကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များ အနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၁-၂-၂၀၁၅ ရက်၊ ၁၆:၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀ (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ပစ္စည်းဝယ်ယူရေးအဖွဲ့

အမြန်ရောင်းမည်

သုဓမ္မာလမ်းမပေါ်၊ တံတားလေးဂုံးတံတားအနီး
၂၇ပေ×ပေ၅၀ မြေကွက်လွတ်ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၀၀၅၂၈၃၃

ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဖာမွန်းကျေးရွာအုပ်စု၊ ထီဟန်ဆွေးရွာနှင့်ကျောက်တလုံးလမ်းမကြီးအနောက်ဘက်နံဘေးရှိ ကွင်းအမှတ် ၂၇၉၊ ဦးပိုင်အမှတ် (၁၀၃/၂)၊ ဧရိယာ ၀ဒသမ၆၀ ဧကအား ဦးခွန်စံလှ ၁၃/တကန(နိုင်)၁၁၈၅၁၂ မှ လက်ဝယ်ပိုင်ဆိုင်ပြီး မြေစာရင်းပုံစံ ၁၀၅(သို့)ပုံစံ(၇)လျှောက်ထားမည် ဖြစ်ပါသဖြင့် ခုနစ်ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်ပါသည်။

ဦးခွန်စံလှ ၁၃/တကန(နိုင်)၁၁၈၅၁၂
ဖုန်း-၀၉-၄၃၁၄၁၅၂၆၊ ၀၉-၄၂၈၃၃၂၉၀၂

ကုမ္ပဏီအရောင်းမန်နေဂျာဦးဘစိန်နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ တိုက်အမှတ် (၇၄/၇၆)၊ အခန်းအမှတ် (၄) တွင် တည်ရှိသော-

AAA CO.LTD မှ ဒါရိုက်တာဦးဇော်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကုမ္ပဏီအနေဖြင့် ဦးဘစိန်အား မန်နေဂျာအဖြစ် လွန်ခဲ့သောအနှစ်နှစ်ဆယ်ခန့်ကတည်းက ခန့်ထားခဲ့ပြီး လွန်ခဲ့သော (၃)နှစ်ခန့်က မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ (၂၇)လမ်း၊ (၈၂×၈၃)လမ်းကြား၊ အမှတ်(၄/၅)ပေါ်တွင် ကုမ္ပဏီ၏ Show Room အဖြစ်ထားရှိ၍ Kenbo အမှတ်တံဆိပ်စက်ပစ္စည်းများကို ရောင်းချရာတွင် မန်နေဂျာအဖြစ် တာဝန်ပေးခဲ့သူဖြစ်ပါသည်။

မန်နေဂျာဦးဘစိန်သည် မန်နေဂျာဝန်ထမ်းသာလျှင်ဖြစ်ပြီး ကုမ္ပဏီ၏အခြား တာဝန်များကို ကိုယ်စား ဆောင်ရွက်နိုင်ခွင့် လွှဲအပ်ထားသူမဟုတ်ဘဲ စက်ပစ္စည်းများ ရောင်းချဖြန့်ဖြူးရန်သာတာဝန်ပေးထားသူဖြစ်ပါသည်။

ယခုအခါ ဆိုင်ရှိပစ္စည်းများနှင့်ငွေကို အလွဲသုံးစားပြုလုပ်နေသည်ဟု သိရှိရသဖြင့် မန်နေဂျာတာဝန်မှ ရပ်ဆိုင်းထားရပြီး စက်ပစ္စည်းအရောင်း Show Room ကိုလည်း ခေတ္တယာယီပိတ်ထားပြီး ကုမ္ပဏီနှင့်ဦးဘစိန်တို့ကြား လုပ်ငန်းတာဝန်များကို စစ်ဆေးစိစစ်လျက် လိုအပ်လျှင် ဥပဒေအရလည်းအရေးယူဆောင်ရွက်သွားရန် ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

မန်နေဂျာဦးဘစိန်အား ကုမ္ပဏီမှ အရောင်းမန်နေဂျာအဖြစ် ခန့်ထားတာဝန်ပေးသည်မှလွဲ၍ ကုမ္ပဏီပိုင်ပစ္စည်းများဖြစ်သည့် မန္တလေးရှိ Show Room-

ဦးဘစိန်နေထိုင်ရန် ပေးအပ်ထားသည့်-

မန္တလေးမြို့၊ (၈၂)လမ်း၊ (၂၆/၂၇)လမ်းကြား၊ အမှတ်(၁၀/F)အဆောက်အအုံနှင့် -

အသုံးပြုရန်ပေးအပ်ထားသည့် ၇င/၃၀၄၁ ဟွန်ဒိုင်းအမျိုးအစားယာဉ်တို့မှာ ကုမ္ပဏီပိုင်ပစ္စည်းများသာဖြစ်ကြောင်း-

ထို့အတူ ယနေ့ကြော်ငြာပါသည့်ရက် မတိုင်မီ သီးခြားကိစ္စများနှင့် နောက်ပိုင်း ဦးဘစိန်၏ ဆောင်ရွက်ချက်များမှာ ကုမ္ပဏီနှင့်သက်ဆိုင်ခြင်းမရှိ၍၊ တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

ကုမ္ပဏီပိုင်စက်ပစ္စည်းများကိုဝယ်ယူပြီး အကြွေးပေးဆပ်ရန် တာဝန်ရှိသူများအနေဖြင့်လည်း ကုမ္ပဏီရုံးချုပ်တည်ရှိရာ ရန်ကုန်လိပ်စာသို့ ဆက်သွယ်၍ ပေးသွင်းနိုင်ပါကြောင်း ကုမ္ပဏီ၏မိတ်ဆွေသင်္ဂဟများကိုလည်း ထပ်ဆင့်ကြေညာအပ်ပါသည်။

မန်နေဂျာ ဦးဘစိန်နှင့် သီးခြားကိစ္စများအား ဆောင်ရွက်ထားသူများကိုလည်း ကုမ္ပဏီနှင့်သက်ဆိုင်ခြင်းမရှိသဖြင့် မိမိတို့ဘာသာ ဖြေရှင်းဆောင်ရွက်သွားကြရန် အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာဦးဇော်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဆွေဦး	
တရားလွှတ်တော်ရှေ့နေ	**ဦးသိန်းနိုင် LL.B**
အမှတ် ၁၂၆၊ ပထမထပ်၊ ၃၈လမ်း၊	**အထက်တန်းရှေ့နေ**
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊	**စဉ်-၄၂၄၇၈**

ဖုန်း-၀၁-၃၈၁၀၄၄၊ ၀၉-၄၃၀၈၅၇၆၂၊ ၀၉-၄၂၀၁၃၀၇၇၂

ကြော်ငြာ

"မွေးနေ့မင်္ဂလာဆုတောင်း"

ဦးညီလှ (ရွှေပန်းထိမ်ဆရာကြီး) ၏

၁၃၇၆ ပြည့်နှစ် တပို့တွဲလပြည့်ကျော် (၄)ရက်တွင်ကျရောက်သော "(၈၆)နှစ်ပြည့်မွေးနေ့မင်္ဂလာ" ရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၂၀) တိုင်အောင်ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာနှင့်သာသနာ့အကျိုးကို ဆထက်ထမ်းပိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သား၊ သမီး ဦးဇော်ဝင်းမြင့် + ဒေါ်[illegible]

ချစ်မြေးများ [illegible]

[illegible]

[illegible]

[illegible]

[illegible]

လှိုက်လှဲစွာကျေးဇူးတင် ဂုဏ်ပြုခြင်း

